www.free4reader.com




စီးပွားရေးသတင်းဂျာနယ်


သင်းနှင့် ဝင်း ဆပ်ပြာလုပ်ငန်းက
ဦးအောင်သင်းနှင့် တွေ့ဆုံခြင်း
စာ-၈

အမှတ် ၆၁၉ | *The Modern Weekly* | ၂၉ ဇွန် ၂၀၁၈၊ သောကြာနေ့

# ဘဏ်နဲ့ စီးပွားရေး

စာ-၁၀,၁၁



အိမ်မှာနေရင်း
ခရီးသွားလက်မှတ်တွေ
အွန်လိုင်းကနေရောင်းရင်း
ဝင်ငွေရှာနိုင်


စာ-၄

တန်ဖိုးသင့်
တန်ဖိုးနည်းအိမ်ရာ
စီမံကိန်းတွေ
ရိုးမလန်း၊ ဖော်ဆောင်မည် စာ-၉



ကမ္ဘောဇဘဏ်ရဲ့
ပြည်တွင်းငွေလွှဲ
ဝန်ဆောင်မှု အဓိက
အပြောင်းအလဲများ



စာ-၂

ပဲပုပ်ကို စက်မှု
ကုန်ကြမ်းအဖြစ်
သုံးနိုင်အောင်
အဓိကစိုက်ပျိုးသင့်


စာ-၂၄

www.free4reader.com



# ကမ္ဘောဇဘဏ်ရဲ့ ပြည်တွင်းငွေလွှဲဝန်ဆောင်မှု အဓိက အပြောင်းအလဲများ

ရန်ကုန်၊ ဇွန် ၂၇ - မြန်မာနိုင်ငံရဲ့ပုဂ္ဂလိကဘဏ် တစ်ခုဖြစ်တဲ့ ကမ္ဘောဇဘဏ်လီမိတက်က သူ့ရဲ့ငွေလွှဲဝန်ဆောင်မှုအတွက် လက်ရှိသုံးစွဲနေတဲ့ဒစ်ဂျစ်တယ်နည်းစနစ်ကို အဆင့်မြှင့်တင် ပြောင်းလဲဆောင်ရွက်မှာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပါတယ်။

သုံးစွဲသူမိဘပြည်သူတွေအတွက် ပိုမိုအဆင့်မြင့်တဲ့ဒစ်ဂျစ်တယ်နည်းစနစ်ပြောင်းလဲတာအပါအဝင် ပိုမိုလွယ်ကူကောင်းမွန်တဲ့နည်းလမ်းတွေနဲ့ ပြည်တွင်းငွေလွှဲ တာတွေကို တိုးမြှင့်အလေးထားဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။

ကမ္ဘောဇဘဏ်ခွဲကောင်တာတွေမှာ ငွေလွှဲပို့မှုအနည်းဆုံးကောက်ခံတဲ့ ဝန်ဆောင်ခကို လာမယ့်ဇူလိုင်လ ၁ ရက်ကစတင်ပြီး မြန်မာကျပ်ငွေ ၅၀၀ ကို ပြောင်းလဲမှာဖြစ်ကြောင်း ကြေညာပါတယ်။ အခြားငွေလွှဲခနှုန်းထားတွေကတော့ အရင်အတိုင်းဖြစ်ပြီး အနိမ့်ဆုံးကောက်ခံတဲ့ဝန်ဆောင်ခသာ ပြောင်းလဲမှာဖြစ်တယ်။

ကမ္ဘောဇဘဏ်ရဲ့ Head of Domestic Remittance ဖြစ်သူ ဦးပိုင်မင်းက 'ပြည်တွင်းငွေလွှဲဝန်ဆောင်မှုနှုန်းထားတွေက လွန်ခဲ့တဲ့ ခုနစ်နှစ်အတွင်းမှာ ပြောင်းလဲမှုမရှိခဲ့ပါဘူး။ လက်ရှိနှုန်းထားတွေကလဲ ခေတ်နဲ့လျော်ညီတာမရှိတော့တဲ့အတွက် ဘဏ်အနေနဲ့ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေနိုင်ဖို့ အခုလိုပြင်ဆင်ရတာပါ' လို့ ပြောတယ်။

အဆင့်မြင့် KBZ iBanking ကို အသုံးပြုတဲ့အခြားသူတွေရဲ့ ကမ္ဘောဇဘဏ်အကောင့်ဆီကို ငွေလွှဲပေးပို့တဲ့ ဝန်ဆောင်ခ (internal transfer fees) တွေကို လာမယ့်ဇူလိုင်လ ၁ ရက်ကစတင်ပြီး အောက်ပါအတိုင်းပြောင်းလဲကောက်ခံမှာဖြစ်တယ်။ မိမိရဲ့ကိုယ်ပိုင်ဘဏ်အကောင့်တစ်ခုကနေ တစ်ခုဆီကို ငွေလွှဲခြင်း (own account transfer) အတွက် ငွေလွှဲခကောက်ခံတာ လုံးဝမရှိကြောင်း အသိပေးထားပါတယ်။ **အောင်ထွန်းဦး**



ကမ္ဘောဇဘဏ်ခွဲ တစ်ခုကို တွေ့ရစဉ်။

ပြောင်းလဲသတ်မှတ်သွားမည့် iBanking ရဲ့ ငွေလွှဲဝန်ဆောင်ခ

| ငွေလွှဲပမာဏ (တစ်ရက်လျှင်) | ငွေလွှဲဝန်ဆောင်ခ |
|---|---|
| မြန်မာကျပ်ငွေ သန်း ၂၀၀ အထိ (ကော်ပိုရိတ်) | ငွေလွှဲပမာဏ၏ ၀.၀၁၂၅ ရာခိုင်နှုန်း |
| မြန်မာကျပ်ငွေ သန်း ၂၀၀ အထက် (ကော်ပိုရိတ်) | ငွေလွှဲပမာဏ၏ ၀.၀၂၅ ရာခိုင်နှုန်း |
| မြန်မာကျပ်ငွေ သန်း ၃၀ အထိ (လက်လီ) *ဘဏ်ခွဲကောင်တာတွင် လွှဲငွေပမာဏကန့်သတ်မထားပါ။ | ငွေလွှဲပမာဏ၏ ၀.၀၂၅ ရာခိုင်နှုန်း (အနည်းဆုံး ၅၀၀ ကျပ်) |

# စီးတီးမတ်က နည်းပညာပိုင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်၊ ဈေးကွက်ဝေစု ပိုမိုရရှိဖို့ ဆောင်ရွက်

ရန်ကုန်၊ ဇွန် ၂၇- စီးပွားရေးလုပ်ငန်းသုံး ဆော့ဖ်ဝဲနည်းပညာ တီထွင်မှုမှာ ထိပ်တန်းဖြစ်တဲ့ VMware,Inc.(NYSE: VMW) က မြန်မာနိုင်ငံရဲ့ အကြီးဆုံး လက်လီစီးပွားရေးလုပ်ငန်းစုဖြစ်တဲ့ စီးတီးမတ်အတွက် VMware ရဲ့ cloud နည်းပညာဝန်ဆောင်မှုတွေ စုစည်းထားတဲ့ စနစ်တစ်ခုကို တပ်ဆင်ပေးခဲ့ပြီး ဝယ်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေရရှိစေခဲ့တာကြောင့် လက်လီစီးပွားရေးကဏ္ဍရဲ့ ရှေ့ဆောင်လမ်းပြသူအဖြစ် သိသာထင်ရှားစေခဲ့တယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။

စီးတီးမတ်ရဲ့ နည်းပညာအခြေခံအုတ်မြစ်ကို virtualize ပြုလုပ်ပြီး ဆော့ဖ်ဝဲတွေကတစ်ဆင့် လုပ်ဆောင်နိုင်ပြီဖြစ်တာကြောင့် လုပ်ငန်းလည်ပတ်မှုရပ်တန့်ချိန်မရှိတော့ဘဲ လိုအပ်ချက်အရ ထုတ်ကုန်အသစ်တွေ ထုတ်လုပ် ဖြန့်ချိရာမှာ လျှင်မြန်စွာဆောင်ရွက်နိုင်မှု တိုးမြှင့်လာပါတယ်။ ဝယ်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေ အပါအဝင် ဒုတိယနဲ့ တတိယဦးစားပေးမြို့ကြီးတွေကို လုပ်ငန်းချဲ့ထွင်ရာမှာလည်း အထောက်အကူဖြစ်စေနိုင်ခဲ့တယ်လို့ သိရပါတယ်။ စီးတီးမတ်ကလည်း လိုင်းခွဲကွန်ရက်ပေါင်း ၁၈၀ အတွက် ရာခိုင်နှုန်းပြည့်စာရင်းဇယားအသုံးချနိုင်မှု စွမ်းဆောင်ရည် ရရှိခဲ့တယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

'ဝယ်သူအရေအတွက် များပြားလာတာနဲ့အမျှ ကျွန်တော်တို့ ရဲ့ နည်းပညာအခြေခံအုတ်မြစ်ကို လဲ ကြီးမားလာတဲ့ လုပ်ငန်းလည်ပတ်မှုအရွယ်အစားနဲ့ပမာဏအလိုက် ထောက်ပံ့ပေးနိုင်အောင် အဆင့်မြှင့်တင်ဖို့ လိုအပ်လာပါတယ်၊ ဆော့ဖ်ဝဲအသုံးချ နည်းပညာအခြေခံအုတ်မြစ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုက်တာဟာ အရေးပါတဲ့ အကူးအပြောင်းတစ်ခုဖြစ်ပြီး ကျွန်တော်တို့ဝယ်သူတွေအတွက် ထူးခြားကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးစွမ်းနိုင်သလို အရှိန်အဟုန်နဲ့ တိုးတက်ဖို့ လိုအပ်တဲ့ စွမ်းအင်လည်းဖြစ်တာကြောင့် ပြန်ရနိုင်တဲ့ အကျိုးရလဒ်တွေက အများကြီးပါပဲ၊ VMware ရဲ့ cloud နည်းပညာအခြေခံအုတ်မြစ်ဝန်ဆောင်မှုတွေကို အသုံးပြုလိုက်တဲ့အတွက် လက်လီဈေးကွက်အတွင်း ကြုံတွေ့လာရမယ့် အတားအဆီးတွေကို ကျော်လွှားနိုင်မှာအသေအချာပါပဲ' လို့ City Mart Holdings ရဲ့ IT Head ဖြစ်သူ Arnel R. Reyes က ပြောခဲ့တာလို့ ထုတ်ပြန်ချက်မှာ ဖော်ပြချက်အရ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ စားသုံးသူကုန်စည်ဈေးကွက်မှာခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇.၅ ဘီလျံ၊ နိုင်ငံ့ဂျီဒီပီရဲ့ ၁၅ ရာခိုင်နှုန်းခန့် ရှိနေတာဖြစ်ပြီး ၂၀၁၇ -၂၀၁၈ ခုနှစ်မှာ သိသိသာသာ တိုးတက်လာနိုင်တယ်လို့ မျှော်မှန်းထားကြောင်း သိရပါတယ်။ တစ်ဟုန်ထိုးတိုးတက်လာမယ့် ပမာဏကို မျှော်မှန်းပြီး စီးတီးမတ်ကသူတို့တွေရဲ့ အကန့်အသတ်နဲ့ လုပ်ကိုင်နိုင်စွမ်းကို ကျော်လွှန်နိုင်ဖို့ cloud နည်းပညာအခြေခံအုတ်မြစ်ကို တည်ဆောက်ခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းစဉ်တစ်ခုလုံး အစအဆုံးထောက်ပံ့ပေးနိုင်တဲ့ VM-ware vRealize Suite နဲ့ VMware ရဲ့ အဆင့်မြင့် cloud အသုံးချမှုဆိုင်ရာ နည်းစနစ်တွေပါဝင်တဲ့ VMware VSphere ကို တပ်ဆင်အသုံးပြုတယ်လို့ သိရပါတယ်။ **လိမ္မာ**



www.free4reader.com





# ကိုယ်ပိုင်ဒီဇိုင်းအထည်တွေ အွန်လိုင်းမှာ ရောင်းချတော့မယ်ဆိုရင်

**ရန်ကုန်၊ ဇွန် ၂၆**–အခုနောက်ပိုင်းမှာဆိုရင် အွန်လိုင်းကနေအိမ်တွင်းမှုလုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့သူတွေအများအပြားရှိလာပြီး စက်ချုပ်တတ်တဲ့ သူတွေကလည်း အထည်တွေကို ကိုယ်ပိုင်ဒီဇိုင်းတွေ ထွင်ချုပ်ပြီး အွန်လိုင်းကနေ ရောင်းချလာတာတွေလည်းရှိပါတယ်။

သည်လိုရောင်းချမယ်ဆိုရင် သိထားသင့်တာတွေလည်း ရှိပါတယ်။

အွန်လိုင်းမှာ မြန်မာဝတ်စုံတွေကို ရောင်းချနေတဲ့ မခိုင်မာအောင်က 'အခုနောက်ပိုင်းမှာ လူတိုင်းက ဖေ့စ်ဘုတ်ခ်ကို သုံးလာကြတယ်၊ အဲဒီတော့ ကိုယ်လုပ်တတ်တဲ့အလုပ်လေးတွေကို အွန်လိုင်းကနေ လုပ်ပြီးရောင်းတာမျိုးတွေ ပြီးတော့ အိမ်ရှင်မတွေလည်း အိမ်ထဲမှာနေရင်းတစ်နိုင်တစ်ပိုင်အနေနဲ့ လုပ်ငန်းလေးတွေကို လုပ်ချင်တယ်ဆိုရင် အွန်လိုင်းကနေတစ်ဆင့် လုပ်တာတွေကတော့ တော်တော်ကိုများတယ်ဆိုတော့ တစ်နိုင်တစ်ပိုင် စက်ချုပ်တဲ့ သူတွေကျတော့ ကိုယ်ပိုင်ကိုယ့်စိတ်ကူးထဲ ဒီဇိုင်းလေးတွေကို ထွင်ပြီးအွန်လိုင်းမှာ ရောင်းတယ်ဆိုရင်ကျတော့ ပိုပြီး အဆင်ပြေကြတယ်ဆိုတော့စက်ချုပ်တတ်တဲ့သူတွေက အွန်လိုင်းကနေ ဒီဇိုင်းလေးတွေထွင်ပြီး ရောင်းကြတာတွေ များလာတာပေါ့'လို့ ပြောပါတယ်။

## ကိုယ်ပိုင်ဒီဇိုင်းကြိုးစားပါ

လတ်တလော အွန်လိုင်းမှာကတော့ ကိုယ်ပိုင်တံဆိပ်တွေနဲ့ ရောင်းချနေတာကတော့ နာမည်ကြီးတဲ့ဘရန်းတွေကို ကိုယ်ပိုင်တံဆိပ်တွေကိုယ်ပိုင်ဒီဇိုင်းတွေနဲ့ ရောင်းချတာတွေရှိပြီး တစ်နိုင်တစ်ပိုင်လုပ်တဲ့ သူတွေကကျတော့ နာမည်ကြီးပြီးပေါက်ပြီးသားဒီဇိုင်းတွေကို ပုံစံတူပြန်လည်ကူးယူပြီး ချုပ်လုပ်ရောင်းချနေတာ ဖြစ်တယ်လို့ သိရပါတယ်။ သည်လိုမျိုး ရောင်းချတာတွေကို လုပ်မယ့်သူတွေအနေနဲ့ ဆိုရင် သူများအောင်မြင်ပြီးသား ဒီဇိုင်းတွေကိုပုံစံတူပြုလုပ်ရောင်းချတာထက် ကိုယ်ပိုင်ဒီဇိုင်း ဖန်တီးမှုတွေ ပြုလုပ်ပြီး ရောင်းချမယ်ဆိုရင်တော့ ပိုပြီးအောင်မြင်နိုင်မှာ ဖြစ်တယ်လို့သိရပါတယ်။

'ဒီဇိုင်းတစ်ခုထွင်လို့ ပေါက်သွားပြီဆိုရင်လဲ အွန်လိုင်းသုံးသူတွေကတစ်ဆင့် ပေါက်သွားတာဆိုတော့ ကိုယ်ပိုင်ဒီဇိုင်းအသစ်လေးတွေထွင်ပြီး ရောင်းတယ်ဆိုရင် ကိုယ့်ဘရန်းကို ပိုပြီး လူသိနိုင်မှာပါ။ လက်ရာသေသပ်တယ် ချုပ်ရိုးချုပ်သားကောင်းတယ်ဆိုရင် ဝတ်တဲ့သူတွေလည်းအတော်အသင့်များလာနိုင်မယ်၊ အဲလိုဆိုတော့ ကိုယ်က အွန်လိုင်းကနေ ဘရန်းတစ်ခုအနေနဲ့ စတင်ဖောက်တော့မယ်ဆိုရင်တော့ ကိုယ်ပိုင်ဒီဇိုင်းများများလေးထွင်ပြီး သင့်တင့်တဲ့ဈေးနှုန်းလေးတစ်ခုနဲ့ ရောင်းမယ်ဆိုရင်ပိုပြီးအဆင်ပြေနိုင်မှာပါလို့ အွန်လိုင်းကနေ တစ်နိုင်တစ်ပိုင်အနေနဲ့ အထည်တွေကို ချုပ်လုပ်ရောင်းချနေတဲ့ မိုးမိုးဆွေက ပြောပါတယ်။

## စရိတ်သက်သာ

သည်လိုမျိုးအွန်လိုင်းကနေ ကိုယ်ပိုင်ဒီဇိုင်းအထည်တွေကို ထွင်ပြီးချုပ်လုပ်ရောင်းချတာက ကိုယ်တတ်ထားတဲ့ ပညာရပ်တစ်ခုနဲ့ လုပ်ကိုင်တာကြောင့် ကုန်ကျစရိတ်ကျတော့လည်း ငါးသိန်းတောင်မကျော်တဲ့နှုန်းထားတစ်ခုနဲ့ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

အိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်သလို ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို သင့်တင့်တဲ့နှုန်းထားတစ်ခုနဲ့ စတင်လုပ်ကိုင်နိုင်တာကြောင့် အိမ်ရှင်မတွေအတွက် လုပ်သင့်တဲ့လုပ်ငန်းတစ်ခုလည်းဖြစ်တယ်လို့ သိရပါတယ်။

အိမ်တွင်းမှုအတတ်ပညာတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ အွန်လိုင်းကနေ သင်ကြားတာတွေကိုပြုလုပ်နိုင်သလို သည်လိုမျိုး စက်ချုပ်ပညာတွေကို တတ်ထားတယ်ဆိုရင်လည်း အွန်လိုင်းကနေ ကိုယ်ပိုင်ထည်တွေကို ထွင်ပြီး ရောင်းချတာတွေက တစ်ဖက်တစ်လမ်းကနေ အိမ်စီးပွားရေးကို အထောက်အကူတွေပြုနိုင်မှာ ဖြစ်ပါတယ်။ သည်လိုရောင်းချတာတွေက ချုပ်တဲ့စက်တွေအပြင် ဒါးစက်တစ်လုံးနဲ့ ပိတ်စတွေသာ လိုအပ်တာကြောင့်လွယ်လွယ်ကူကူနဲ့ စတင်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး အရင်းနှီးနည်းတဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်တယ်လို့ သိရပါတယ်။

လိမ္မာ

# အွန်လိုင်းမှာ လေလံစနစ်တွေနဲ့ ရောင်းချတာတွေ ခေတ်စားနေပြန်

**ရန်ကုန်၊ ဇွန် ၂၇**–အွန်လိုင်းရှော့ပင်းရောင်းချတဲ့သူတွေကြားမှာ လေလံစနစ်နဲ့ ရောင်းချတာတွေ အခုချိန်မှာ ပြန်လည်လုပ်ကိုင်လာတာတွေ ခေတ်စားလာပြန်ပါပြီ။

လေလံစနစ်တွေ ကို ရောင်းချ တာကတော့ လိုက်ဗ်လွှင့်ပြီး ကြည့်ရှုနေတဲ့သူတွေက ရောင်းတဲ့သူတွေ တင်ထားတဲ့ ဈေးထက်ကို အများဆုံးပို့ပေးနိုင်တဲ့သူတွေကို ရောင်းချတာ ဖြစ်ပြီး ပစ္စည်းတစ်ခု ကို ၅၀၀ ကနေ စတိုးပြီး ရောင်းချတာ ဖြစ်တယ်လို့ သိရပါတယ်။အရင်တုန်းကတော့ ဂရု(ပ်)တွေ ထောင်ပြီး သည်လိုလေလံစနစ်တွေရောင်းချတဲ့ သူတွေ အများအပြား ရှိ တာဖြစ်ပြီး နောက်ပိုင်းမှာ မဲစနစ်တွေနဲ့ ရောင်းချလာတာတွေ ပါရှိတယ်လို့ သိရပါတယ်။ မဲစနစ်တွေ ဖြစ်လာတော့ သည်လေလံစနစ်နဲ့ ရောင်းချတာတွေ ပျောက်ကွယ်သွားတာ ဖြစ်တယ်လို့ သိရပါတယ်။

အွန်လိုင်းကနေ လေလံစနစ်တွေနဲ့ ပစ္စည်းတွေကိုရောင်းချနေတဲ့ မပြည့်စုံက 'လေလံစနစ်နဲ့ ရောင်းတာကကျတော့ အမြတ်လဲ တခြားပစ္စည်းတွေထက်ပိုရတယ်၊ အဲဒီလို ဆိုတော့ အစ်မကတော့ လေလံစနစ်နဲ့ ရောင်းတာကို ပိုပြီး သဘောကျတယ်။အစ်မရင်းတဲ့ ငွေထက် ပိုများတဲ့ အမြတ်ရတယ် ဆိုတော့ အစ်မကတော့ ပို့ခ အခမဲ့ အနေနဲ့ ပို့ပေးလိုက်တယ်၊ အမြတ် များများ မရတဲ့ ပစ္စည်းတွေကိုပို့ခယူပြီး ပို့ပေးတယ်၊ အဲဒီ လိုမျိုးတွေတော့ လုပ်တယ်၊ ကလေးပစ္စည်းတွေ၊ အမျိုးသမီးတွေအတွက် အဝတ်အထည်တွေ၊အိတ်တွေကိုလေလံစနစ်နဲ့ ရောင်းတယ်၊ တစ်ခုကို တစ်ခါလေလံတင်ရင် ၅၀၀ စီတိုးသွားတယ်။ အဲသည်လိုပုံစံမျိုးနဲ့ ရောင်းတာပါ'လို့ပြောပါတယ်။



လေလံစနစ်တွေနဲ့ ရောင်းတာ ကတော့ အွန်လိုင်းကနေ လိုက်ဗ်လွှင့်ပြီးရောင်းတဲ့အတွက် ကို ဘီလ်ကုန်တာတွေကတော့ သာမန်အွန်လိုင်း ရှော့ပင်းလုပ်တဲ့သူတွေထက်တော့ ပိုပြီးကုန်ကျနိုင်တာ ဖြစ်တယ်လို့ သိရပါတယ်။

အမြတ်မှာဆိုရင်လည်း ပစ္စည်းချင်းတူရင်တောင် လေလံတင်ပြီး ရောင်းတဲ့ ပစ္စည်းတွေက အမြတ်ပိုရနိုင်တာကြောင့် အခုနောက်ပိုင်းမှာ လေလံတင်ပြီးရောင်းချတာတွေက ပြန်လည် ခေတ်စား လာတာလို့ သိရပါတယ်။

လိမ္မာ

## ဝင်ငွေတိုး

### အိမ်မှာနေရင်း ခရီးသွားလက်မှတ်တွေ အွန်လိုင်းကနေ ရောင်းရင်း ဝင်ငွေရှာနိုင်

**ရန်ကုန်၊ ဇွန် ၂၇**– အိမ်ရှင်မတွေအနေနဲ့ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရနိုင်အောင် ခရီးသွားကားလက်မှတ်၊လေယာဉ်တွေကို အွန်လိုင်းကနေ ရောင်းချလို့နေပါတယ်။

သည်လုပ်ငန်းမှာဆိုရင် ခရီးစဉ် လက်မှတ်တွေကို ရောင်းချနေတဲ့ လုပ်ငန်းတွေကနေ သည်လိုမျိုးလက်မှတ်တွေကို ရာခိုင်နှုန်းတွေနဲ့ တစ်ဆင့်ပြန်လည်ယူပြီး ရောင်းချတာ ဖြစ်တယ်လို့ သိရပါတယ်။ တချို့သူတွေကဆိုရင် ခရီးသွားလုပ်ငန်းတွေက စီစဉ်ထားတဲ့ ခရီးစဉ်တွေပြန်လည်ယူပြီးရောင်းချတာမျိုးတွေကိုပါ လုပ်လာကြတာဖြစ်ပြီး ခရီးစဉ်မှာပါတဲ့နေထိုင်တာတွေ စားသောက်တာတွေကို ကအစ စီစဉ်ထားတဲ့ ခရီးစဉ်တွေကို ပြန်လည်ရောင်းချတာတွေပါ ရှိနေတာဖြစ်တယ်လို့သိရပါတယ်။

ကားလက်မှတ်တွေ ခရီးစဉ်တွေကို အွန်လိုင်းကနေ ရောင်းချပေးနေတဲ့ မဖြိုးက 'အစ်မကတော့ အရင်တုန်းက အွန်လိုင်းကနေ ကားလက်မှတ်ရောင်းတာကို ကျတော့ ကိုယ်လဲ ကျွမ်းကျင်တဲ့ လုပ်ငန်းတစ်ခု မဟုတ်တော့ သိပ်နားမလည်ဘူး၊ အဲတော့ စမ်းလုပ်ကြည့်မယ်လေဆိုပြီး လုပ်ကြည့်လိုက်တော့ တော်တော်ကို အဆင်ပြေတာကို တွေ့ရတယ်။ အစ်မတို့က လက်မှတ်တွေကို ယူထားစရာမလိုဘူး။ အော်ဒါကောက် ပေးတဲ့ သဘောတစ်ခုပဲ ဆိုတော့ အိမ်မှာနေရင်း အွန်လိုင်းသုံးရင်းဆိုရင်ကျတော့အဆင်ပြေတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ အစ်မတို့အတွက်လည်း အကျိုးအမြတ်ရတယ်ဆိုတော့ သည်အလုပ်ကို အိမ်မှာ နေရင်းလုပ်ဖို့ ဖြစ်လာတာပါ'လို့ ပြောပါတယ်။

တချို့တွေကတော့ ကိုယ်သွားမယ့် ခရီးစဉ်တွေ ရှိတယ်ဆိုရင် သွားချင်တဲ့ သူတွေအတွက်ကို အမြတ်တင်ပြီးမှာ ပေးတာမျိုးတွေ၊ ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ရာခိုင်နှုန်းယူပြီး လုပ်ကိုင်ပေးတာတွေ အမျိုးမျိုး ရှိတယ်လို့ သိရပါတယ်။ တချို့လက်မှတ်အရောင်းလုပ်ငန်းတွေကတော့ သူတို့တွေရဲ့ လက်မှတ်တွေရောင်းချနေတဲ့ ပေ့ချ်တွေမှာတစ်ဆင့်ပြန်လည်ယူပြီး ရောင်းနေတဲ့ သူတွေကို ထည့်ထားပြီး အော်ဒါကို လက်ခံကြတယ်လို့ သိရပါတယ်။သည်လိုမျိုး ခရီးသွားလက်မှတ်တွေကို ရောင်းပြီးတော့လဲ အွန်လိုင်းကနေ အိမ်မှာနေရင်း စီးပွားရေးကို လုပ်ကိုင်နိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

လိမ္မာ



www.free4reader.com



# မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး အွန်လိုင်းဂိမ်းပြိုင်ပွဲအတွက် အမ်ပီတီ အဓိက ကူညီပံ့ပိုးမည်

**ရန်ကုန်၊ ဇွန် ၂၇** – မြန်မာ့ဦးဆောင် ဆက်သွယ်ရေးအော်ပရေတာ အမ်ပီတီက မကြာမီစတင်တော့မယ့် e-game ပြိုင်ပွဲဖြစ်တဲ့ 'MOBILE LEGENDS: BANG BANG SOUTH EAST ASIA CUP 2018 MYANMAR MPT QUALIFIER' မှာ မိတ်ဖက်အဖြစ် ပါဝင်လာတယ်လို့ ၂၅ ရက်နေ့ထုတ် အမ်ပီတီရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

လူကြိုက်များပြီး လူအများစုပေါင်း ကစားနိုင်မယ့် အခမဲ့ ရယူနိုင်တဲ့ အွန်လိုင်းတိုက်ပွဲ (MOBA) ဂိမ်းကို မြန်မာနိုင်ငံက ကစားသမားတစ်သန်းကျော်က နေ့စဉ် ယှဉ်ပြိုင်ဆော့ကစားနေကြတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားပြုအသင်း ရွေးချယ်မယ့်ပွဲစဉ်ကို ခုနစ်ရက်ကြာကျင်းပသွားမှာဖြစ်ပြီး ပထမအဆင့် အွန်လိုင်းပွဲစဉ်တွေက ဇူလိုင်လ ၁ ရက်နေ့ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ဒေသတွင်း ချန်ပီယံပွဲစဉ်တွေကို ရန်ကုန်မြို့ ဂျန်းရှင်းစကွဲ ရှော့ပင်းမောလ်မှာ ဇူလိုင်လ ၇ ရက်နဲ့ ၈ ရက်နေ့မှာ ကျင်းပမှာဖြစ်ပြီး အမ်ပီတီ သုံးစွဲသူများအတွက် သီးသန့် အထူး ကံစမ်းမဲအစီအစဉ်ကို ဇွန်လ ၂၇ ရက်နေ့ကနေ ဇူလိုင် ၁၀ ရက်နေ့အတွင်း ကျင်းပသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ကံစမ်းမဲ အစီအစဉ်မှာ လူကြိုက်များတဲ့ Hero & Skin Bundle နဲ့ အခြားအမိုက်စား Bundle တွေအပါအဝင် ဂိမ်းအတွင်း အသုံးပြုနိုင်တဲ့ in-game voucher တွေကို ဆုလက်ဆောင်အဖြစ် အမ်ပီတီသုံးစွဲသူ ၄၀၀၀ ကျော်တို့အတွက် စီစဉ်ထားပြီး အမ်ပီတီ သုံးစွဲသူများအနေနဲ့ မှတ်ပုံတင်ဖို့ မလိုအပ်ဘဲ ပါဝင် ကံစမ်းခွင့်ရမှာ ဖြစ်တယ်လို့ သိရပါတယ်။ Code Shop မှာ ကျပ် ၅၀၀၀ နဲ့အထက် ပမာဏကို အသုံးပြုတဲ့ အကြိမ်တိုင်းအတွက် နေ့စဉ်ပေးအပ်တဲ့ ဆုမဲပေါင်း ၃၀၀ ကျော်ကို ကံစမ်းနိုင်မယ့် အခွင့်အရေးတစ်ကြိမ် ရရှိမှာဖြစ်တယ်။

MPT-KSGM Joint Operations ရဲ့ Chief Commercial Officer ဖြစ်တဲ့ Mr. Reizo Umeda က 'MPT ရဲ့ LTE+ လိုမြန်နှုန်းမြင့်ကွန်ရက်တွေ မြန်မာနိုင်ငံမှာ အသုံးပြုလာတာနဲ့အမျှ အထူးသဖြင့် မိုဘိုင်းလ်ဂိမ်းကစားခြင်းဟာ လူငယ်တွေအကြားမှာ ရေပန်းစားလာပါပြီ၊ နိုင်ငံအတွင်းက ဖွံ့ဖြိုးတိုးတက်လာတဲ့ အွန်လိုင်းဂိမ်းအဖွဲ့အစည်းတွေကို ထောက်ပံ့နိုင်ဖို့အတွက် မြန်မာနိုင်ငံထဲက အကြီးမားဆုံး e-gaming ယှဉ်ပြိုင်ပွဲကို အထောက်အပံ့ပေးနိုင်တဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်၊ ပြိုင်ပွဲဝင်တွေလဲ အခုလိုမျိုးပွဲကတစ်ဆင့် အောင်မြင်အောင် ကြိုးစားပြီး ဒီနှစ်နှောင်းပိုင်းမှာ ကျင်းပမယ့် နိုင်ငံတကာအဆင့်ပြိုင်ပွဲမှာ ကိုယ့်နိုင်ငံရဲ့အလံကို ဂုဏ်ယူဝံ့ကြွားစွာနဲ့ လွှင့်တင်နိုင်မယ့်နေရာတစ်နေရာ ရလာအောင် ကြိုးစားယှဉ်ပြိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ပြိုင်ပွဲဝင်တွေအတွက်တော့ ယှဉ်ပြိုင်ပွဲက စပါပြီ' လို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

Mobile Legends: Bang Bang ကို အိုင်အိုအက်စ်နဲ့ အန်းဒရွိုက်အသုံးပြုသူအားလုံး အခမဲ့ ဒေါင်းလုပ်ရယူပြီးကစားနိုင်မှာဖြစ်ပြီး အသေးစိတ် သိချင်သူတွေကတော့ ကောလ်စင်တာနံပါတ် ၁၀၆၊ သုံးစွဲသူ ဝန်ဆောင်မှုအဖွဲ့နံပါတ်များဖြစ်တဲ့ ၀၉-၄၅၅၅၀၀၄၄၀၊ ၀၉-၄၅၅၅၀၀၈၈၀ နဲ့ အမ်ပီတီ တရားဝင် ဖေ့စ်ဘုတ်ခ်စာမျက်နှာ www. facebook.com/mptofficialpage တွေမှာ စုံစမ်းနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

လိမ္မာ

# မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကွန်ရက်တွေ ပြောင်းလဲဖော်ဆောင်မှုကို ပံ့ပိုးကူညီဖို့ နိုကီယာ မိတ်ဆက်ဆွေးနွေး




Mobile World Congress 2018 အခမ်းအနားမှာ နိုကီယာက မိတ်ဆက်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

**ရန်ကုန်၊ ဇွန် ၂၆**– မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးအော်ပရေတာတွေအတွက် ပြောင်းလဲမှုတွေကို ပံ့ပိုးကူညီနိုင်ဖို့နိုကီယာအနေနဲ့အကောင်းဆုံးအနေအထားမှာရှိနေကြောင်းနဲ့ လုပ်ရိုးလုပ်စဉ်ဆက်သွယ်ရေး ဝန်ဆောင်မှုပေးအပ်သူတွေကနေ ဒီဂျစ်တယ်ဝန်ဆောင်မှုပေးအပ်သူအဖြစ် ပံ့ပိုးပေးနိုင်မှုတွေကို ဆွေးနွေးခဲ့ပြီး ပိုမိုအဆင့်မြင့်မားတဲ့ ဖိုက်ဂျီကွန်ရက်တွေ အစိတ်အပိုင်းတွေလုပ်ဆောင်ထားမှုကို Mobile World Congress 2018 မှာမိတ်ဆက်ဆွေးနွေးခဲ့တယ်လို့ နိုကီယာရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

Mobile World Congress 2018 အခမ်းအနားမှာနိုကီယာက ၂၀၁၉ ခုနှစ်မှာ 5G ကွန်ရက်တွေကို အပြည့်အဝ တပ်ဆင်ချိတ်ဆက်နိုင်ဖို့ မျှော်မှန်းချက်နဲ့ 5G နဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းကဏ္ဍရဲ့ အရှိန်အဟုန်တွေနဲ့ အဆင်သင့်ဖြစ်နေမှုတွေကို ပြသခဲ့တယ်လို့ သိရပါတယ်။ နိုကီယာအနေနဲ့ ကွန်ရက်ထိုးဖောက်မှု စွမ်းဆောင်ရည်အပြင် ကုန်ကျစရိတ်ပါ သက်သာစေတဲ့ 5G အတွက် Future X ကွန်ရက်ဗိသုကာဒီဇိုင်း၊ ကွန်ရက်တွေရဲ့ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုတွေကို စီမံခန့်ခွဲမှု၊ အော်ပရေတာတွေ အနေနဲ့ ရင်ဆိုင်ကိုင်တွယ်နိုင်ဖို့ ကူညီပေးတဲ့ဝန်ဆောင်မှုတွေ၊ နည်းပညာတွေ၊ တစ်အိမ်လုံး ဝိုင်ဖိုင်ဖြန့်ကြက်မှုတွေကို တိုးချဲ့လုပ်ဆောင်ပေးတာတွေ၊ 60 GHz ကျော်လွန်တဲ့ Fixed Wireless Access အတွက် ဂေဟာစနစ်ကျယ်ပြန့်လာစေဖို့ ဖေ့စ်ဘုတ်ခ်နဲ့ ပူးပေါင်းနေမှုစတဲ့ အကြောင်းအရာတွေကို နိုကီယာက မိတ်ဆက်ပြသပေးခဲ့တယ်လို့လည်း ထုတ်ပြန်ချက်အရသိရပါတယ်။

Nokia Myanmar ရဲ့ Country Officer ဖြစ်သူ Mr.Danabalan Amirthalingam က 'Mobile World Congress ၂၀၁၈ မှာ လာရောက်ကြည့်ရှုလေ့လာသူတွေဟာ နိုကီယာရဲ့ အယူအဆတွေဖြစ်တဲ့ ဒီဂျစ်တယ်မြို့တော်၊ ဒီဂျစ်တယ် အင်တာပရိုက်စ်၊ ဒီဂျစ်တယ်ကျန်းမာရေးနှင့် 5G စတာတွေကို တကယ့်ကိုစိတ်ဝင်စားကြပါတယ်။ Industry 4.0 ကိုဦးတည်တဲ့နိုင်ငံတော်ရဲ့ ပြောင်းလဲမှုအပေါ် ချိန်ညှိပြီး နိုကီယာကနေ မြန်မာ့ဆက်သွယ်ရေးအော်ပရေတာတွေအတွက် လုပ်ရိုးလုပ်စဉ် ဆက်သွယ်ရေးဝန်ဆောင်မှုပေးအပ်သူ (CSP-Traditional Communication Service Provider) မှ ဒီဂျစ်တယ်ဝန်ဆောင်မှုပေးအပ်သူ (DSP-Digital Communication Service Provider) အဖြစ် ပံ့ပိုးကူညီနိုင်ပုံကို ထူးခြားတဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ တစ်ခုတည်းသာရှိခြင်း၊ ပေါင်းစည်းထားသော စ–လယ်–ဆုံးကွန်ရက်နှင့် ဝန်ဆောင်မှုပေးအပ်နိုင်သော ကမ္ဘာပေါ်မှာ အဓိက ဝန်ဆောင်မှုပေးအပ်သူတစ်ဦးတည်း ဖြစ်လာစေဖို့ AI(Artifical Intelligence) နည်းပညာနဲ့ Machine Learning နည်းပညာတွေကို ပေါင်းစပ်တည်ဆောက်သွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံ ပြောင်းလဲဖော်ဆောင်မှုကို ပံ့ပိုးကူညီဖို့ အကောင်းဆုံး အနေထားမှာ ရှိနေတာ ဖြစ်ပါတယ်' လို့ ပြောကြားခဲ့ကြောင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

နိုကီယာဟာ ကမ္ဘာကြီးကို ပေါင်းကူးချိတ်ဆက်ဖို့ နည်းပညာတီထွင်ဖန်တီးပေးတာတွေ၊ Nokia Bell Labs စမ်းသပ်ခန်းတွေက စမ်းသပ်ချက်တွေနဲ့တီထွင်ဖန်တီးမှုတွေကတစ်ဆင့် နိုကီယာအနေနဲ့ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုတွေပေးအပ်သူတွေ၊ အစိုးရတွေ၊ အင်တာပရိုက်စ်ကြီးတွေ သုံးစွဲသူတွေကို စက်ပစ္စည်း၊ ဝန်ဆောင်မှုတွေနဲ့ လိုင်စင်တွေအတွက် စ–လယ်–ဆုံးပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတွေကို ပေးအပ်နေတယ်လို့ သိရပါတယ်။ နိုကီယာဟာ နည်းပညာဆိုင်ရာတွေကို ဖန်တီးရာမှာ လူမှုဝန်းကျင်အကျိုးပြုမှု၊ အရည်အသွေးကောင်းမွန်မှု၊ ဂုဏ်သိက္ခာရှိမှုတို့ကို စီးပွားရေးဆိုင်ရာ အမြင့်မားဆုံးသော ကျင့်ထုံးအဖြစ် လိုက်နာကျင့်သုံးနေတာလည်း ဖြစ်တယ်လို့ သိရပါတယ်။ နိုကီယာသည် 5G အခြေခံ အဆောက်အအုံ၊ Internet of Things (IoT) နဲ့ nokia.com မှတစ်ဆင့် လူသားများအတွေ့အကြုံကောင်းတွေကို ရရှိစေရန် အနာဂတ်ကို ပုံဖော်တဲ့နည်းပညာတွေ ပေးအပ်နေတာဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ရေးသားဖော်ပြထားပါတယ်။

လိမ္မာ

# နေပြည်တော်မှာ အသေးစားအလတ်စားလုပ်ငန်းအသင်း ဖွဲ့စည်း

**နေပြည်တော်၊ ဇွန် ၂၇** –နေပြည်တော်ရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ MSMEs (နေပြည်တော်)အသင်းကို ဖွဲ့စည်းတည်ထောင်ထားပြီး မကြာခင်မှာ လုပ်ငန်းအမျိုးအစား data basic ကောက်ယူပြီး လုပ်ငန်းစဉ်တွေချမှတ်ဆောင်ရွက်သွားမှာပါ။

MSMEs (နေပြည်တော်)အသင်းကို ဇူလိုင်လ ၁၂ ရက်နေ့က ဖွဲ့စည်းလိုက်တာဖြစ်ပြီးလက်ရှိမှာအသင်းသားဦးရေ ၄၀၀ ရှိပြီလို့ သိရပါတယ်။ အခုလိုအသင်းကြီးတစ်ခုတည်ထောင်ရတာက အသင်းသားတွေမှာ အဆင်မပြေတာတွေ၊ လိုအပ်နေတဲ့နည်းပညာတွေ၊ ချေးငွေရရှိဖို့ ဘာတွေလုပ်ထားရမယ်ဆိုတာတွေ စတဲ့လုပ်ငန်းရှင်တွေမှာ လိုအပ်နေတဲ့အရာတွေကို အသင်းသားအချင်းချင်းပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ဖြစ်တယ်လို့ သိရပါတယ်။

MSMEs (နေပြည်တော်)အသင်းမှ ဥက္ကဋ္ဌ ဦးနေလင်းထိုက်က 'SMEလုပ်ငန်းဆိုတာထက် SME လုပ်ငန်းစလုပ်တဲ့သူတွေမှာ ပြေလည်တဲ့သူတွေ ရှိတယ်၊ မပြေလည်တဲ့သူတွေ ရှိတယ်၊ မပြေလည်တာပြေလည်တာတွေကို ကျွန်တော်က ညှိနှိုင်းမယ်၊ စည်းလုံးပြီးတော့ ဖြေရှင်းချက်တွေ ထုတ်ရမယ်၊ အဓိကကတော့ solution ပေါ့၊ ဘာကြောင့်မဖြစ်နိုင်တာလဲဘာလို့မဖြစ်တာလဲ လိုအပ်တာတွေကို အဖက်ဖက်က တစ်ယောက်နဲ့တစ်ယောက် ပံ့ပိုးပြီးတော့ ဖေးမပြီးတော့ လုပ်ပေးဖို့ ရည်ရွယ်ထားပါတယ်' လို့ ပြောပါတယ်။

လက်ရှိမှာ အသင်းဖွဲ့စည်းပြီးတာ မကြာသေးတဲ့အတွက် လုပ်ဆောင်သွားမယ့်လုပ်ငန်းစဉ်တွေ ရှိပေမဲ့ နှစ်အလိုက် လုပ်ငန်းစီမံချက်တွေကိုတော့ data basic မှန်မှန်ကန်ကန်ကောက်ယူပြီးမှ ချမှတ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ နှစ်အလိုက်လုပ်ငန်းစဉ်တွေ ချမှတ်တဲ့အခါမှာလည်း ဘယ်လိုလုပ်ငန်းစဉ်တွေကိုဦးစားပေးဆောင်ရွက်မယ်ဆိုတဲ့အချက်တွေပါ ထည့်သွင်းသွားမယ်လို့ သိရပါတယ်။

'အဓိကကတော့ data basic ကအရေးကြီးပါတယ်၊ အဲဒီ data basic ရမှ ကျွန်တော်တို့ ဆက်လုပ်လို့ရမှာပါ၊ အဲဒီမှ ဘယ်လုပ်ငန်းကို ဦးစားပေးမယ်၊ ဘယ်လုပ်ငန်းကို အရင်လုပ်မယ်ဆိုတာသိမှာပါ' လို့ ဦးနေလင်းထိုက်က ပြောပါတယ်။

လက်ရှိအသင်းသား ၄၀၀ ထဲမှာ အသင်းဝင်အများစုက စိုက်ပျိုးရေးကိုအခြေခံတဲ့လုပ်ငန်းရှင်တွေအများဆုံးဖြစ်တယ်လို့ သိရပါတယ်။

မာရီနိုင်

www.free4reader.com



# ကမ္ဘာ့ဖလားအကြောင်းပြု တီဗီအဟောင်း အရောင်းအဝယ်ဖြစ်

ရန်ကုန်၊ ဇွန် ၂၇–ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပနေချိန်ကာလအတွင်းမှာ ရန်ကုန်မြို့ မြို့နယ်အချို့က အီလက်ထရွန်းနစ်(အဟောင်း) အရောင်းဆိုင်တွေမှာ တီဗီအဟောင်းအချို့ အရောင်းအဝယ်ဖြစ်နေပါတယ်။

အရင်က အရောင်းဆိုင်မဖွင့်ခဲ့တဲ့သူတွေတောင် ကမ္ဘာ့ဖလားပွဲကျင်းပခါနီးအချိန်မှ ဆိုင်ဖွင့်သူတွေရှိနေတယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံက အသုံးပြုပြီးသား တီဗီအဟောင်းတွေကိုသာ အဓိကတင်သွင်းရောင်းချနေကြတယ်လို့ဆိုပြီး တစ်သိန်းနဲ့ နှစ်သိန်းဝန်းကျင်တန် LCD/LED တီဗီတွေ အများဆုံး အရောင်းအဝယ်ဖြစ်နေကြတယ်လို့ အရောင်းဆိုင်ပိုင်ရှင်အချို့က ပြောပါတယ်။

တောင်ဒဂုံမြို့နယ်မှာ တီဗီအဟောင်းအရောင်းဆိုင်ဖွင့်ထားတဲ့ ဆိုင်ပိုင်ရှင်က 'ကျွန်တော်က ဒီကမ္ဘာ့ဖလားဘောလုံးပွဲချိန်မှ စရောင်းတာ၊ တစ်ရက်ကို နှစ်လုံးလောက်တော့ ရောင်းနေရပါတယ်၊ ဂျပန်သုံးပစ္စည်းပဲ အဓိကရောင်းတာ' လို့ ပြောပါတယ်။



အီလက်ထရွန်းနစ်(အဟောင်း) အရောင်းဆိုင်တွေမှာ တီဗီအဟောင်းအချို့ အရောင်းအဝယ် ဖြစ်နေပါတယ်။

လက်ရှိအရောင်းဝယ်ဖြစ်နေတဲ့ တံဆိပ်တွေက 220V Panasonic,Sony,Samsung, LG, Toshiba ဂျပန်ကျ အလုံးသန့် ၃၂လက်မဆိုက်တွေ ဖြစ်ပါတယ်။ သည်လိုဂျပန်နိုင်ငံသုံးအဟောင်းပစ္စည်းအရောင်းဆိုင်တွေမှာ ၁၉လက်မကနေ ၄၆လက်မ ဆိုက်အထိဝယ်ယူလို့ရတယ်။ အာမခံသုံးလကနေ ခြောက်လအထိ ပေးကြပါတယ်။

LCD တီဗီ ၂၂၀ ဗို့၊ ၁၉ လက်မကို ၅၀,၀၀၀ ကျပ်ကစပြီး ၄၆ လက်မ LED ၃၈၀,၀၀၀ ကျပ်အထိ ဈေးနှုန်းအမျိုးမျိုးနဲ့ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးတဲ့စနစ်နဲ့ ရောင်းချပေးတာလည်းရှိတယ်။

ဘောလုံးပွဲတွေလာတဲ့ အချိန်ကိုက်ပြီး ဆိုက်အကြီးလိုချင်သူတွေကိုလည်း အသေးနဲ့ အလဲအလှယ်လုပ်ပေးတဲ့ ဆိုင်တွေမှာလည်း အရောင်းဝယ်ဖြစ်နေတယ်လို့ မြောက်ဥက္ကလာပမှာအရောင်းဆိုင်ဖွင့်ထားတဲ့ ကိုစည်သူဟိန်းက ပြောပါတယ်။

သူက 'ဆိုင်မှာတော့ ပြည်တွင်းအသုံးပြုထားတဲ့အဟောင်းနဲ့ ဂျပန်နိုင်ငံသုံးအဟောင်းဆိုက်ကြီးတွေနဲ့ လာလဲတာလဲရှိတယ်၊ ၃၂ လက်မနဲ့ ၄၂လက်မဆိုက်တွေ ပိုရောင်းနေရတယ်' လို့ပြောပါတယ်။

ရပ်ကွက်အတွင်းက တီဗီပြင်ဆိုင်တွေမှာလည်း သည်ကာလအတွင်း အရောင်းအဝယ်တွေ ပြန်ရှိလာပြီး မော်ဒယ်နိမ့်တီဗီအလုံးတွေကတော့ ကျပ် ၃၀,၀၀၀ ကနေ ၅၀,၀၀၀ အထိ ရှိတယ်။ တီဗီအသစ်တွေကို အရစ်ကျနဲ့ဝယ်ယူထားတဲ့သူတွေဆီကနေမူရင်းဈေးထက် ၅၀,၀၀၀ ကနေ ၁၀၀,၀၀၀ အထိ လျှော့ဈေးနဲ့ အရောင်းအဝယ် ဖြစ်နေတာတွေလည်း ရှိနေပါတယ်။

**အေးအေးအောင်**

# ဟိုးအရင်က ရှိခဲ့တဲ့ မုန့်တွေ အွန်လိုင်းမှာ ပြန်ဝယ်လို့ ရနေပြီ

ရန်ကုန်၊ ဇွန် ၁၇–ဟိုအရင်တုန်းက ဈေးကွက်မှာ လူကြိုက်များပြီး ဈေးနှုန်းသင့်တင့်တဲ့ မုန့်တွေ ဖြစ်တဲ့ ခေါင်းအုံးမုန့်တွေ၊ ပုစွန်မုန့်တွေနဲ့ ပြောင်းဖူးမုန့်စတာတွေကိုအွန်လိုင်းမှာ ဝယ်ယူနိုင်ပြီလို့ သိရပါတယ်။

ဈေးကွက်မှာ အခုနောက်ပိုင်းမှာတော့ ခေါင်းအုံးမုန့်တွေ၊ ပုစွန်မုန့်တွေကို ထုပ်ပိုးတဲ့ ပုံစံအသစ်ဆန်းတွေ ပြုလုပ်ပြီးတော့ ရောင်းချလာကြသလို ထိုင်းနိုင်ငံက မုန့်မျိုးစုံ၊ တရုတ်နိုင်ငံကမုန့်မျိုးစုံစတဲ့ ပြည်ပကတင်သွင်းတဲ့ မုန့်မျိုးစုံကလည်း ဈေးကွက်မှာ နေရာတစ်ခုရပ်တည်နေပြီဖြစ်ပါတယ်။ တချို့တွေက ကျတော့ သည်လိုမျိုးမုန့်အသစ်အဆန်းတွေ ထွက်လာပြီဆိုရင် အားပေး ဝယ်ယူတတ်ကြတာဖြစ်ပြီး တချို့တွေကတော့ မူလ လက်ဟောင်းအရသာတွေကိုသာ ကြိုက်နှစ်သက်ကြတာ ဖြစ်တယ်လို့သိရပါတယ်။

အခုနောက်ပိုင်းအွန်လိုင်းမှာ အစားအသောက်တွေရောင်းချနေတဲ့ ပေ့ချ်တစ်ခုဖြစ်တဲ့ Healthy Market ဆိုတဲ့ ပေ့ချ်မှာတော့ သည်လို မူလ လက်ဟောင်း မုန့်တွေ အပြင် ဒေသထွက် ပစ္စည်းတွေကိုပါ ရောင်းချလာတာ ဖြစ်တယ်လို့ သိရပါတယ်။ ဟိုအရင် က ထွက်ခဲ့တဲ့ မုန့်တွေကို စားသုံးချင်တဲ့ သူတွေကတော့ သည်ပေ့ချ်ကို ဝင်ကြည့်လိုက်တယ်ဆိုရင် မူလလက်ဟောင်း မုန့်တွေအများအပြားကို တွေ့ရမှာဖြစ်ပါတယ်။ ဈေးနှုန်း ပိုင်းတွေကလည်း ပုစွန်မုန့်ဆိုရင် ၁၀ထုပ်ပါ အထုပ်ကြီးတစ်ထုပ်ကို ကျပ် ၇၀၀ လောက်သာ ရှိတာဖြစ်ပြီး ခေါင်းအုံးမုန့် ဆိုရင်တော့ ၁၀ ထုပ်ပါ တစ်ထုပ်ကို ကျပ် ၁၅၀၀ လောက် ကျသင့်မှာ ဖြစ်တယ်လို့ သိရပါတယ်။



မူလလက်ဟောင်း အရသာတွေကိုမှ ကြိုက်တဲ့သူတွေအတွက်ကတော့ သည်ပေ့ချ်မှာ ရောင်းနေတဲ့ ပစ္စည်းတွေက အကြိုက် တွေ့စေနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ ရန်ကုန်မြို့တွင်း နေရာတွေကို ပို့ဆောင်ခ အခမဲ့ အနေနဲ့ ပို့ဆောင်တာတွေကို ပြုလုပ်ပေးနေတာဖြစ်ပြီး တစ်ပတ်တစ်ခါအော်ဒါပိတ်ပြီးတာနဲ့ ပို့ဆောင်ပေးတယ်လို့သိရပါတယ်။

**လိမ္မာ**

# အယ်ရိုဆော့ဖ်ဖိနပ် ပုံစံတူတွေသာ ရောင်းနေရ

ရန်ကုန်၊ ဇွန် ၂၇ – ရန်ကုန်မြို့ရှိ ဖိနပ်အရောင်းအဝယ် ဈေးကွက်မှာ ယိုးဒယားနိုင်ငံ ထုတ် အယ်ရိုဆော့ဖ်(Aerosoft)ဖိနပ်တွေ ဈေးကွက်လိုအပ်ချက်အတိုင်း လိုသလောက်ဝယ်ယူလို့မရတာကြောင့် သူနဲ့ပုံစံတူ ယိုးဒယားဖိနပ်တွေသာ ရောင်းနေရတယ်လို့ ဖိနပ်အရောင်းဆိုင်အချို့ဆီက သိရပါတယ်။

အယ်ရိုဆော့ဖ်ဖိနပ်မှာ ရိုးရိုးညှပ်ဖိနပ်၊ ကြိုးသိုင်းနဲ့ ကွင်းစွပ်ဖိနပ်တွေဖြစ်ပြီး ဈေးနှုန်းက ကျပ် ၅၀၀ ကျော်ကနေ ကျပ် ၁၀,၀၀၀ ဝန်းကျင်အထိ ရှိနေပါတယ်။

သည်ဖိနပ်တွေမှာ အမျိုးသားစီး၊ အမျိုးသမီးစီးနဲ့ ကလေးစီး ဆိုပြီး ခွဲခြားထားပြီး အမျိုးသားစီးဖိနပ်တွေက ပိုရောင်းကောင်းနေတယ်လို့ ဗိုလ်ချုပ်ဈေးနဲ့ ၂၉ လမ်းမှာ လက်လီလက်ကားရောင်းချနေတဲ့ ဆိုင်ရှင်အချို့က ပြောပါတယ်။

**အေးအေးအောင်**

# မန်း ဆိုင်ကယ်ဈေးကွက် ဘီးဟောင်း အရောင်းအဝယ်ဖြစ်နေ

မန္တလေး၊ ဇွန် ၂၇ – မန္တလေးဆိုင်ကယ် အရောင်းအဝယ်ဈေးကွက်မှာ ဘီးအဟောင်းတွေကို ပြန်လည်ပြုပြင်ဒီဇိုင်းထွင်စီးနင်းမှုတွေ ရေပန်းစားနေတဲ့အတွက် ပစ်ထားတဲ့ဘီးဟောင်းတွေ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်၊

အင်ဂျင်ပါဝါ ၉၀ စီစီ၊ ၇၀ စီစီ ရှိတဲ့ ဘဲခေါင်းစိမ်း၊ ယူဒုတ်စတဲ့ မော်ဒယ်နိမ့် ဂျပန်ဘီးဟောင်းတွေထဲက အသုံးပြုလို့မရတဲ့ဘီးစုတ်တွေ၊ ဆူပါကပ်၊ စီဇက်အိုင်စတဲ့ တရုတ်ဘီးအစုတ်၊ အဟောင်းတွေကို အောက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တာဖြစ်ပါတယ်။



'အရောင်းအဝယ်ဖြစ်တာတော့ ခွက်ဝိုင်းပေါ့၊ ဘဲခေါင်းစိမ်းလေးတွေ၊ ယောက်ျားစီးဘီးတွေ၊ တရုတ်ဘီးထဲကလဲ လိုက်ဝယ်တာရှိပါတယ်၊ ပြန်ပြီးတော့ မော်ဒီဖိုင်းလုပ်ကြတာ' လို့ မန္တလေး ပုသိမ်ကြီးမြို့နယ်က ဘီးဟောင်းဝယ်ရောင်း ကိုကိုဦးက ပြောပါတယ်။

သူကဆက်ပြီး 'ဆင်ဖို့ ဘီးဟောင်းဝယ်ကြတယ်၊ ဆိုင်ကယ်ဖြစ်ပြီးရော၊ စီးရဖို့မလိုဘူး၊ အင်ဂျင်၊ ဖရိန်ပါရင်ကို ရပြီ၊ ဒါလေးတွေက ဈေးတန်းကတော့ သုံးလေးသောင်းကနေ လေးငါးခြောက်သိန်းလောက်ပဲ' လို့ ပြောပါတယ်။

ပြုပြင်ဒီဇိုင်းထွင်ပြီးဆိုင်ကယ်တစ်စီးကို ဈေးကွက်မှာ အသင့်ဝယ်ယူပါက ကျပ် နှစ်သိန်းကနေ ၁၅ သိန်းခန့်အထိ ကျသင့်ပြီးကိုယ်တိုင်စိတ်ကြိုက်ဒီဇိုင်းထွင်မယ်ဆိုပါက ဘီးဆင်မယ့်ဒီဇိုင်း၊ အသုံးပြုမယ့် ပစ္စည်းအမျိုးအစားကွာလတီပေါ်မူတည်ပြီး ဈေးနှုန်းအစားစား ရှိတယ်လို့ သိရပါတယ်။

**မိုးမြင့်ထွန်း**



# တန်ဖိုးသင့်တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွေ ရိုးမလန်းဒ် ဖော်ဆောင်မည်

ရန်ကုန်၊ ဇွန် ၂၇ - ပြည်သူတွေလိုအပ်ချက်တွေ ပြည့်ဆည်းနိုင်ဖို့ တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာတွေကို ရိုးမလန်းဒ်က ဆောင်ရွက်မှာဖြစ်ပါတယ်။

ပန်းလှိုင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာနဲ့ Yoma Central တွေပါဝင်ပါတယ်။ နောက်ပိုင်းမှာလည်းလူအများစုအတွက် အဆင်ပြေသင့်လျော်တဲ့အိမ်ရာတွေကို ကဏ္ဍစုံဈေးကွက်ကိုရောက်ရှိအောင် ချဲ့ထွင်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ရိုးမလန်းဒ်ရဲ့ မန်နေးဂျင်းဒါရိုက်တာ Mr.Cyrus Pun က ပြောပါတယ်။

'ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေစီးပွားရေးကိုသာ လုပ်ကိုင်မယ့် ကုမ္ပဏီတစ်ခု ဖွဲ့စည်းသွားခြင်းဖြင့် ပိုပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတွေပေးသွားမှာဖြစ်ပြီး အဲဒီကနေတစ်ဆင့် ဈေးကွက်အတွင်း အိမ်ခြံမြေကဏ္ဍတိုင်းမှာ ထိပ်ဆုံးက ဦးဆောင်နိုင်ရန်ဖြစ်တယ်၊ အဲဒီလို ပြုလုပ်ရတာက စီးပွားရေးစပြီး ဖွံ့ဖြိုးလာတာနဲ့ အမျှ ပြည်သူတွေ ဝင်ငွေတိုးတက်လာခြင်း၊ ဘဏ်လုပ်ခြင်းကဏ္ဍရဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် အိမ်ဝယ်ယူခြင်းတွေ ချေးငွေပိုရရှိလာနိုင်တာတွေ စတဲ့အချက်တွေအပေါ် အခြေခံထားခြင်း' လို့လည်း ပြောပါတယ်။

အဆင့်မြင့်စီမံကိန်းတွေအနေနဲ့ ပန်းလှိုင်အိမ်ရာရှိအဆင့်မြင့် လုံးချင်းအိမ်ရာတွေကို မိတ်ဆက်သွားမှာဖြစ်ပြီး မတ်လက အရောင်းစတဲ့ Peninsula Residences Yangon စီမံကိန်းတွေနဲ့ ရိုးမလန်းဒ်ဟာ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးသွားမယ့် အပြင် အဆင့်မြင့် အိမ်ခြံမြေဈေးကွက်ကိုလည်း ဦးဆောင်နေပါတယ်။

ရိုးမလန်းဒ်ရဲ့ လက်ရှိစီမံကိန်းတွေမှာ ပန်းလှိုင်၊ ကြယ်စင်အိမ်ရာ၊ Yoma Central နဲ့ The Peninsula Yangon ဖြစ်ပါတယ်။

ပန်းလှိုင်အိမ်ရာစီမံကိန်းမှာ ၂၀၀၀ ပြည့်နှစ်မှာစဖွင့်လှစ်ခဲ့ပြီး လှိုင်သာယာမြို့နယ်၊ လှိုင်မြစ်နဲ့ ပန်းလှိုင်မြစ်ကမ်းပေါ်တည်ရှိပြီး ဧကပေါင်း ၆၀၀ကျော် ကျယ်ဝန်းပါတယ်။ ပန်းလှိုင်အိမ်ရာမှာ ၁၈ကျင်းပါ Gary Player ရဲ့ အထင်ကရ ဂေါက်ကွင်းတစ်ဝိုက်မှာ အဆင့်မြင့် လုံးချင်းအိမ်တွေနဲ့ တိုက်ခန်းတွေကို ဆောက်လုပ်ထားပြီး အခြားဝန်ဆောင်မှုအနေနဲ့ အားကစားဆိုင်ရာဝန်ဆောင်မှုတွေနဲ့ Country Club တို့ ပါရှိပါတယ်။

ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့ ပန်းလှိုင်အိမ်ရာမှာ ရန်ကုန်မြို့ရဲ့ စီမံခန့်ခွဲမှု အကောင်းဆုံးနဲ့ အဆင့်အမြင့်ဆုံး အိမ်ရာအဖြစ် သတ်မှတ်ခံရပါတယ်။ အဓိက အင်္ဂါရပ်တွေအနေနဲ့ Dulwich College Yangon အပြည်ပြည်ဆိုင်ရာကျောင်းနဲ့ ပန်းလှိုင် စီလုံ ဆေးရုံတို့လည်းပါဝင်ပါတယ်။ ပန်းလှိုင်အိမ်ရာအနေနဲ့ Property Guru Myanmar အိမ်ခြံမြေဆုပေးပွဲမှာ ဆုတံဆိပ်ပေါင်းများစွာဆွတ်ခူးရရှိခဲ့တဲ့အနက် ၂၀၁၇ ခုနှစ်မှာ Best Landscape Design နဲ့ ၂၀၁၆ခုနှစ်မှာ Lotus Hill စီမံကိန်းအတွက် Best Housing Development ဆုရရှိခဲ့ပါတယ်။

## သန်လျင်ဘက်မှာ

ပဲခူးမြစ်ကမ်းပါးတစ်လျှောက်နဲ့ သန်လျင်မြို့နယ်မှာ တည်ရှိတဲ့ ကြယ်စင်အိမ်ရာမှာ ၁၃၇၈ဧက ကျယ်ဝန်းပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း တစ်ခုတည်း အကြီးဆုံးအိမ်ရာစီမံကိန်းတစ်ခုဖြစ်ပါတယ်။ ကြယ်စင်အိမ်ရာကို အဆင့်လိုက် တည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ပြီးစီးချိန်မှာ အိမ်ခန်းပေါင်း ၁၀,၀၀၀ ခန့်နဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ဧရိယာစတုရန်းပေ ၁.၇သန်းအထိ ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။

ကြယ်စင်အိမ်ရာမှာ မြန်မာနိုင်ငံရှိ အကြီးဆုံးအပြည်ပြည်ဆိုင်ရာကောလိပ်ကျောင်းဖြစ်တဲ့ Star City Dulwich College လည်း ရှိပါတယ်။ ၂၀၁၅ခုနှစ်မှာ Star City ဟာ Property Guru Myanmar အိမ်ခြံမြေဆုပေးပွဲမှာ Best Landscape Architecture Design ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။

၂၀၁၈ခုနှစ် မတ်လ ၃၁ရက်နေ့မှာ အချက်အလက်တွေအရ ကုမ္ပဏီအုပ်စုမှာ ကြယ်စင်အိမ်ရာဇုန် (A)နဲ့ ဇုန် (B) တို့ရှိ လူနေအိမ်ခန်းပေါင်း ၂၀၀၀ကျော်ကို ရောင်းချခဲ့ပြီး ဖြစ်ပါတယ်။ အဆင့်လိုက် တည်ဆောက်မှုမှာ တတိယအဆင့် ဆောက်လုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ ဂလက်ဇီတာဝါ (Galaxy Tower)မှာ တာဝါခြောက်ခုရှိပြီး လူနေအိမ်ခန်းပေါင်း ၁၀၃၈ခန်း ပါရှိမှာဖြစ်ပါတယ်။

## Yoma Central နဲ့ The Peninsula Yangon

စုစုပေါင်းကြမ်းခင်း ဧရိယာ ၂.၄၄ စတုရန်းမီတာရှိတဲ့ Yoma Central ဟာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေတဲ့ စုပေါင်းအိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု ဖြစ်ပါတယ်။ နာမည်ကျော်ဗိသုကာပညာရှင် Cecil Balmond OBE က ဒီဇိုင်းရေးဆွဲထားပြီး စီမံကိန်းမှာ Peninsula အမှတ်တံဆိပ် ဇိမ်ခံလူနေအိမ်ခန်းတွေပါဝင်ပြီး ဖိတ်ကြားခံရတဲ့သူတွေသာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Grade A ရုံးခန်းတာဝါနှစ်လုံး၊ စီးပွားရေးဟိုတယ်တစ်ခုနဲ့ ဝန်ဆောင်မှုအပြည့်ပေးတဲ့ လူနေအိမ်ခန်းတွေပါဝင်မှာဖြစ်ပြီးတော့ အဆောက်အအုံရဲ့ အခြေတွေကို ဈေးဝယ်စင်တာတွေနဲ့ ချိတ်ဆက် ထားမှာဖြစ်ပါတယ်။ စီမံကိန်းနေရာရှိ ယခင်မီးရထားရုံးချုပ်ဟောင်းကို The Peninsula Yangon အမည်ရခေတ်မီဇိမ်ခံ ဟိုတယ်အဖြစ် ပြုပြင်တည်ဆောက်သွားမှာဖြစ်ပြီး အဲသည်ဟိုတယ်မှာ ဝန်ဆောင်မှုကဏ္ဍရဲ့ အဆင့်ကို မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်'

'၂၀၁၈မကုန်ခင်မှာ စီမံကိန်းတစ်ခုကို မိတ်ဆက်ပေးမှာဖြစ်ပါတယ်၊ နောက်ပိုင်းမှာဆိုရင်လဲ ပိုပြီးဈေးသက်သာတဲ့ စီမံကိန်းတွေထပ်ပြီး ဖော်ဆောင်မယ်၊ သူ့အနေနဲ့ ပထမမှာ လူတွေအကုန်လုံးဝယ်နိုင်အောင် လုပ်ပေးနိုင်မှာမဟုတ်ပေမဲ့ လုပ်နေတာထက် တန်ဖိုးသင့် အိမ်ရာတွေနဲ့ Payment စနစ်တွေကို လုပ်ဆောင်ပေးပြီးတော့ တဖြည်းဖြည်းနဲ့ များပြားတဲ့ လူထုတွေ အိမ်ဝယ်လာနိုင်အောင် ကြိုးစားမယ်' လို့ ရိုးမလန်းဒ် မန်နေးဂျင်းဒါရိုက်တာ Mr.Cyrus Pun က ပြောပါတယ်။

## လေ့လာနေတယ်

ဈေးကွက်ထဲမှာဆိုရင် ဘယ်လိုလူတွေက ဘယ်လိုအရစ်ကျမှ အဆင်ပြေပေးသွင်းနိုင်မလဲဆိုတာ လေ့လာကြည့်နေပါတယ်။ ဘယ်လိုလူမျိုးတွေ အိမ်တွေ လိုအပ်တယ်။ ဘယ်လိုပုံစံတွေကြိုက်တယ်။ သူတို့လိုအပ်တဲ့အိမ်တွေကိုလည်း လုပ်ဆောင်နေပါတယ်လို့ ပြောပါတယ်။

လုပ်ငန်းလည်ပတ်မှုရှုထောင့်အရ Yoma Land ဟာ လက်ရှိ အားသာချက်တွေ၊ စီမံကိန်းအရင်းအမြစ်တွေနဲ့ ဆောက်လုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတွေ -

> 'မတ်လက အရောင်းစတဲ့ Peninsula Residences Yangon စီမံကိန်းတွေနဲ့ ရိုးမလန်းဒ်ဟာ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးသွားမယ့်အပြင် အဆင့်မြင့် အိမ်ခြံမြေဈေးကွက်ကိုလည်း ဦးဆောင်နေပါတယ်'

ကို အခြေခံပြီး ဆက်ပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းအစိတ်အပိုင်းရဲ့ အများစုကို ကိုယ်တိုင်လုပ်ဆောင်သွားနိုင်မှာဖြစ်တဲ့အတွက် ပြင်ပက ငှားရမ်းလုပ်ဆောင်မှုတွေကို လျှော့ချလာနိုင်မယ်။ ရလဒ်အနေနဲ့လည်း ကုန်ကျစရိတ်တွေ သက်သာလာမယ့်အပြင် ကိုယ်ပိုင်စွမ်းဆောင်ရည်လည်း တိုးတက်လာမှာဖြစ်တယ်။ Modular Construction နဲ့ Prefabrication စတဲ့ နည်းပညာတွေကို အသုံးပြုခြင်းနဲ့ စက်မှုစွမ်းအင်တွေနဲ့ ထုတ်လုပ်မှုအပိုင်းအချို့ကို လုပ်ဆောင်သွားမှာဖြစ်တာကြောင့် စွမ်းဆောင်ရည် ထပ်မံပြီးမြင့်တက်လာမှာ ဖြစ်ပါတယ်။

ရိုးမမဟာဗျူဟာဦးပိုင်လီမိတက် Yoma Strategic သို့မဟုတ် သူ့ရဲ့ ကုမ္ပဏီကိုစုပေါင်းပြီးကုမ္ပဏီအုပ်စုနဲ့ First Myanmar Investment Co., Ltd (FMI) တို့က ရိုးမလန်းဒ်ဖွဲ့စည်းလိုက်ခြင်းအတွက် ကျင်းပခဲ့ပါတယ်။ ရိုးမလန်းဒ် အမည်ရတဲ့ အမှတ်တံဆိပ်အောက်မှာ စိတ်လှုပ်ရှားဖွယ် အိမ်ခြံမြေစီမံကိန်းပန်းလှိုင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာနဲ့ Yoma Central တို့ပါဝင်ပြီး မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေကဏ္ဍခေတ်မီဖွံ့ဖြိုးလာအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

အိမ်ခြံမြေစီးပွားရေးလုပ်ငန်းတွေကို ရိုးမလန်းဒ်မှာ ထားရှိမှာဖြစ်ပြီး ဖောက်သည်တွေအနေနဲ့ အိမ်ခြံမြေစီးပွားရေးကိုသာ ဦးစိုက် လုပ်ဆောင်မယ့် သူအဖြစ် လည်းကောင်း၊ ဝန်ဆောင်မှုအပိုင်းကို အထူးပြုပြီး လူ့အသိုင်းအဝိုင်း တည်ဆောက်သူအဖြစ် သတ်မှတ်လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စီမံကိန်း အကြောင်းကို ပိုပြီး သိရှိလာနိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပြည်သူတွေအတွက် ပိုပြီးအကျိုးရှိစေမှာ ဖြစ်တယ်လို့ သိရပါတယ်။

မေသက်

www.free4reader.com





ဗဟိုဘဏ်နဲ့ဘဏ်တွေအားလုံး ချိတ်ဆက်နိုင်တဲ့ အိုင်တီပိုင်းမှာ ခေတ်နောက်ကျနေတာတွေ အမြန်ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေတယ်။

စာမျက်နှာ ၁၀ မှ အဆက်

လောကမှာ စီးပွားရေးက နေးနေတယ်။ ကုန်သည်စက်မှုအသင်းချုပ် – UMFCCI က စီးပွားရေးနဲ့ ပတ်သက်ပြီး သုတေသနလုပ်တယ်။ ပြီးခဲ့တဲ့နှစ်ကထက်စာရင် စီးပွားရေးကောင်းတယ်လို့ ပြောတဲ့သူနည်းသွားတယ်။ ဒါပေမဲ့ စီးပွားရေး မကောင်း မဆိုးလို့ပြောတဲ့သူတွေက အရင်အတိုင်းပါပဲ။ အရင်က ၆၀ ရာခိုင်နှုန်းရှိရင် အခုလည်း ၆၀ ရာခိုင်နှုန်းပဲ။ အဲဒါကို မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ပိုဆိုးလာတယ်လို့ ကောက်ချက်ချပါတယ်။ ဒါက လေ့လာမှုအရပါ။ အလယ်မှာ ကောင်းလည်း မကောင်း၊ ဆိုးလည်းမဆိုးလို့ပြောတဲ့ လူတန်းစားက ပိုများနေတယ်ဆိုတာ သတိပြုရပါမယ်။

စီးပွားရေးသမားအကြီးတွေကတော့ အလုပ်လုပ်လို့မရဘူး ကျတယ်လို့ပြောကြတာများပါတယ်။ ဘဏ်ဆိုတာကတော့ စီးပွားရေးလုပ်ငန်းကြီးထဲမှာပါတယ်။ အဲဒါကြောင့် ဘဏ်တော်တော်များများကတော့ စီးပွားရေးမကောင်းဘူးလို့ ပြောမှာပါ။ စီးပွားရေးမကောင်းဘူးဆိုတဲ့ အပေါ်အုပ်စုထဲမှာပါတဲ့အတွက် ဘဏ်တွေကလည်း စီးပွားရေးမကောင်းပါဘူး။ အရင်လို အမြတ်များများမရတာ၊ အမြတ်ရတာ နည်းသွားတာပဲ ရှိပါတယ်။ ဘဏ်လောကတစ်ခုလုံး ကြုံတွေ့နေရတာဖြစ်ပြီး ဘဏ်တွေပြိုကျသွားတဲ့အထိတော့ မဖြစ်နိုင်ပါဘူးလို့ ဦးရဲမင်းဦးက ဆိုပါတယ်။

## အတိုးနှုန်းလျှော့ချရင်

ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌလည်းဖြစ်၊ လုပ်ငန်းရှင် တစ်ယောက်လည်းဖြစ်တဲ့ ဦးအေးသောင်းကတော့ 'ဘဏ်အပ်နှံငွေရဲ့အတိုးနှုန်းတွေ လျှော့ချတာကို ကြိုဆိုတယ်၊ ဂျပန်မှာဆိုရင် ကိုယ့်ပိုက်ဆံသွားအပ်နှံရင် အတိုးမရတဲ့အပြင် ကိုယ်က ပြန်ပေးရတယ်၊ ပြည်တွင်းမှာတော့ ကိုယ့်ပိုက်ဆံများများ ဘဏ်မှာအပ်ထားရင် အတိုးနဲ့စားလောက်တဲ့အနေအထား ဖြစ်နေတယ်၊ အဲဒီရင်းနှီးငွေနဲ့လုပ်ငန်းလုပ်ဖို့ မစဉ်းစားတော့ရင် တိုင်းပြည်က ဘယ်လိုတိုးတက်တော့မလဲ' လို့ ပြောပါတယ်။

သူက အပြင်မှာ အဲသည်ငွေနဲ့ အလုပ်လုပ်ရင် ဘဏ်တိုးထက် ပိုရပါတယ်။ တကယ့်အငြိမ်းစားဆိုတာတွေကလည်း ဘဏ်မှာ ငွေအပ်နှံနိုင်တာမရှိပါဘူး။ လက်ချိုးရေတွက်လို့ရတဲ့အနေအထားပါ။ တကယ်ချမ်းသာတဲ့ သူဌေးကြီးတွေပဲ ဘဏ်မှာ ငွေအပ်ထားပြီး အတိုးစဲ့စားနေတာပါ။ နိုင်ငံတကာမှာ အတိုးတွေ ဘယ်လောက်ပေးလဲဆိုတာ သိတဲ့သူများပါတယ်။ အဲသည်လို လိုက်ပါပြောင်းလဲဖို့ လိုအပ်နေပါပြီလို့ ဆိုတယ်။

အိမ်နီးချင်းနိုင်ငံတွေ ပြန်ကြည့်ရင် မြန်မာနိုင်ငံထက် အတိုးနှုန်းနည်းတယ်။ အဓိကကတော့ ချေးငွေအပေါ်မှာ ကောက်ခံတဲ့အတိုးနှုန်းပါ။ ပြည်တွင်းမှာ လက်ရှိ ၁၃ ရာခိုင်နှုန်း အတိုးနှုန်းရှိပြီး အိမ်နီးချင်းနိုင်ငံတွေမှာ လေးရာခိုင်နှုန်း၊ ငါးရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းအထိပဲရှိတယ်။ အတိုးနှုန်းနည်းတော့ ထုတ်လုပ်တဲ့ စရိတ်နည်းတယ်။ အဲသည်တော့ နိုင်ငံခြားကို ဈေးသက်သက်သာသာနဲ့ တင်ပို့နိုင်တယ်။ အထူးသဖြင့် ပြည်တွင်းမှာ စရိတ်ကြီးကြီးနဲ့ ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတွေကို ယှဉ်နိုင်သွားပါတယ်။ အတိုးနှုန်းမြင့်ရင် စရိတ်ကမြင့်ပါတယ်။ အဲဒါကြောင့် ပြည်တွင်းက လုပ်ငန်းရှင်တွေဟာ အိမ်နီးချင်းနိုင်ငံတွေက ဝင်လာတဲ့သွင်းကုန်တွေကို မယှဉ်နိုင်ကြပါဘူး။ ဒါကြောင့် ပြည်တွင်းက လုပ်ငန်းရှင်တွေက ချေးငွေအတိုးနှုန်းကို လျှော့ချပေးဖို့ တောင်းဆိုနေကြတာပါ။

## နည်းပညာ

မိုက်ခရိုဆော့ဖ်အနေနဲ့ ပြည်တွင်းမှာရှိတဲ့ဘဏ်တွေကို ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းဖို့ အထောက်အပံ့ပေးမယ်လို့ ပြီးခဲ့တဲ့ ဧပြီလက နိုဗိုတယ်ရန်ကုန်မှာပြုလုပ်တဲ့ ဒစ်ဂျစ်တယ်ခေတ် ဘဏ်လုပ်ငန်းစုံညီစုဝေးပွဲမှာ ပြောကြားပါတယ်။ အဲသည်ပွဲမှာ ရိုးမဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ AGD ဘဏ်နဲ့ အခြားဘဏ်က အလုပ်အမှုဆောင်တွေ တက်ရောက်ပြီး ဘဏ်စနစ်ကို နည်းပညာအသစ်တွေနဲ့ ပြောင်းလဲဖို့ ဆွေးနွေးခဲ့ကြပါတယ်။

ရိုးမဘဏ်အနေနဲ့ ဝန်ထမ်း ၃၀၀၀ ကျော်တို့အတွက် မိုက်ခရိုဆော့ဖ်ရဲ့ Office 365 နည်းပညာကို အသုံးပြုပြီး Cloud ပေါ်မှာ စာရွက်စာတမ်းတွေ လုံခြုံအောင် သိမ်းဆည်းနိုင်ပြီဖြစ်တယ်။ Outlook ကို အသုံးပြုတဲ့လုပ်ငန်းသုံး အဆင့် အီးမေးလ်က ဝန်ထမ်းတွေကို သူတို့ရဲ့စမတ်ဖုန်းတွေနဲ့ ကွန်ပျူတာနှစ်မျိုးစလုံးမှာ အီးမေးလ်ကို အလိုအလျောက် စခရိုနိုက်ဇ်ပေါင်းစည်းအသုံးပြုစေနိုင်ခဲ့တာဖြစ်တဲ့အတွက် အဖွဲ့အစည်းကြီးရဲ့ မတူညီတဲ့အပိုင်းတွေမှာ ဝန်ထမ်းတွေအကြား အပြန်အလှန်ဆက်သွယ်မှုပိုကောင်းလာစေပြီး အဖွဲ့လိုက် စီမံကိန်းတွေအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုပြီး အားကောင်းစေပါတယ်။

> 'စီးပွားရေးသမားကြီးတွေကတော့ အလုပ်လုပ်လို့မရဘူး ကျတယ်လို့ ပြောကြတာများပါတယ်၊ ဘဏ်ဆိုတာကတော့ စီးပွားရေး လုပ်ငန်းကြီးထဲမှာ ပါတယ်၊ အဲဒါကြောင့် ဘဏ် တော်တော် များများကတော့ စီးပွားရေး မကောင်းဘူးလို့ ပြောမှာပါ'

'ဗဟိုဘဏ်နဲ့ဘဏ်တွေ အားလုံးချိတ်ဆက်နိုင်တဲ့အိုင်တီပိုင်းမှာ ခေတ်နောက်ကျနေတာတွေ အမြန်ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေတယ်၊ ငွေစက္ကူထုပ်တွေနဲ့ သွားလာနေရတာတွေက အန္တရာယ်ကို ဖိတ်ခေါ်နေပါတယ်၊ နောက်တစ်ချက်က ကျွန်တော်တို့လုပ်ငန်းရှင်တွေရယ်၊ ဘဏ်တွေရယ်၊ ဗဟိုဘဏ်ရယ် တွေ့ဆုံညှိနှိုင်းကြပြီး အခက်အခဲအကျပ်အတည်းတွေကို ကျော်ဖြတ်ကြဖို့ကိုလဲ တိုက်တွန်းပါတယ်' လို့ ဦးအေးသောင်းက ပြောပါတယ်။

အောင်ထွန်းဦး

# မုံရွာဆီစက်အချို့ လည်အားကျ၊ အချို့ ရပ်ထားရ

မုံရွာ၊ ဇွန် ၂၇ - ဈေးချိုတဲ့ စားအုန်းဆီအသုံးများလာတာကြောင့် မုံရွာဆီစက်ပိုင်ရှင်တော်တော်များများ ရပ်နားထားကြပါတယ်။

'နဂိုကတော့ ငါးဆုံလည်တာ၊ တဖြည်းဖြည်းနဲ့ နှစ်ဆုံပဲလည်တော့တာ၊ ရောင်းအားကျသွားတာတော့ ကြာပြီပေါ့၊ ဆီမလည်ရလို့ ရပ်နားသွားတဲ့ စက်တွေလဲ တော်တော်များတယ်၊ လည်တဲ့စက် နည်းနည်းပဲရှိတော့တယ်' လို့ ဆီစက်ပိုင်ရှင်ဦးကိုကိုလွင်က ပြောပါတယ်။

စားအုန်းဆီတစ်ပိဿာကျပ် ၁၇၀၀ နဲ့ ၁၆၀၀ ကြားမှာရှိနေပြီးတော့ နှမ်းဆီ တစ်ပိဿာ ကျပ် ၄၇၀၀ နဲ့ ပဲဆီ တစ်ပိဿာ ကျပ် ၃၈၀၀–၄၆၀၀ ကြားမှာရှိပါတယ်။

အခုမေလကုန်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် သီးနှံများပျက်စီးခဲ့ရာမှာ ဆီထွက်သီးနှံများလည်း များစွာ ပါရှိတာကြောင့် ဆီစက်ပိုင်ရှင်တွေအနေနဲ့ ကုန်ကြမ်းအခက်အခဲ ဖြစ်မယ်လို့လည်းသိရပါတယ်။

'ဆီဈေးကွက်က အရောင်းအဝယ်ပျက်နေလို့၊ နှမ်းအပျက်လဲ ကျွန်တော်တို့ ဆီစက်တွေက လည်လို့ရချင်မှရမှာ၊ ထွက်လာတဲ့ကုန်ကြမ်းက ဆီစက်ပိုင်တွေ အကြိုက်ဈေးနှိမ်ဝယ်လို့တော့မရဘူးပေါ့၊ တောင်သူလယ်သမားတွေအပေါ်မှာကိုယ်ကနှိမ်ဝယ်သလိုဖြစ်သွားမှာပေါ့' လို့ သစ္စာမွန် ဆီစက်ပိုင်ရှင်က ပြောပါတယ်။

စားသုံးသူတစ်ဦးကလည်း 'ကျွန်မကတော့ ဈေးချိုတဲ့ဆီကို ဝယ်သုံးဖြစ်တယ်၊ ပဲဆီလို့ နှမ်းဆီလို့ပြောလဲ စားအုန်းဆီနဲ့ ရောထားတဲ့ ရောဆီကိုပဲရမှာပါ၊ ဒါကတော့ ကျွန်မအထင်ပေါ့၊ တကယ် ပဲဆီ နှမ်းဆီစစ်တာတွေကျတော့လဲ ဈေးမြင့်တော့ ဝယ်မစားနိုင်ဘူး၊ ခုခေတ်က လမ်းဘေး အကြော်ရောင်းတဲ့ သူကအစ စားအုန်းဆီသုံးနေတာဆိုတော့ ကျွန်မတို့ ကျန်းမာရေးနဲ့ညီညွတ်အောင် ပဲ/နှမ်းဆီ စစ်စစ်တွေကို သုံးနေလဲပဲ လမ်းဘေးက အစားအစာ ဝယ်စားနေရင် မလွှဲမရှောင် နိုင်ဘူး၊ ဒါကြောင့်လဲ စားဆီကို အများဆုံး ဝယ်သုံးဖြစ်တယ်' လို့ သူ့ရဲ့အမြင်ကို ပြောပါတယ်။

နိုင်စာနည်းမောင်

www.free4reader.com



# လက်မှုထည် ရွှေဆိုင်းလုပ်ငန်း တိမ်ကောပျောက်ကွယ်တော့မှာလား

**မန္တလေး၊ ဇွန် ၂၇** – သည်အဝန်းအဝိုင်းလေးထဲ စဝင်လိုက်တာနဲ့ တစ်စက္ကန့်ကို တစ်ချက်နှုန်း ထုရိုက်နေတဲ့အသံတစ်ခုကို စတင်ကြားရပါတယ်။ အသံကြားရာဆီ လှမ်းကြည့်ရာမှာတော့ ကြွက်သားအဖုဖုနဲ့ တောင့်တင်းတဲ့ သက်လတ်ပိုင်းအရွယ်လူတစ်ဦးဟာ တူတစ်လက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း ကျောက်တုံးတစ်ခုပေါ်မှာ တင်ထားတဲ့ အိတ်လေးတစ်ခုကို တူနဲ့ထုနေတာ တွေ့ရပါတယ်။ ဒါကတော့ ကမ္ဘာမှာတစ်ခုတည်းသာရှိတဲ့ လက်မှုလုပ်ငန်းဖြစ်တဲ့ မန္တလေးမြို့ မျက်ပါးရပ်က ရွှေဆိုင်းလုပ်ငန်းတစ်ခုမှာ မြင်ရတဲ့မြင်ကွင်းဖြစ်ပါတယ်။

ကမ္ဘာမှာ တစ်ခုတည်းသာရှိတဲ့ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းလေးဟာ သည်နေ့အချိန်မှာတော့ တိမ်ကော ပျောက်ကွယ်သွားနိုင်တဲ့ အလားအလာတွေ ဖြစ်ပေါ်နေတယ်။ နိုင်ငံရဲ့အထင်ကရ ရွှေတိဂုံစေတီတော်မြတ်မှာ အသုံးပြုကပ်လှူဖို့ ရွှေဆိုင်းတွေ တင်ဒါခေါ်ရာမှာ လက်မှုလုပ်ငန်းဟာ စက်မှုလုပ်ငန်းနဲ့မယှဉ်နိုင်ဘဲ အရှုံးပေးခဲ့ရပါတယ်။ သည်အခြေအနေကို လုပ်ငန်းရှင်အချို့က စိုးရိမ်နေပါတယ်။



လက်မှုရွှေဆိုင်းတွေဟာ စက်မှုရွှေဆိုင်းတွေနဲ့ တင်ဒါမယှဉ်နိုင်ခြင်းဟာ ပါဝင်တဲ့ ရွှေအလေးချိန်ကွာဟမှုကြောင့် ဖြစ်ပါတယ်။

'ဒီစေတီကြီးက ရွှေဆိုင်းအသုံးများတယ်၊ အဝယ်လဲများတယ်၊ ရွှေဆိုင်းအသုံးများတဲ့ ဝယ်တဲ့ စေတီကြီးကမှ ဒီလိုမျိုး စက်ရွှေအသုံးပြုပြီးတော့မှ ဝယ်နေတယ် လက်ခံတယ်ဆိုရင် ကျန်တဲ့စေတီတွေကလဲ လိုက်ဝယ်မယ်ဆိုရင် ဒီမှာက လက်မှုလုပ်ငန်းလုပ်နေတဲ့အလုပ်သမားများစွာနဲ့ လုပ်ငန်းရှင်များစွာ ပျက်စီးသွားနိုင်ပါတယ်၊ မြန်မာ့ရိုးရာဖြစ်တဲ့ ဒီလုပ်ငန်းလေးဟာ တိမ်ကောပျောက်ကွယ်သွားနိုင်ပါတယ်'လို့ အောင်တံခွန် ရွှေဆိုင်းလုပ်ငန်းပိုင်ရှင် ဦးဇော်မင်းအောင်က ပြောပါတယ်။

ရွှေတိဂုံ စေတီတော်မြတ်မှာ ကပ်လှူပူဇော်အသုံးပြုဖို့ ရွှေဆိုင်းလုပ်ငန်းတွေ တင်ဒါခေါ်ယူရာမှာ သုံးနှစ်တစ်ကြိမ် တင်ဒါခေါ်လေ့ရှိပြီး ကြားထဲမှာ လိုအပ်ချက်အရ တင်ဒါခေါ်ယူမှုတွေလည်း ရှိပါတယ်။ သုံးနှစ်တစ်ကြိမ် တင်ဒါခေါ်ယူမှုမှာ ၂၀၁၃ ခုက ရွှေဆိုင်း ၂၅,၀၀၀ ဝယ်ယူမှုအတွက် ရွှေဆိုင်း ၅၀၀၀ ကို တစ်လော့နှုန်းနဲ့ ငါးလော့ခွဲ တင်ဒါခေါ်ပါတယ်။ သည်မှာ လက်မှုရွှေဆိုင်းလုပ်ငန်းတွေက လော့ တစ်လော့သာ တင်ဒါအောင်မြင်ခဲ့ပြီး ကျန် လေးလော့ကို စက်ရွှေလုပ်ငန်းက တင်ဒါအောင်မြင်ခဲ့ပါတယ်။ ၂၀၁၆ ခု တင်ဒါခေါ်ယူရာမှာတော့ တင်ဒါအားလုံးကို စက်ရွှေလုပ်ငန်းကပဲ အောင်မြင်ခဲ့ပါတယ်။ စက်ရွှေနဲ့လက်ရွှေကြား ငွေကြေးကွာဟမှုကြောင့် အခုလို တင်ဒါမအောင်မြင်ရတာလို့ ရွှေဆိုင်းလုပ်ငန်းရှင်တွေက ပြောပါတယ်။

'စက်နဲ့လုပ်တဲ့ဟာက ကုန်ကျစရိတ်တွေ သက်သာတဲ့အတွက် ကျွန်တော်တို့နဲ့ ဈေးယှဉ်တဲ့အခါမှာ ရွှေတစ်ဆိုင်းကို ၄၀၀၀ ကနေ ၅၀၀၀ ကြားကွာဟတယ်၊ အဆိုင်း ၂၅,၀၀၀ ဝယ်တဲ့အခါကျတော့ ငွေကြေးကွာဟမှုက အများကြီးဖြစ်နေတဲ့အတွက် သူတို့အနေနဲ့လဲ ဘဏ္ဍာငွေတွေ မလေလွင့်အောင် အကောင်းဆုံး ကြံဆလုပ်ဆောင်တာပါ'လို့ ဦးဇော်မင်းအောင်က ပြောပါတယ်။

## ထိုးနှက်ချက်

ရွှေဆိုင်း ၂၅,၀၀၀ စာအတွက် စက်ရွှေနဲ့ လက်ရွှေ တင်ဒါအပြိုင်ဆွဲကြရာမှာ စက်ရွှေတင်တဲ့ တင်ဒါဈေးနှုန်းနဲ့ လက်ရွှေတင်ဒါဈေးနှုန်းကြား ကွာဟမှုက ကျပ် သိန်း ၉၀၀၀ ခန့်ဖြစ်ပါတယ်။ သည်အနေအထားဟာ လက်မှုလုပ်ငန်းတွေအတွက် ထိုးနှက်ချက်တစ်ခုဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးဆုံးစေတီဖြစ်တဲ့အတွက် သည်စေတီကဲ့သို့ ကျန်တဲ့စေတီတွေက သည်လိုမျိုး စက်ရွှေကို အသုံးပြုမယ်ဆိုရင် နှစ်ထောင်ချီ စီးဆင်းလာတဲ့ ရိုးရာလက်မှုလုပ်ငန်းလေးဟာ ပျောက်ပျက်သွားနိုင်တဲ့ အနေအထားဖြစ်တယ်လို့ ရွှေဆိုင်းလုပ်ငန်းရှင် ဦးမောင်စုက စိုးရိမ်တကြီး ပြောပါတယ်။

ကမ္ဘာမှာ တစ်ခုတည်းသာရှိတဲ့ ရိုးရာလက်မှုလုပ်ငန်း တည်ရှိရာ သည်နေရာဟာ ရွှေခတ်လုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ဖို့ မင်းတုန်းမင်းလက်ထက်ကတည်းက ချထားပေးခဲ့တဲ့ နေရာတွေဖြစ်ပါတယ်။ ရွှေကို ပါးလွှာအောင် ပြုလုပ်ခြင်း၊ ရွှေမျက်ပါးရပ်ကနေ မျက်ပါးရပ်လို့ ဆင်းသက်လာ၊ ခေါ်တွင်လာတာလို့ သိရပါတယ်။ လက်ရှိ အခြေအနေမှာတော့ သည်လုပ်ငန်းတွေ အဓွန့်ရှည်ရပ်တည်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေ ပူးပေါင်းပြီး အဘက်ဘက်ကနေ ဝိုင်းဝန်းကြိုးပမ်းနေသလို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံသို့လည်း မေတ္တာရပ်ခံ ပန်ကြားထားတယ်လို့ သိရပါတယ်။

'ရွှေတိဂုံစေတီတော်မှာ ရွှေဆိုင်းကပ်ဖို့ တင်ဒါခေါ်ပါတယ်၊ တင်ဒါခေါ်တဲ့နေရာမှာ စက်နဲ့လုပ်တဲ့ရွှေဆိုင်းနဲ့ လက်နဲ့လုပ်တဲ့ ရွှေဆိုင်းဈေးပြိုင်ရတဲ့နေရာမှာ လက်နဲ့လုပ်တဲ့ရွှေက လုပ်ဆောင်မှုအဆင့်ဆင့် ပိုများတဲ့အတွက် စက်ရွှေကို ဈေးမယှဉ်နိုင်ဘူး၊ မယှဉ်နိုင်တော့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကို မေတ္တာရပ်ခံချင်တာက စက်ရွှေနဲ့လက်ရွှေကို ဈေးပြိုင်တင်ဒါ အတူတူမထားဘဲနဲ့ စက်ရွှေကို စက်ရွှေသီးသန့်၊ လက်ရွှေကို လက်ရွှေသီးသန့်ထားဖို့၊ ရိုးရာလက်မှုလုပ်ငန်းလေး ပျောက်ပျက်မသွားအောင် ဒါကို ရွှေတိဂုံစေတီဂေါပကအဖွဲ့ကို ကူညီပေးဖို့ အကူအညီတောင်းတာ'လို့ ရွှေဆိုင်းလုပ်ငန်းရှင် ဦးမောင်စုက ပြောပါတယ်။

ရွှေဆိုင်းပြုလုပ်ဖို့အတွက် အဆင့်ဆင့်လုပ်ကိုင်ရပါတယ်။ ပထမဦးစွာ ရွှေတုံးရွှေခဲများကို ရွှေစလေးများဖြစ်ရန် ဖြတ်ယူရရှိလာတဲ့ ရွှေစများကို အပူပေးနန်းဆွဲကာ ရွှေခတ်စက္ကူတွင် ညှပ်၊ ညှပ်ထားတဲ့ ရွှေခတ်စက္ကူတွေကို တစ်ခုနဲ့တစ်ခု ထပ်ရပါတယ်။ ပြီးရင်တော့ ထပ်ထားတဲ့ သည်ရွှေခတ်စက္ကူတွေကို သမင်ရေနဲ့ ပြုလုပ်ထားတဲ့ အိတ်ထဲမှာ ထည့်ပြီး ယင်းအိတ်ကို ကျောက်ပေါ်တွင်တင်ကာ သံတူနဲ့ထုရပါတယ်။

## လက်ဝင်တယ်

လက်ဝင်သလောက် အသေးစိတ်လုပ်ကိုင်ရတဲ့ သည်လုပ်ငန်းကို လက်ရှိလုပ်ကိုင်နေသူ လုပ်ငန်းရှင်ဦးရေဟာ ၁၀၀ ဝန်းကျင်ရှိပြီး အလုပ်သမားပေါင်း ထောင်ချီ မှီခိုလုပ်ကိုင်နေပါတယ်။ မန္တလေးမဟာမုနိဘုရားကြီးမှာ မြန်မာ့လက်မှုရွှေဆိုင်းတစ်မျိုးတည်းသာ အသုံးပြုတင်ဒါခေါ်တာကို လတ်တလော အဓိကတည်မှီ ရပ်တည်နေတဲ့ သည်လက်မှုရွှေဆိုင်းနဲ့ စက်မှုရွှေဆိုင်းကြားမှာ ဈေးနှုန်းကွာခြားသလို အရည်အသွေးပိုင်း ကွာဟမှုအချို့လည်း ရှိတယ်လို့ လက်မှုရွှေဆိုင်းလုပ်ငန်းရှင်အချို့က ဆိုပါတယ်။

'ကျွန်တော်တို့ ဒီရွှေဆိုင်းပေါ်မှာ လေ့လာတဲ့အခါကျတော့ နံပါတ်တစ်အချက်က သူကလဲ (အရွယ်အစား)နှစ်လက်မ ပြည့်တယ်၊ ကျွန်တော်တို့လဲ ပြည့်တယ်၊ သူ့ရဲ့ရွှေရောင်က ကျွန်တော်တို့ရဲ့ ရွှေရောင်အရောင်အလိုအရတော့ ကွာတယ်၊ ဒါလဲ တချို့ဂေါပကတွေက သိပ်ပြီးတော့ အာရုံမစိုက်သေးဘူး'လို့ ဦးမောင်စုက ဆိုပါတယ်။

လက်မှုရွှေဆိုင်းတွေဟာ စက်မှုရွှေဆိုင်းတွေနဲ့ တင်ဒါမယှဉ်နိုင်ခြင်းဟာ ပါဝင်တဲ့ ရွှေအလေးချိန်ကွာဟမှုကြောင့် ဖြစ်ပါတယ်။ လက်မှုရွှေတစ်ဆိုင်းမှာ ၁၆ ပဲရည် ရွှေသား နှစ်ရွေးခွဲခန့်မှ သုံးရွေးကျော်အထိ အနည်းဆုံးပါဝင်ပြီး စက်မှုရွှေဆိုင်းကို စမ်းသပ်ရာမှာတော့ ရွှေနှစ်ရွေးခန့်သာ ပါဝင်တယ်လို့ အဆိုပါလုပ်ငန်းရှင်က ဆိုပါတယ်။

'အဓိက ကွာနေတာက ဒီရွှေဆိုင်းရဲ့အလေးချိန်၊ လက်ရွှေဆိုင်းက နှစ်လက်မပတ်လည်၊ လေးရွေးပတ်ချာလည်မှာ ရှိတယ်၊ စက်ရွှေဆိုင်းက ထွက်လာတဲ့ ရွှေဆိုင်းကို ကျွန်တော်တို့ ကျိုကြည့်တဲ့အခါကျတော့ နှစ်ရွေးပတ်ချာလည်လောက်မှာ သွားရှိတယ်၊ ဘာလို့ ကျွန်တော်တို့ထက် ဈေးကို လျှော့လုပ်နိုင်တာလဲဆိုတဲ့အချက်ကို ကျွန်တော်တို့စဉ်းစားကြည့်တယ်၊ အဲဒီနေရာမှာ ကွာခြားချက်ရှိတယ်၊ သူကစက်နဲ့လုပ်တဲ့အတွက် တညီတညွတ်တည်း ထွက်နိုင်တယ်၊ တစ်ဆိုင်းကို နှစ်ရွေးဆို နှစ်ရွေး ထွက်နိုင်တယ်၊ ကျွန်တော်တို့က လက်နဲ့လုပ်တာဖြစ်တဲ့အတွက် ရွှေလုံးထုလိုက်တဲ့အပေါ်မှာ အလုံးကြီးတာရှိတယ်၊ အလုံးသေးတာရှိတယ်၊ အလုံးသေးသွားလိုက်ရင် အလေးချိန်က ပိုပြီးတော့များသွားမယ်၊ ကြီးရင် ရွှေအလေးချိန် လျော့သွားမယ်၊ ဘယ်လိုပဲပြောပြော နှစ်ရွေးခွဲနဲ့ သုံးရွေး အောက်ကို မဆင်းဘူး'လို့ သူက ဆိုပါတယ်။



**“စက်နဲ့လုပ်တဲ့ဟာက ကုန်ကျစရိတ်တွေ သက်သာတဲ့အတွက် ကျွန်တော်တို့နဲ့ ဈေးယှဉ်တဲ့အခါမှာ ရွှေတစ်ဆိုင်းကို ၄၀၀၀ ကနေ ၅၀၀၀ ကြား ကွာဟတယ်”**

ရွှေတိဂုံစေတီတော်မြတ်မှာ အသုံးပြုကပ်လှူပူဇော်ဖို့အတွက် ရွှေဆိုင်းတွေ တင်ဒါခေါ်ယူနေပြီး လာမယ့် ဇူလိုင်လအတွင်း တင်ဒါအောင်သူစာရင်းကို ဖွင့်လှစ်ကြေညာဖို့ရှိနေပါတယ်။ သည်တစ်ကြိမ်မှာတော့ ရိုးရာလက်မှုလုပ်ငန်းတွေ အသိအမှတ်ပြု မြှင့်တင်ပေးတယ်ဆိုတဲ့ဘက်က ကြည့်ပေးဖို့ လုပ်ငန်းရှင် အချို့က မေတ္တာရပ်ခံ ပန်ကြားပါတယ်။

'ကျွန်တော်တို့ ဒီရှေးရိုးစဉ်ဆက်က လုပ်လာတဲ့ဟာအတွက် ငွေကို အဓိကမကြည့်ဘဲနဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာ၊ နိုင်ငံခြားသားတွေ လာရောက်လေ့လာနေရတဲ့ ကမ္ဘာမှာ ဒီမျက်ပါးရပ်ပဲရှိတဲ့လုပ်ငန်းကို အသိအမှတ်ပြုမြှင့်တင်ပေးဖို့ ဒါ တောင်းဆိုတာပါ'လို့ ဦးဇော်မင်းအောင်က ပြောပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်က လုပ်ငန်းရှင် ၂၀၀ ခန့်ရှိရာကနေ ထက်ဝက်နီးပါး ကျဆင်းလာတဲ့ သည်လုပ်ငန်းကို ကူညီ ထောက်ပံ့ပေးဖို့၊ မြှင့်တင်ပေးဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီး၊ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်တို့ထံကို လည်း စာတင်ထားတယ်လို့ သိရပါတယ်။

မိုးမြင့်ထွန်း



လက်ဖက်ကို ပိုမိုနည်းစနစ်တကျ ထုတ်လုပ်နိုင်ရန် ဒေသခံတို့က ကြိုးစားနေကြသည်။

*စာမျက်နှာ ၂၂ မှအဆက်*

သင့်တယ်။ မဟုတ်ရင် လက်ဖက်အညွှန့်တွေ ကျိုးကျေသွားတာဖြစ်နိုင်တယ်။ လက်ဖက်လှန်းတဲ့အခါမှာလည်း စင်နဲ့ လှန်းသင့်တယ်။ လမ်းပေါ်မှာပဲ ဖျာနဲ့ လှန်းရင် အမှုန်အမှားတွေ၊ မြေကြီးနံ့တွေ၊ ဖုန်တွေပါလာတတ်တယ်။ လှော်တဲ့ အိုးတွေကိုလည်း မှန်မှန်ဆေးကြောသင့်တယ်။ ဖျာကိုလည်း သန့်သန့်ရှင်းရှင်းထားရမယ်။ တော်တော်များများမှားနေကြတာက ဖျာဆိုရင် မည်းနက်နေမှ၊ အဲဒါကလည်း အမှားတစ်ခုပဲ။ အဓိကကတော့ သူတို့လုပ်နေတဲ့ စနစ်ကနေ နည်းနည်းလေး ထပ်တိုးပြောင်းလဲလိုက်မယ်ဆိုရင် အဆင်ပြေသွားပြီ။

**မေး။ ။လက်ဖက်အရည်အသွေးကောင်းလာရင် ဈေးကွက်ရော အဆင်ပြေနိုင်မလား။**

**ဖြေ။** ။ဈေးနှုန်းက ရွှေဖီချိန်ဆိုရင်တော့ တော်တော်ကောင်းကောင်း သန့်သန့်လေးမှ တစ်ပိဿာ ၅၀၀၀ လောက်ပဲ ရတယ်။ ခူးခက တစ်ပိဿာကို ၇၀၀ ကနေ ၁၀၀၀ ကြား ရှိတယ်။ အရွက်စိမ်းလေးပိဿာမှ လက်ဖက်ခြောက် တစ်ပိဿာဆိုတော့ နည်းနည်းပဲ ကျန်တယ်။ သည်လိုအချိန်ဆိုရင် ရွက်စိမ်းက တစ်ပိဿာ ၅၀၀ ကနေ ၇၀၀ ကြား ရှိတယ်။ အဲသည်တော့ ခူးသမားနဲ့ ပိုင်ရှင်နဲ့က တစ်ယောက်တစ်ဝက်လို ဖြစ်နေတယ်။ အဲသည်တော့ လက်ဖက်တောင်သူကလည်း ခြိမ့်လို့သာ လုပ်ရတဲ့သဘောဖြစ်နေတယ်။ လက်ဖက်ခြောက် တစ်ပိဿာကို ၆၀၀၀ အထိ ပေးမယ်။ လုလုလေး လုပ်ပေးပါဆိုရင် သူတို့လုပ်ကြမှာပဲလေ။ အဲဒါဆိုရင် ထိုင်းမှာ အလုပ်သွားလုပ်နေတဲ့သူတွေတောင် ပြန်လာပြီးလုပ်မှာ။ လက်ဖက်ခြောက်တစ်ရက်ကို နှစ်ပိဿာပဲ ထုတ်နိုင်ဦးတော့ သူတို့ဝင်ငွေက ၁၀,၀၀၀ နဲ့ ၁၂,၀၀၀ ကြားမှာ ရှိနေပြီ။ အခုလို ပုံမှန်ဆိုရင် ၄၀၀၀၊ ၄၂၀၀ ပဲ ရှိတယ်။ ခူးခနုတ်ပြီးရင် သူ့မှာ ၂၀၀၀ ကျော်ပဲ ကျန်မယ်။ ပြီးတော့ ထင်းဖိုးကုန်မယ်။ စက်နဲ့နယ်ရင်လည်း မီတာခရှိသေးတယ်။ မကိုက်တော့ တခြားနေရာထွက်ပြီးတော့ အလုပ်လုပ်ကြရတာပေါ့။ တကယ်တမ်းပြောရရင်တော့ လက်ဖက်ခြောက်က မြေပြန့်ကို မှီခိုနေရတာ။ မြေပြန့်ကကောင်းကောင်းဝယ်ယူသုံးစွဲပြီး ဈေးကောင်းကောင်းလည်း ပေးမယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဥပမာ နာဂစ်ဖြစ်တုန်းကဆိုရင် လက်ဖက်ခြောက် အရောင်းကျသွားတယ်။ အဓိကက ပြည်တွင်းကို မှီခိုနေရတာပေါ့။ ပြည်တွင်းမှာသာ အခြားနိုင်ငံက လက်ဖက်ခြောက်တွေ ဝင်လာမယ်ဆိုရင် တောင်သူတွေ ပိုအထိနာမယ်။ အဲသည်တော့ ဒီကတောင်သူတွေက အဆင့်မြင့်မြင့်ထုတ်ဖို့လိုတယ်။ များများလည်းထွက်ရမယ်။ ဈေးနှုန်းလည်း ချိုသာရမယ်။ ဒါမှ သူများနိုင်ငံကို ယှဉ်နိုင်မယ်။

**မေး။ ။ပင်လောင်းလက်ဖက်ကို ဘယ်တွေကို အဓိကပို့လဲ။**

**ဖြေ။** ။အဓိကက မြန်မာပြည်အလယ်ပိုင်းပေါ့။ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ချောက်၊ ညောင်ဦး၊ ပခုက္ကူ။ လယ်ဝေးပြီးတော့ ပဲခူး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းအစုံပို့ရတယ်။ အများဆုံးပို့ရတာတော့ ရွှေဖီချိန်နဲ့ ကဆုန်ခြောက်ပဲ။ မိုးခြောက်တော့ မရှိတော့ဘူး။ ရွှေဖီချိန်မှာဆိုရင် ပိဿာချိန် ၁၅,၀၀၀ လောက်အထိ ပို့ရတယ်။ ရွှေဖီချိန်က အရသာပိုရှိ ပိုကောင်းတော့ မြေပြန့်က လူတွေက တစ်ရာသီစာသုံးမယ့် လက်ဖက်ခြောက်တွေကို အဲသည်အချိန်မှာ ဝယ်လှောင်ထားကြတယ်။ ကျွန်တော်တို့က ခိုင်မာတဲ့ ဈေးကွက်တစ်ခုရှိဖို့ လိုအပ်တယ်။ အခြားလုပ်ငန်းရှင်တွေနဲ့ အသေးစား၊ အလတ်စားငွေချေးတဲ့ သူတွေလည်း အတိုးနှုန်းနည်းနည်းနဲ့ ချေးပေးရင် ပိုကောင်းမယ်။ အခုက ငွေချေးပြီး အလုပ်လုပ်နေတုန်း ရှိသေးတယ်။ အကြွေးက ပြန်ဆပ်ရတော့မယ်။ အဓိကကတော့ ခိုင်မာတဲ့ ဈေးကွက် မရှိဘူး။ အဲသည်တော့ လက်ဖက်တောင်သူတွေအတွက်က ငွေရေးကြေးရေးလည်း ရှိဖို့လိုတယ်။ ဈေးကွက်လည်း ရှိဖို့လိုတယ်။ ပြီးတော့ လုပ်ငန်းရှင်တွေလည်း အားပေးအားမြှောက် လုပ်ဖို့လိုတယ်။ လက်ဖက်အဓိကထွက်တဲ့ဒေသမှာ စပါးစံပြကွက်တွေချည်းပဲ လုပ်နေရင်တော့ အလုပ်သိပ်မဟုတ်ဘူးပေါ့။ သည်ဒေသမှာ ဘာထွက်လဲ။ ထွက်တဲ့ဟာကို အစိုးရက အားပေးမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။

> ‘စိုက်ပျိုးတဲ့အခါမှာအရည်အသွေးကောင်းတဲ့ မိခင်ပင်ကို ရွေးချယ်ဖို့ လိုတယ်၊ ဒါမှ မျိုးစေ့အဖြစ် သုံးမယ့်အသီးက အရည်အသွေးကောင်းမှ စိုက်တဲ့လက်ဖက်ပင်လည်း ကောင်းမှာ’

**မေး။ ။လက်ဖက်လုပ်ငန်း။ ဈေးကွက်သည်ထက်ပိုပြီး အဆင်ပြေဖို့ ဘာတွေ လိုအပ်မလဲ။**

**ဖြေ။** ။လက်ဖက်တွင်ကျယ်ဖို့က ထုတ်လုပ်မှုအပိုင်းချည်းပဲ လုပ်လို့လည်း မရဘူး။ လက်ဖက်ကွင်းဆက်အရ စိုက်တဲ့သူ၊ ကုန်ချောထုတ်တဲ့သူနဲ့ တင်ပို့ရောင်းချတဲ့သူက တစ်ကွင်းတစ်ဆက်တည်း ဖြစ်ဖို့ လိုတယ်။ ကျွန်တော်တို့မှာက ကုန်ကြမ်းရှိတယ်။ နည်းပညာပိုင်း ကူညီမယ့် ပညာရှင်တွေ နည်းတယ်။ အဲသည်လို ကူညီမယ့် အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အထောက်အပံ့တွေ လိုတယ်။ အဲသည်လိုကူညီပြီး အသိပညာများများ လာပေးမယ်ဆိုရင်တော့ လက်ဖက်က ပွဲစားဆိုတာတောင် ရှိမှာမဟုတ်တော့ဘူး။ တိုက်ရိုက်တောင်သူတွေနဲ့ သွားတဲ့စနစ်ပဲ သွားတော့မှာပေါ့။ အဲဒါဆိုရင် နိုင်ငံခြားဈေးကွက်လည်း ရည်မှန်းလို့ရလာမယ်။ အဲသည်လိုဖြစ်ဖို့ကလည်း လက်ဖက်တောင်သူတွေ ပါဝင်ဖို့ လိုတယ်။ သူတို့ကိုလည်း ပိုမိုမြှင့်တင်ပေးဖို့လိုတယ်။

**Myanmar Now**

*စာမျက်နှာ ၂၂ မှအဆက်*

တိုင်းအတာတစ်ခုအထိတော့ ကျွန်တော်တို့ ထိန်းထားလို့ရပါတယ်’လို့ ပြောပါတယ်။

## မိုးကြောင့်ရေကြီးရေလျှံ

မိုးရေကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ရခြင်းကိုလည်း ‘ပုံမှန်မိုးရေချိန်ထက် ပိုရွာသွန်းတဲ့မိုးဆိုရင် ကျွန်တော်တို့အနေနဲ့ ပုံမှန်ရေကျော်တဲ့ နှုန်းအတိုင်းပဲ ကျွန်တော်တို့ စီးဆင်းသွားတယ်ဆိုရင် ကျွန်တော်တို့ အန္တရာယ်လဲကင်းပါတယ်၊ ခုဖြစ်နေတဲ့ မိုးလေဝသဖြစ်စဉ်တွေကတော့ အချိန်တိုအတွင်းမှာ မိုးရေချိန်လက်မအများကြီးရွာတယ်၊ ရွာတဲ့အတွက် တောင်ကျရေတွေက ဒလဟောစီးဆင်းလာတယ်၊ ဆည်တွေအတွင်းကို ရေတွေအလျှင်အမြန်စီးဆင်းတဲ့အပြင် သာမန်ဖမ်းထိန်းမထားတဲ့ ချောင်းလက်တက်လေးတွေကလဲ ဝင်လာပါတယ်၊ ဒီလိုဖြစ်တော့ ကျွန်တော်တို့ချောင်းအတိုင်းပဲ စီးဆင်းသွားရတဲ့အခါ ရေထွက်ပေါက်မရှိတဲ့ နေရာတွေမှာ ရွာတွေလယ်တွေထဲကို ဝင်စီးပါတယ်၊ ဝင်စီးတဲ့အခါမှာ တချို့ကဆည်တွေက အပေါ်က ဖောက်ချတယ်ဆိုတာက တချို့ဆည်ထိန်းထားတဲ့ ချောင်းတွေအားလုံးကိုလဲ ကျွန်တော်တို့ မထိန်းနိုင်ပါဘူး။ နှစ်တော်တော်များများမှာ ရေမဝင်တဲ့ဆည်တွေမှာပါ အခုမိုးရေချိန်နဲ့ ရေတွေ ဝင်လာတယ်၊ ကျွန်တော်တို့ ဆည်တွေဟာ သဘာဝဘေးအန္တရာယ်ကို တတ်နိုင်သလောက် လျော့ကျသွားအောင် ကာကွယ်ပေးထားနိုင်ပါတယ်’လို့ ပြောပါတယ်။

ယခုလို ပြောကြားခြင်းတွေကို ရေစကြိုမြို့နယ် အတွေ့တွေ အုပ်ချုပ်ရေးဦးစီးဌာနမှာပြုလုပ်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးရဲ့ ရေဘေးရှောင်စခန်းဖွင့်လှစ်ဖို့ တွေ့ဆုံပွဲ အခမ်းအနားမှာ ဝန်ကြီး ဦးဝင်းမော်ဌေးက ပြောပြသွားတာဖြစ်ပါတယ်။

**နိုင်ဇာနည်မောင်**



www.free4reader.com

www.free4reader.com



# ပဲပုပ်ကို စက်မှုကုန်ကြမ်းအဖြစ် သုံးနိုင်အောင် အဓိက စိုက်ပျိုးသင့်

နေပြည်တော်၊ ဇွန် ၂၇ - ဈေးကွက်ခိုင်မာတဲ့အပြင် ပြည်တွင်းလိုအပ်ချက်ကြောင့် ပြည်ပကနေပါ တင်သွင်းနေရတဲ့ ပဲပုပ်ကို စက်မှုကုန်ကြမ်း အဖြစ် အသုံးပြုနိုင်အောင် တောင်သူတွေအနေနဲ့ အဓိကထားစိုက်ပျိုးသင့်တယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ ပဲပုပ်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ အဓိကစိုက်ပျိုးကြပါတယ်။ ဒါပေမဲ့ တောင်သူတွေအနေနဲ့ အဓိကသီးနှံအဖြစ် စိုက်ပျိုးခြင်း မရှိကြသေးသလို ပြည်တွင်းလိုအပ်ချက်လည်း ရှိနေတာကြောင့် ပြည်ပကနေ တစ်လကို တန်ချိန် ၂၀,၀၀၀ ခန့် တင်သွင်းနေရတယ်လို့ သိရပါတယ်။ ပြည်တွင်းမှာ ပဲပုပ်ကို မွေးမြူရေးလုပ်ငန်းတွေမှာ မွေးမြူရေး အစာအဖြစ် အသုံးပြုသလို စားသောက်ကုန်အဖြစ် ပဲပြားလုပ်ငန်းနဲ့ ပဲပုပ်ဆီထုတ်လုပ်ခြင်း လုပ်ငန်းမှာလည်း အသုံးပြုနေကြရပါတယ်။



ပဲပုပ်ကို မွေးမြူရေးအစာအဖြစ် အသုံးပြုသလို စားသောက်ကုန်အဖြစ် ပဲပြားလုပ်ငန်းနဲ့ ပဲပုပ်ဆီ ထုတ်လုပ်ခြင်းလုပ်ငန်းမှာလည်း အသုံးပြုနေကြရပါတယ်။

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ကျေးလက် ဒေသကုန်စည်တန်ဖိုးမြင့် ဈေးကွက်များ စီမံကိန်းက ပဲပုပ်စီမံကိန်းအရာရှိကိုသက်ထွန်းအောင်က 'ပဲပုပ်က ဈေးကွက်ခိုင်ပါတယ်၊ ဈေးကွက်တည်ငြိမ်ပါတယ်၊ နောက်ပြီး ပိုးသတ်ဆေးတွေ၊ မြေဩဇာတွေ မသုံးဘဲတောင်မှ ဒီလောက်ထွက်နေတယ်၊ သူတို့အတွက်လဲ ထုတ်လုပ်မှုကုန်ကျစရိတ် နည်းတဲ့ အတွက် ရာသီဥတုကိုအံ့တုရမယ်၊ ဈေးကွက်ကို အံ့တုရမယ်ဆိုရင် ပဲပုပ်က စိုက်သင့်တဲ့ သီးနှံဖြစ်တယ်လို့ အကြံပြုချင်ပါတယ်' လို့ပြောပါတယ်။

## ဘာကြောင့် နည်းတာလဲ

ပဲပုပ်ကို စိုက်ပျိုးမှုနည်းနေတာ တောင်သူတွေအနေနဲ့က ဈေးကွက်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို တောင်သူတွေက မသိတဲ့အချိန်မှာ သူတို့ရဲ့ နားစွန်နားဖျားနဲ့ စိုက်နေကြရတဲ့ အခြေအနေတွေကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် ပဲပုပ်သီးနှံ ကို မြေပြန့် တောင်သူအများစုအနေနဲ့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် စတဲ့ဒေသတွေလောက်သာ စိုက်လို့ရတယ်လို့ ထင်နေကြတာကြောင့်လည်း စိုက်ပျိုးမှုနည်းနေတာဖြစ်တယ်လို့ သိရပါတယ်။

ကချင်ပြည်နယ်ရှိ မိုးညှင်းမြို့နယ်မှာတောင် အမေရိကန်ပြည်ထောင်စုနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ ကျေးလက်ဒေသကုန်စည်တန်ဖိုးမြင့်ဈေးကွက်များ စီမံကိန်းရောက်ရှိလာမှ သည်စီမံကိန်းကနေ ပဲပုပ်ကို အလေးပေး စိုက်ပျိုးဖို့ အသိပညာတွေပေးမှ တိုးချဲ့စိုက်ပျိုးမှုတွေ ရှိလာတာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က မိုးညှင်းမြို့နယ်မှာ ပဲပုပ်စိုက်ဧက ၂၀,၀၀၀ ဝန်းကျင်လောက်သာရှိခဲ့ပေမဲ့ သည်နှစ်မှာတော့ဧက ၃၀,၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးလာကြတယ်လို့ သိရပါတယ်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်က ပဲပုပ်စိုက်တောင်သူ ဦးခင်မောင်ကျော်က 'စိုက်ကေ တက်တာက တောင်သူတွေက ပဲပုပ်ရဲ့ အသုံးဝင်မှုနောက် နိုင်ငံတကာက တင်သွင်းလာရတဲ့ အခြေအနေတွေ ဒါတွေကို ကျွန်တော်တို့ တောင်သူတွေကို အကုန်လုံးပြောပြတယ်၊ အဲဒီတော့ ပဲပုပ်ရဲ့ လိုအပ်ချက်က တအားမြင့်နေတယ်ဆိုတာလဲသိတယ်၊ ပြီးတော့ ဈေးကွက်အခြေအနေအရ အခု ပေါက်ဈေးထက်ကို မနိမ့်တဲ့ ဈေးကွက်ဖြစ်တယ်၊ ဒေသကုန်သည်တွေဆီမှာလဲအချိန်မရွေး ရောင်းဝယ်လို့ ရတာကြောင့် တောင်သူတွေ တော်တော်လေး စိတ်ဝင်စားမှု တော်တော်လေးမြင့်တက်နေတယ်၊ ဒီနှစ်တစ်နှစ်မှာပေါ့' လို့ ပြောပါတယ်။

ကျန်တဲ့ဒေသတွေမှာတော့ အထူးသဖြင့် မြေပြန့်ဒေသတွေမှာတော့ ပဲပုပ်စိုက်ပျိုးခြင်းနဲ့ပတ်သက်ပြီး ပဲပုပ်ရဲ့ အသုံးဝင်ပုံ၊ ဈေးကွက်ရှိပုံတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဖို့ အများအပြား လိုအပ်နေသလို မည်သည့်ဒေသမဆို စိုက်ပျိုးလို့ရတယ်ဆိုတဲ့ အကြောင်းကိုလည်း တောင်သူတွေ သိရှိအောင်လုပ်နိုင်ဖို့ လိုအပ်နေဆဲဖြစ်တယ်လို့ သိရပါတယ်။

## လိုအပ်နေ

ပဲပုပ်အများအပြား စိုက်ပျိုးတဲ့ ဒေသတွေမှာ လက်ရှိလိုအပ်နေတာက မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်မယ့် စနစ်တကျ မျိုးစေ့ထုတ်လုပ်အပိုင်းဖြစ်တယ်လို့ တောင်သူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။ လက်ရှိမှာ ပဲပုပ်မျိုးတွေက များပြားနေပြီး ဘယ်မျိုးဟာ ဈေးကွက်ကောင်းတယ်။ အရည်အသွေးပြည့်မီတယ်ဆိုတာကို တောင်သူတွေအနေနဲ့ ရွေးချယ်ရခက်နေရဆဲဖြစ်တယ်လို့ သိရပါတယ်။

အရင်က တောင်ပေါ်ဒေသက ပဲပုပ်တွေ ဈေးကောင်းရရှိခဲ့ပေမဲ့လည်း အခုအချိန်မှာ မြေပြန့်မှာစိုက်ပျိုးတဲ့ ပဲပုပ်အမျိုးအစားတွေက ဈေးကောင်းပိုရနေတယ်လို့ ကုန်သည်တွေရဲ့ ပြောပြချက်အရ သိရပါတယ်။ အခုလို ဈေးပိုနေရတာကတော့ မြေပြန့်ပဲပုပ်ဟာ အထွက်နည်းသလို အရည်အသွေးပိုင်းမှာလည်း အသားဓာတ် များတဲ့ အတွက် စားသောက်ကုန်ထုတ်လုပ်မှုပိုင်းမှာ ပိုပြီး အသုံးပြုလာတာကြောင့်ဖြစ်တယ်လို့လည်း ဇွန်လ ၂၂ရက်နေ့မှာ ကျင်းပတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပဲပုပ်တောင်သူများအစည်းအဝေးမှာ ကုန်သည်တွေက ရှင်းလင်းတင်ပြကြပါတယ်။

## ဈေးကောင်းပေး ဝယ်ယူ

နောက်တစ်ခုကတော့ အရည်အသွေးပိုင်းဆိုင်ရာ ကောင်းမွန်ဖို့ တောင်သူတွေဘက်က စိုက်ပျိုးထုတ်လုပ်တဲ့အပိုင်းမှာ လိုအပ်ချက်တွေ ရှိနေတာဖြစ်ပါတယ်။ လက်ရှိ ပဲပုပ်ရဲ့ ဈေးကွက်ဟာ အရည်အသွေးကောင်းရင် ကောင်းသလောက် အထူးသဖြင့် သန့်ရှင်းမှုရှိရင် ရှိသလောက်ကုန်သည်တွေဘက်က ဈေးကောင်းပေးဝယ်ယူနေတာတွေ ရှိပါတယ်။ ဒါပေမဲ့လည်း တောင်သူတွေအနေနဲ့ သန့်ရှင်းမှုပိုင်းကို အလေးပေးပြီး လုပ်ဆောင်လာတာမျိုး မရှိသေးဘူးလို့ သိရပါတယ်။ ပဲပုပ်ဆီကြိတ်တဲ့နေရာမှာဆိုရင် ပစ္စည်းသန့်ရှင်းဖို့က တော်တော်လေးအဓိကကျသလို ပဲပြားလုပ်တဲ့နေရာမှာလည်း မူလပစ္စည်းက သန့်ရှင်းမှုရှိရင် ပစ္စည်းကောင်းသန့်တွေပဲ ထွက်ရှိမှာဖြစ်တဲ့အတွက် ကုန်သည်တွေအနေနဲ့ကတော့ ပဲပုပ်သီးနှံနဲ့ ပတ်သက်လာရင် သန့်ရှင်းမှုကို ဦးစားပေးတယ်လို့ သိရပါတယ်။

'ကျွန်တော်တို့ တောင်သူတွေဘက်က ဘာဖြစ်လဲဆိုတော့ ပဲနုတ်ပြီး ချွေပြီးတော့ အခုထိုးလိုက်တယ်၊ ချွေလှေ့ထိုးလိုက်တာနဲ့ ရလာတဲ့ပဲကို အဲဒီပေါက်ဈေးနဲ့ ရောင်းချင်တယ်၊ အဲဒီသန့်စင်မှု ဘာညာ ဘာမှ မစဉ်းစားတော့ဘူး၊ အခု အခင်းက ထွက်လာတာနဲ့ အခုပိုက်ဆံဖြစ်ချင်တယ်၊ အခု မိုးမြင့်ကြယ်အဖွဲ့ကနေစပြီးတော့မှ ပဲကိုရိတ်ပြီးတဲ့အချိန်ကနေ လိုအပ်တဲ့ပညာပေး အကုန်လုံးလုပ်နေပါတယ်၊ ဒါပေမဲ့ တောင်သူတွေဘက်က လိုက်နာနိုင်မှုပိုင်းကတော့ တော်တော်လေးအားနည်းနေပါသေးတယ်၊ ကျွန်တော်တို့က တော်တော်လေးတော့ ကြိုးစားယူရဦးမှာ' လို့ တောင်သူ ဦးခင်မောင်ကျော်က ပြောပါတယ်။

> “
> လက်ရှိ ပဲပုပ်ရဲ့ ဈေးကွက်ဟာ အရည်အသွေး ကောင်းရင် ကောင်းသလောက် အထူးသဖြင့် သန့်ရှင်းမှုရှိရင် ရှိသလောက် ကုန်သည်တွေဘက်က ဈေးကောင်းပေး ဝယ်ယူနေတာတွေ ရှိပါတယ်
> ”

ဒါ့အပြင် ပဲပုပ်အများဆုံး စိုက်တဲ့ ရှမ်းပြည်ဘက်နဲ့ ကချင်ပြည်နယ်ဘက်ကထွက်တဲ့ ပဲပုပ်တွေဟာ ရောင်းချတဲ့နေရာမှာ တခြားဒေသတွေထက် သယ်ယူပို့ခစရိတ်ကြီးမြင့်နေတယ်လို့ သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ သည်ဘက်က ထွက်တဲ့ ပဲပုပ်တွေကို အများဆုံး တင်ပို့ ရောင်းချရတာက မန္တလေးမြို့ ဖြစ်နေတာကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

## လုပ်ဆောင်နေ

လက်ရှိမှာတော့ အစိုးရအနေနဲ့ နေပြည်တော်မှာရှိတဲ့ တောင်သူတွေကို ပထမဆုံးအနေနဲ့ ပဲပုပ်စိုက်ပျိုးရာမှာ လိုအပ်တဲ့အသိပညာပေးမှုတွေကို ပြုလုပ်နေပြီဖြစ်သလို အမေရိကန်ပြည်ထောင်စုနိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ ကျေးလက်ဒေသကုန်စည်တန်ဖိုးမြင့်ဈေးကွက်များ စီမံကိန်းကနေလည်း ဧရာဝတီ တောင်သူလယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ တောင်သူအစုအဖွဲ့တွေကြားမှာ စာချုပ်ကိုအခြေခံပြီးတော့မှ တောင်သူတွေအတွက် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရာမှာ လိုအပ်တဲ့ လုပ်ငန်းလည်ပတ်ချေးငွေကို ထုတ်ချေးပေးနေပြီဖြစ်တယ်လို့ သိရပါတယ်။ အခုဆိုရင် တောင်သူအစုအဖွဲ့ တစ်ဖွဲ့မှာ အယောက် ၃၀ ခန့်ရှိတဲ့ အဖွဲ့ငါးဖွဲ့ကို ချေးငွေပေါင်း ကျပ်သိန်း ၁၇၀ခန့် ထုတ်ချေးပေးပြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် တောင်သူတွေ ဈေးကွက်ခိုင်မာအောင် ရရှိဖို့အတွက်လည်း စက်ရုံတွေနဲ့ တိုက်ရိုက် ချိတ်ဆက်နေတယ်လို့ သိရပါတယ်။

သည် ကျေးလက်ဒေသကုန်စည် တန်ဖိုးမြင့်ဈေးကွက်များ စီမံကိန်းဟာ ၂၀၁၅ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၂၀၁၉ခုနှစ်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ စီမံကိန်းနယ်ကိုတော့ ဦးစားပေးအနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းကို သတ်မှတ်ထားတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က အိန္ဒိယကနေ ကန့်သတ်လိုက်တဲ့ ပဲလောကဂယက်ဖြစ်ပေါ်ချိန်မှာပဲပုပ်ကို စိုက်ပျိုးဖို့ တောင်သူတွေအနေနဲ့ ဈေးကွက်စုံစမ်းတာ စမ်းသပ်စိုက်ပျိုးတာတွေလည်း ရှိခဲ့ကြပြီး လက်ရှိအချိန်အထိ စိုက်ပျိုးနေတာတွေ ရှိနေဆဲဖြစ်တယ်လို့သိရပါတယ်။

'ပဲပုပ်က စိုက်မှရမယ်၊ ဒီဝါတွင်းကာလဆို သက်သတ်လွတ် စားကြတယ်၊ သက်သတ်လွတ်စားတဲ့ အလေ့အကျင့်လဲရှိတဲ့အခါမှာ သက်သတ်လွတ်စားတဲ့ သူတွေအတွက် အင်မတန်မှကောင်းတဲ့ အရာဖြစ်တယ်၊ အင်မတန်မှလဲ အရေးကြီးတဲ့အတွက် မြန်မာနိုင်ငံမှာတော့ ပဲပုပ်ကဘယ်တော့မှ တိမ်ကောမှာမဟုတ်ဘူးလို့ ယုံကြည်ပါတယ်' လို့ ကိုသက်ထွန်းအောင်က ပြောပါတယ်။

လက်ရှိမှာတော့ ပဲပုပ်စေ့ဈေးဟာ အမျိုးအစားအလိုက်တစ်တင်းကို အနည်းဆုံး ကျပ် ၁၅,၀၀၀ ဝန်းကျင်ကနေ ပဲပုပ်ဆီတိုး အမျိုးအစားဆိုရင် ကျပ် ၂၅,၀၀၀ ဝန်းကျင်အထိ ရှိတယ်လို့ သိရပါတယ်။

မာရီနိုင်

www.free4reader.com





ခေတ်သစ်သတင်းစာ ထုတ်ဝေသူနှင့် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်း

ထိန်းသိမ်းသိမ်း မှတ်ချက်ပေးကြသည်။

နိုင်ငံခြားရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများမှ အရာရှိများက မှတ်ချက်ပေးရာတွင် ၎င်းတို့၏ ပုဂ္ဂလိကအမြင်အဖြစ် ထည့်သွင်းဖော်ပြပေးရန်လည်း တောင်းဆိုခဲ့ကြသည်။

'ဒီပုဂ္ဂလိက သတင်းစာနဲ့ မြောက်ကိုရီးယားသံရုံးတို့ကြားမှာ ဘယ်လိုဆက်သွယ်မှုဆိုတာမသိပေမဲ့ ဘာတွေထည့်မယ်ဆိုတာကို ပြန်ကြားရေး(ဝန်ကြီးဌာန)နဲ့တော့ ညှိသင့်တယ်ထင်တယ်၊ ဒါက ကျွန်တော်တစ်ဦးတည်းရဲ့ ပုဂ္ဂလိကအမြင်ပါ'ဟု နိုင်ငံခြားရေးဝန်ကြီးဌာနရုံးမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်ဇံက Myanmar Now ကို ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းကလည်း အဆိုပါသတင်းစာနှင့် မြောက်ကိုရီးယားအကြား ဆက်နွယ်မှုအတိုင်းအတာကို စာနယ်ဇင်းကောင်စီဘက်က စောင့်ကြည့်သင့်သည်ဟု ယူဆကြောင်း ပြောသည်။

ခေတ်သစ်သတင်းစာနှင့် ပတ်သက်မှုအကြောင်း ရန်ကုန်၊ မရမ်းကုန်းမြို့နယ်ရှိ မြောက်ကိုရီးယားသံရုံးကို Myanmar Now က သွားရောက်မေးမြန်းရာတွင် သံရုံးတတိယအတွင်းဝန်က မှတ်ချက်ပေးရန် ငြင်းဆိုသည်။

## ဆက်ဆံရေး

မြန်မာသည် တစ်ချိန်က ကိုရီးယားကျွန်းဆွယ်မှ ရန်ဘက် နှစ်နိုင်ငံဖြစ်သည့် ကိုရီးယားနှစ်နိုင်ငံစလုံးနှင့် ရင်းနှီးသည့်သံတမန်ဆက်ဆံရေးရှိခဲ့ဖူးသည်။

သို့သော်လည်း ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သည့် တောင်ကိုရီးယားသမ္မတ ချွန်ဒူးဟွမ်နှင့်အဖွဲ့ကို ပြုံယမ်းက စေလွှတ်လိုက်သည့် သူလျှိုများက ရန်ကုန်တွင် လုပ်ကြံသတ်ဖြတ်ခဲ့အပြီး မြန်မာနှင့်မြောက်ကိုရီးယားကြား သံတမန်အဆက်အသွယ် အဆုံးသတ်သွားသည်။

အဆိုပါလုပ်ကြံသတ်ဖြတ်မှု အတွင်း တောင်ကိုရီးယားသမ္မတအသက်ဘေးမှလွတ်မြောက်ခဲ့သော်လည်း ၎င်း၏အစိုးရအဖွဲ့ဝင်ဝန်ကြီးများအပါအဝင် ၁၆ ဦး၊ မြန်မာသုံးဦး သေဆုံးခဲ့ပြီး ၄၈ ဦး ဒဏ်ရာရခဲ့သည်။

မြန်မာအာဏာပိုင်များက ရက်အနည်းငယ်အတွင်း မြောက်ကိုရီးယား လုပ်ကြံသတ်ဖြတ်ရေးသမားနှစ်ဦးကို အရှင်မိခဲ့ပြီး တစ်ဦးကို အသေဖမ်းမိခဲ့ သည်။ ထို့နောက် မြောက်ကိုရီးယားသံတမန်များကို နှင်ထုတ်ခဲ့ကာ သံတမန် အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။

နှစ်နိုင်ငံအကြားဆက်ဆံရေးသည် ဆယ်စုနှစ်ပေါင်းများစွာ အေးခဲခဲ့သော်လည်း တပ်မတော်အစိုးရလက်ထက်တွင် စစ်ရေးနှင့် သံတမန်ရေး အဆက်အသွယ် ပြန်ရှိလာခဲ့သည်။ မြောက်ကိုရီးယားထံမှ တပ်မတော်အစိုးရက နျူကလီးယားနည်းပညာ အကူအညီများရယူနေသည်ဆိုသောသတင်းများလည်း ထွက်ပေါ်လာခဲ့ပြီး တပ်မတော်ကမူ ထိုသတင်းများကို ငြင်းဆန်သည်။

မြန်မာနိုင်ငံတွင် မြောက်ကိုရီးယားသံရုံးကို ၂၀၀၇ ခုနှစ်တွင် ပြန်ဖွင့်ခဲ့သော်လည်း မြန်မာဘက်ကတော့ မြောက်ကိုရီးယားတွင် သံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံးဖွင့်လှစ်ခြင်း မရှိသေးပါ။

သို့သော်လည်း မြန်မာနိုင်ငံတွင်ဖွင့်လှစ်ခဲ့သည့် မြောက်ကိုရီးယား စီးပွားရေးလုပ်ငန်းများကိုကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်နှင့်အညီ အင်န်အယ်လ်ဒီပါတီအစိုးရက ပြန်လည်ထွက်ခွာစေခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ဇွန်လ ဒုတိယသီတင်းပတ်က VOA သတင်းဌာနကို ပြောသည်။

ထိုအထဲတွင် လွန်ခဲ့သည့် ခုနစ်နှစ်ခန့်ကတည်းက ရန်ကုန်၊ ဗဟန်းမြို့နယ် ဆရာစံလမ်းတွင် ဖွင့်လှစ်ခဲ့သည့် ပြုံယမ်းကော်ယိ အမည်ရှိသည့် စားသောက်ဆိုင်တစ်ဆိုင်လည်း ပါဝင်သည်။

အဆိုပါလုပ်ရပ်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒေါ်အောင်ဆန်းစုကြည်ထံ ကျေးဇူးတင်ကြောင်း စာတစ်စောင်ကို ရေးသားပေးပို့ခဲ့သည်ဟု သိရသည်။

နှစ်နိုင်ငံအကြား အကဲဆတ်သည့် သံတမန်ဆက်ဆံရေးရှိခဲ့ပြီးနောက် မြောက်ကိုရီးယားတို့က မြန်မာနိုင်ငံအတွင်း ၎င်းတို့အကြောင်းရေးသားမှုများကို အမြဲတစေ စောင့်ကြည့်လေ့လာသည့် သဘောရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်က မြန်မာစာရေးဆရာ (ဦး) ဟိန်းလတ် ရေးသားသည့် 'ကင်မ်ဂျုံအီ သို့မဟုတ် မြောက်ကိုရီးယား၏ချစ်လှစွာသော ခေါင်းဆောင်ကြီး'အမည်ရှိ စာအုပ်ကို မြောက်ကိုရီးယားသံရုံးက အချက်အလက်များ မှားယွင်းသည်ဆိုသည့် စွပ်စွဲချက်ဖြင့် ထုတ်ဝေပြီး စာအုပ်များပြန်သိမ်းရန် စာရေးဆရာကို ဖိအားပေးခဲ့ဖူးသည်။

> “အဲဒီသတင်းစာအနေနဲ့ မြောက်ကိုရီးယားရဲ့ ငွေကြေးအထောက်အပံ့ကို နည်းတစ်မျိုးမျိုးနဲ့ ဘယ်လိုယူယူ ဒါဟာ ဥပဒေနဲ့ မညီဘူးလို့တော့ ပြောလို့မရဘူး၊ စာနယ်ဇင်း သဘောတရားအရတော့ ဒါဟာ ဝါဒဖြန့်ချိတဲ့တာလို ဖြစ်နေတာ”

ကင်မ်ဂျုံအီသည် လက်ရှိ အာဏာရနေသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်၏ ဖခင်ဖြစ်သည်။

'သူတို့ပြောပုံက ဒီလိုမြောက်ကိုရီးယားခေါင်းဆောင်စာအုပ်ဆိုတာ သူတို့နိုင်ငံကကွန်မြူနစ်ပါတီက ထုတ်ရမှာ၊ ကျွန်တော်တို့ထုတ်ရမှာမဟုတ်ဘူးဆိုတာမျိုးနဲ့ပေါ့'ဟု စာရေးဆရာဟိန်းလတ်က Myanmar Now ကို ပြန်ပြောင်းပြောပြသည်။

အစိုးရအပြောင်းအလဲဖြစ်ပြီးနောက် အဆိုပါစာအုပ်ကို ဒုတိယအကြိမ် ထပ်မံပုံနှိပ်ခဲ့သော်လည်း မြောက်ကိုရီးယားဘက်က တစ်စုံတစ်ရာကန့်ကွက်ခြင်းမရှိတော့ဟု သူက ဆိုသည်။

ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအွန်ကို သရော်သည့် ဟောလိဝုဒ်ရုပ်ရှင် The Interview DVD ကို ရန်ကုန်တွင် ရောင်းချနေသည့် အပေါ် အရေးယူပေးရန် သံရုံးက တောင်းဆိုခဲ့သည်ဟု ဧရာဝတီသတင်းဌာနက ၂၀၁၅ ခုနှစ်တွင် ရေးသားခဲ့သည်။

၎င်းတို့အကြောင်း အဆိုးမြင်ရေးသားမှုများကို မာမာထန်ထန် တုံ့ပြန်ခဲ့သော်လည်း အခြားတစ်ဖက်တွင် မြောက်ကိုရီးယားတို့က ဝါဒဖြန့်ချိရေးသားမှုများကို ၂၀၁၂ ခုနှစ်ဝန်းကျင်ကတည်းက ကြော်ငြာသဘောမျိုးဖြင့် ပြည်တွင်းထုတ်ဂျာနယ်များတွင် ထည့်သွင်းလေ့ရှိသော်လည်း ယခုကဲ့သို့ စာမျက်နှာအများအပြား ထည့်သွင်းရေးသားသည်ကို မတွေ့ဖူးကြောင်း ဦးဟိန်းလတ်က ပြောသည်။

အနိမ့်အမြင့်အတက်အကျများသော နှစ်နိုင်ငံဆက်ဆံရေး အကြားရှိ ခေတ် သစ် သ တင်း စာ သည် မြောက်ကိုရီးယားတို့၏ သဘောထားကို ဖော်ပြရေးသားသည့် မြန်မာပုံနှိပ်မီဒီယာတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ **ထက်ခေါင်လင်း**

(Myanmar Now)

---

တယ်လို့ သိရပါတယ်။ လေးရက်အတွင်း ရရှိတဲ့ငွေကတော့ ယူရို ၂၅၁.၉၅၄ သန်းဖြစ်ပါတယ်။ ကျောက်စိမ်းမှာဆိုရင်လည်း တရုတ်ရတနာကုန်သည်တွေပဲ အဓိကဝယ်ယူကြတယ်လို့ သိရပါတယ်။

သည်နှစ် ကျင်းပတဲ့ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ပြပွဲမှာဆိုရင် အရင်နှစ်တွေကလို ရတနာကုန်သည်တွေအနေနဲ့ အဆိုပြုဈေးနှုန်းတွေပေးပြီး အမှန်တကယ် ဝယ်ယူမှုမရှိရင် black-list စာရင်းသွင်းကာ ဒဏ်ရိုက်တဲ့ စနစ်ပါဝင်ခြင်းမရှိပါဘူး။ ဒါ့အပြင် အာမခံစပေါ်ငွေပိုင်းမှာ အရင်က ဝယ်လိုက်တဲ့တန်ဖိုးရဲ့ ငါးရာခိုင်နှုန်းသာပေးသွင်းရပြီး သည်နှစ်မှာ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ထားပါတယ်။ သည်စနစ်တွေဟာ သည်နှစ်မှ ပြောင်းလဲလိုက်တာဖြစ်ပြီး နောက်နှစ်တွေမှာ သည်စနစ်အတိုင်းသွားဖို့ မသွားဖို့ဆိုတာကတော့ ပြပွဲပြီးမှ ရလဒ်ကိုကြည့်ပြီး ဆုံးဖြတ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန်လ ၂၉ ရက်နေ့အထိ ကျင်းပသွားမှာဖြစ်ပြီး ပြီးခဲ့တဲ့ နှစ်လယ်ကျောက်မျက်ပြပွဲမှာတော့ ယူရိုငွေသန်း ၄၀၀ ကျော်ဖိုးအထိ ရောင်းချခဲ့ရပြီး အမှန်တကယ်ဝယ်ယူတာတော့ ယူရို သန်း ၃၀၀ ကျော်ဖိုးလောက်သာရှိခဲ့တယ်လို့ သိရပါတယ်။ **မာရီနိုင်**



www.free4reader.com





# နည်းဗျူဟာသစ်နှင့် ခရီးဆက်သူ

ခင်မောင်ဝင်း(စစ်တွေ)

'ကိုစံလှရေ...မိုးတွင်းဆိုတော့ ကားအောက်ပိုင်းကို ဆီထိုးထားရင် ကောင်းမလားလို့၊ သံချေးမကိုက်ရအောင်လို့'

'ကောင်းတာလဲရှိတယ်၊ မကောင်းတာလဲရှိတယ် ဆရာဝင်း'

'ဘယ်လိုတုံးဗျ'

'အောက်ပိုင်းကို ဆီထိုးထားတော့ ဖုန်တွေ သဲတွေအားလုံးက ကပ်နေရင် ကွာမကျတော့ဘူး၊ မထိုးထားတော့ ရေတောထဲ ဖြတ်မောင်းရင် တစ်ခါတည်း သန့်ရှင်းရေးလုပ်ပြီးသားဖြစ်သွားရော'

'ဒါဆိုလဲ ကားကို ရေပဲ ဆေးတော့မယ်ဗျာ၊ အောက်ပိုင်း ဆီမထိုးတော့ဘူး၊ ဒါနဲ့ ခါတိုင်း ကျွန်တော့်ကို ဆေးပေးနေကျ ကောင်လေး မတွေ့ပါလား'

'ဩော်...မောင်မင်းအောင်လား၊ မနေ့က အလုပ်လုပ်ရတာ နေဝင်မိုးချုပ်ဆိုတော့ ပင်ပန်းသွားတယ်ထင်ပါတယ်'

ကိုစံလှ ဝပ်ရှော့က ကျွန်တော် ဂျစ်ကားစစီးကတည်းက ပင်ရင်းဖောက်သည်ဖြစ်သည်။ အရေးအကြောင်းဆို သူ့ဆီကိုပဲ ပြေးရသည်။ သူနှင့်တိုင်ပင်ရသည်။ ဆွေးနွေးရသည်။ ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်။

နောက်တစ်ပတ် အင်ဂျင်ဝိုင်လဲရန် ရောက်တော့ ဝန်ထမ်းနှစ်ယောက် ပျက်ကွက်သည်။ လာအပ်သည့်ကားစီးရေကလည်း နည်းသွားသလို ခံစားရသည်မို့...

'ကိုစံလှ မိုးတွင်းဖြစ်လို့ ကားနည်းတယ်ထင်တယ်'

'အင်း...ဟုတ်မလားမသိဘူး ဆရာဝင်း'

နောက်ပိုင်းတော့ ကျွန်တော်မရောက်ဖြစ်တော့။ ခုခေတ်ကားတွေက အရင်ခေတ်ကားတွေနှင့်မတူ။ ကားကောင်းကောင်း တစ်စီးဝယ်၊ လိုအပ်သော အင်ဂျင်ဝိုင်၊ ပါဝါဆီ၊ ဂီယာဆီ၊ ဘရိတ်ဆီတွေသာ သတ်မှတ်ချိန်အတိုင်း လဲပေးလိုက်ရုံနှင့် ကားကို လှည့်ကြည့်ဖို့မလို။ ဒေါက်ဆိုဝူးခနဲ စက်နိုးသည်။ ကားတွေကလည်း အရင်ကလို ခက်ခက်ခဲခဲ ဝယ်ရတာမဟုတ်တော့ ကားစီးရေတိုးလာသည်။ ကားတွေတိုးလာတော့ ဝပ်ရှော့တွေလည်း တိုးလာသည်။

*

မရောက်တာ အတော်ကြာပြီဖြစ်သော ကိုစံလှဝပ်ရှော့သို့ လမ်းကြုံသဖြင့် ဝင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့ဝပ်ရှော့နှင့် မျက်စောင်းထိုးတွင် ပေါ်ပြူလာတီးစင်တာရှိသောကြောင့် ဖြစ်သည်။ သူက ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်၌ တည်ခင်း ဧည့်ခံသည်။

'ကိုစံလှ ဒီနေ့တော့ တပည့်တွေ လူစုံတက်စုံ တွေ့တယ်၊ ကားတွေလဲ အများကြီးပဲ'

'ဟုတ်တယ် ဆရာဝင်း၊ ဝပ်ရှော့ကို အုပ်ချုပ်တဲ့ ဗျူဟာကို ကျွန်တော် ပြောင်းထားလို့'

'ဟုတ်လား'

'အခု ဗျူဟာပြောင်းလိုက်မှပဲ တပည့်တွေ မပျက်ကွက်တော့ဘူး၊ အလုပ်ကိုလဲ ကြိုးစားလုပ်ကြတယ်၊ ဒီတော့ ဝန်ဆောင်မှုပိုကောင်းလာတယ်၊ ဒါကြောင့် ဖောက်သည်တွေပြန်ရောက်လာတယ်၊ သူတို့က သူတို့မိတ်ဆွေတွေကို ထပ်ခေါ်လာကြတယ်၊ ခုဆို ဝန်ထမ်းနှစ်ယောက်တောင် အသစ်ထပ်ခန့်ထားရတယ်'

'တယ်ဟုတ်တဲ့ ဗျူဟာပါလား၊ ကျွန်တော် စိတ်ဝင်စားသွားပြီ'

'ကဲ...စားလဲစား၊ သောက်လဲသောက် နားလဲနားထောင်ပေါ့'

သူက ပြောပြောဆိုဆို ကြက်ဥပေါင်မုန့်ကြော်တစ်ဖဲ့ကို ပါးစပ်ထဲထည့်ပြီး ဖက်စပ် လက်ဖက်ရည်တစ်ကျိုက်ကိုမော့လိုက်သည်။ ကျွန်တော်ကလည်း သူလုပ်သလို လိုက်လုပ်။

'ဒီလိုဗျ ဆရာဝင်း၊ အရင်ကတော့ ကျွန်တော့်တပည့်တွေကို သူတို့ရဲ့ ကျွမ်းကျင်မှုပေါ်မူတည်ပြီး လစာပေးလို့ခိုင်းတာ၊ ဒီတော့ လခစားရဲ့ထုံးစံအတိုင်းပေါ့ဗျာ၊ အချိန်ပိုလုပ်ရရင်၊ အလုပ်တွေများလာရင်၊ ပိတ်ရက်တွေမှာခေါ်ရင် အကြောင်းအမျိုးမျိုးပြတော့တာပဲ၊ လာချင်လာတယ်၊ မလာချင် မလာဘူး'

'အဲဒီလိုနေ့မျိုးတွေမှာ ပိုမပေးဘူးလား၊ ပိုမကျွေးဘူးလား'

'ပေးတာ ကျွေးတာပေါ့ဗျာ၊ ဒါပေမဲ့ အဆင်မပြေဘူး'

'အင်း'

'ဒီတော့ ကျွန်တော်ပထမဆုံး ကျွန်တော့်ဝပ်ရှော့နယ်မြေမှာ ကားဘယ်နှစီးရှိလဲ၊ တစ်မြို့လုံးမှာ ဘယ်နှစီးရှိလဲ၊ ကျွန်တော့်ဆီ ဘယ်နှစီးလာသလဲ သုတေသနလုပ်ကြည့်တယ်၊ ပထမတော့ လာပါရဲ့၊ နောက်ပိုင်းတဖြည်းဖြည်းလျော့လာတယ်'

'ဘာကြောင့်လဲ'

'ဝန်ဆောင်မှုပေါ့ဗျာ၊ လာအပ်တဲ့အခါ ကားကို ထားခဲ့ရမယ်ဆိုတာနဲ့ ပိုင်ရှင်က သိပ်မကြည်တော့ဘူး၊ ချက်ချင်းပြင်လို့ရတာဆိုရင် ချက်ချင်းပဲလိုချင်ကြတယ်၊ အခုခေတ်က အချိန်ဟာ ငွေပဲလေ ဆရာဝင်း'

'အင်း ဟုတ်တာပေါ့'

'ခုတော့ နည်းဗျူဟာပြောင်းလိုက်တာနဲ့ အိုကေသွားတယ်ဆိုတာက အရင်က ပေးတဲ့လစာပုံစံမျိုးမဟုတ်တော့ဘဲ အခုနေ့တိုင်တာနဲ့ စာရင်းကိုင်အပ်တဲ့ငွေကို ဝန်ထမ်းအားလုံးရှေ့မှာပုံလိုက်တယ်၊ ပြီးတော့ ၄၀ ရာခိုင်နှုန်းကို ကျွန်တော်ယူတယ်၊ ကျန်တဲ့ ၆၀ ရာခိုင်နှုန်းကို သူတို့ကို ပေးတယ်'

'အင်း'

'ကျန်သေးတယ်၊ တစ်ရက်တာ သူတို့ လက်ဖက်ရည်သောက်၊ ကွမ်းစားလို့ပိုတဲ့ ငွေကိုမှ ခွဲဝေတာ၊ ပြီးတော့ တနင်္ဂနွေမလာချင်လဲရတယ်၊ လာရင် ဒီအချိုးအတိုင်းရမယ်လို့လဲ ကြေညာထားတယ်'

'ဒီတော့...'

'ဒီတော့ ကိုယ့်လူတွေ မလာပါနဲ့တောင် ပြောယူရတယ် ကိုဝင်းရေ'

ခုမှ သဘောပေါက်သွားပါသည်။ သူ့ကို ဝပ်ရှော့ပြန်လိုက်ပို့ရင်း သူ့တပည့်တွေ အလုပ်လုပ်နေတာကြည့်လိုက်တော့ တကယ့်ကိုတက်တက်ကြွကြွ တစ်ယောက်နှင့်တစ်ယောက် အပေးအယူတွေမှုလို့။ ကားတွေ တစ်စီးပြီးတစ်စီးရေဆေး သူဆေး၊ ဝပ်ရှော့ထဲ ဝင်တာဝင် ထွက်တာထွက်။

ခင်မောင်ဝင်း(စစ်တွေ)






မော်ဒန်

တာဝန်ခံအယ်ဒီတာ
ဝေလွှ
အယ်ဒီတာအဖွဲ့
သင်းသင်းထွေး၊ ဆန်းပြုံးသော်
သတင်းထောက်များ
မေနုကြည်၊ အေးအေးအောင်၊
အောင်ထွန်းဦး၊ ဗွတ္တမြူ
မေသော်တာမောင်၊ လီဗွာ၊ မိုမိုသူဇာ၊ နှင်းနှင်း၊
မိုပွဲ့၊ မေသော်
သတင်းဓာတ်ပုံ
မျိုးနိုင်
သတင်းဘာသာပြန်အဖွဲ့
အယ်ဒီတာ
မိုးထက်ခင်
လက်ထောက်အယ်ဒီတာ
ဇူပြည့်စုံ
ဘာသာပြန်အဖွဲ့
အေးသီမွန်၊ ယွန်းစန္ဒီစိုးမွန်၊ သော်၊ နှင်းသန့်
ကော်ပီအယ်ဒီတာ
မျိုးမင်းဦး၊ ညီမင်းဦး
ဂရပ်ဖစ်ဒီဇိုင်း
(မောင်မြ-ဓနု)
စာပြင်-သက်ဝေ၊ သက်နိုင်
ကွန်ပျူတာအဖွဲ့
ချယ်ရီသင်း၊ အေးသီတာ၊
မျိုးသန္တာသန်း၊ ယဉ်သန္တာ၊ နေနွယ်ဝင်းမြင့်၊
သက်သက်နိုင်၊ အိန္ဒြ
ကြော်ငြာအဖွဲ့
သင်းသီရိစင်
ဖုန်း-၀၁ ၂၉၁၈၆၅၊ ၀၉ ၇၃၉၂၅၈၉၅
ပုံနှိပ်သူ
ဦးဝင်းအောင် (မြ-၀၀၀၂)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄/၈၆၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးမောင်မောင်စိန် (၀၀၆၄၄)
အမှတ် ၁၁၃၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အထက်မြန်မာပြည်ရုံးခွဲ
တာဝန်ခံ(ယာယီ)
မိုးစိန်
သတင်းထောက်များ
မိုမိုထွန်း၊ နန်းဧမာထွေး၊
နေပြည်တော်ရုံးခွဲ
အယ်ဒီတာ
ချိုခင်မာဝင့်
သတင်းထောက်
မာနီနိုင်၊ အောင်မင်းသိန်း
အမှတ် ၆၉၊ ၄ လမ်း၊ နယ်မြေ(၂)၊
သပြေကုန်း၊ နေပြည်တော်။
ဖုန်း-၀၆၇ ၄၁၄၉၀၅

www.free4reader.com



# ပရိသတ်ကြိုက် ဇာတ်မျိုးကို ရွေးချယ်ဖြစ်နေတဲ့ အိချောပို



**မန္တလေး၊ ဇွန် ၂၇**–လတ်တလောမှာ စီးပွားရေးထက်အနုပညာအလုပ်ကိုပဲ တစ်စိုက်မတ်မတ်လုပ်ဖြစ်ပါမယ်ဆိုတဲ့ အိချောပိုက ဇာတ်ရွေးချယ်မှုကိုလည်း ပရိသတ်ကြိုက်နိုင်မယ့် ဇာတ်မျိုးကိုပဲ ရွေးချယ်ဖြစ်တယ်လို့ ဆိုကာ ရုပ်ရှင်ကားကြီးတွေ အများဆုံးရိုက်ကူးဖြစ်နေတယ်လို့ သိရပါတယ်။

အနုနောက်ပိုင်းအနုပညာရှင်တော်တော်များများ စီးပွားရေးဘက်ကိုလည်း ခြေလှမ်းနေကြပေမဲ့ အိချောပိုကတော့ 'အိချောကတော့ လောလောဆယ်မှာတော့ အနုပညာအလုပ်တွေပဲ လုပ်နေပါတယ်၊ ကိုယ်ချစ်တဲ့ အနုပညာအလုပ်လေးတွေပဲ အခုချိန်မှာ တစ်စိုက်မတ်မတ် လုပ်နေတယ်၊ တစ်နေ့ စီးပွားရေးလုပ်သင့်တဲ့ အရွယ်ရောက်ရင်တော့ လုပ်သင့်လို့ အချိန်ပေးနိုင်ရင်တော့ အိချောလုပ်ဖြစ်မှာပါ' လို့ ဆိုပါတယ်။

လတ်တလောမှာတော့ အိချောပိုက ဒါရိုက်တာပြည်ဟိန်းသီဟ ရိုက်ကူးတဲ့ ရုပ်ရှင်ကားကြီးမှာ အကယ်ဒမီလူမင်း၊ ခန့်စည်သူ၊ ရွှေသမီး၊ ခင်လှိုင်၊ ဂွမ်းပုံလေးတို့နဲ့အတူ လူမင်းရဲ့ ရည်းစားနေရာက သရုပ်ဆောင်ထားတယ်လို့ သိရပါတယ်။

'အိချောက ဗီဒီယိုလဲ ကိုယ့်လာငှားရင် ရိုက်ဖြစ်တယ်ပေါ့နော်၊ အချိန်လဲရတယ်ဆိုရင် ရိုက်ဖြစ်တယ်၊ အခုလောလောဆယ်တော့ ရုပ်ရှင်ကားကြီးတွေ လက်ခံထားတာပိုများတယ်၊ အခုလက်ရှိမှာတော့ ချောပါဝင်သရုပ်ဆောင်ထားတဲ့ ပင်လယ်ကြီးက ဘာပြောလဲဆိုတဲ့ ရုပ်ရှင်ကားကြီးတော့ ရုံစတင်နေပါပြီ၊ ပရိသတ်တွေလဲ အားပေးပါလို့၊ ဟာသကားလေးပါ၊ ပျော်စရာလေးပေါ့၊ နောက်ပြီးတော့ အိချောက ကြွေကားလေးလဲ ရုံတင်ဖို့ ရှိပါတယ်၊ ကြွေကားမှာ အိချောက ခင်ရင်တင် ဆိုတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ထားတယ်၊ တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေရဲ့ အပျော်လေးတွေ အလွဲလေးတွေ ချစ်စရာကောင်းတဲ့ ပုံစံမျိုးလေးတွေကို လူငယ်ဆန်ဆန် ဇာတ်လမ်းလေးပါပဲ' လို့ အိချောပိုက ပြောပါတယ်။

အိချောပိုက သူ့ကို လာအပ်တဲ့ အလုပ်ပေါ်မှာ ပရိသတ်တွေ ကြိုက်နိုင်မကြိုက်နိုင်ကို ပြန်လည်ပြီးဝေဖန်ကာ စဉ်းစားရွေးချယ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဟာသကားတွေလည်း ရိုက်ဖြစ်တယ်ဆိုတဲ့ သူက 'ဟာသကားမှာ အရေးကြီးတာက ကိုယ်တစ်ယောက်တည်း လုပ်ကွက်ရနေလို့လဲ မဟုတ်ဘူးလေ၊ အားလုံး တက်ညီလက်ညီနဲ့ ပါဝင်ပြီးတော့ အဆင်ပြေမှ၊ အားလုံးသရုပ်ဆောင်ရတာလဲ ချိတ်ဆက်မိမှ ဆိုတော့ အိချောကိုယ်တစ်ယောက်တည်း လုပ်ကွက်ထူးကဲပြီး ရနေတာမဟုတ်ပါဘူး၊ အားလုံး တက်ညီလက်ညီနဲ့ ဝိုင်းပြီး သရုပ်ဆောင်တဲ့ ကားမျိုးလေးတွေ ရိုက်ကူးသွားမှာပါ၊ အိချောတို့ကတော့ ပြောင်းလဲလာတဲ့ ပေါ်မူတည်ပြီး အကောင်းဆုံးတော့ ကြိုးစားသွားပါမယ်၊ ပြီးတော့ ကိုယ့်ကို လာအပ်တဲ့ ဇာတ်ပေါ်မှာမှ ပရိသတ်ကြိုက်မယ်ထင်တဲ့ ဇာတ်မျိုးကိုအထူးသဖြင့် ပိုရွေးချယ်ပြီးတော့ ရိုက်မယ်၊ နောက်ပြီး ကိုယ့်အတွက်လဲ လုပ်ကွက်ရတဲ့ ဇာတ်မျိုး ရွေးချယ်ရိုက်ကူးမယ်လို့ ဆုံးဖြတ်ထားပါတယ်' လို့ ပြောပါတယ်။

**စန္တာဖြူ**

# နောက်ထပ်ဇာတ်ကားနှစ်ကားရိုက်ဖို့ ပြင်ဆင်နေတဲ့ ဒါရိုက်တာ ခရစ္စတီးနားဒီ

မန္တလေး၊ ဇွန် ၂၆– နိုင်ငံတကာက အောင်မြင်နေတဲ့အနုပညာရှင်တွေရဲ့ လမ်းကြောင်းအတိုင်းပဲ လုပ်ချင်တယ်ဆိုတဲ့ ဒါရိုက်တာ ခရစ္စတီးနားဒီက လက်ရှိဇာတ်ကားနှစ်ကားနဲ့ ပရိသတ်လက်ခံနိုင်တဲ့ အားရှိတာကြောင့် ပိုကြိုးစားချင်စိတ်ဖြစ်လာတယ်လို့ ဆိုပါတယ်။

နောက်ထပ်ဇာတ်ကားနှစ်ကား ထပ်မံရိုက်ကူးဖို့ ပြင်ဆင်နေတဲ့ ဒါရိုက်တာ ခရစ္စတီးနားဒီက 'ခုနစ်လပိုင်းလောက်ကျရင် စပြီး ကတ်စတင်ခေါ်မယ်၊ အခုကတော့ လောလောဆယ် location တွေစပြီး list လုပ်နေတယ်ပေါ့၊ ဘယ်နေရာတွေ လိုအပ်တယ်၊ အရင်ဆုံး list လုပ်တယ်၊ list ပြီး pre စထိုင်တာနဲ့ ဘယ်အိမ်ဖြစ်မယ်၊ ဘယ်သူတွေဖြစ်မယ်ဆိုတာ လုပ်မယ်ပေါ့' လို့ ပြောပါ တယ်။

ထပ်မံရိုက်ကူးမယ့် ဇာတ်ကားနှစ်ကားကတော့ သီတာဇာတ်ကားနဲ့ Now and Ever ဇာတ်ကားတွေဖြစ်တယ် လို့ ဆိုပါတယ်။ သီတာဇာတ်ကားက မင်းသမီးဦးစားပေးတဲ့ ဇာတ်ဖြစ်ကာ ခေတ်လွန်ဇာတ်ကားပုံစံမျိုးလို့ ဆိုပြီး Now and Ever ဇာတ်ကားကတော့ အချစ်ဇာတ်ကား ဖြစ်တယ်လို့ သိရပါတယ်။

သူ့ရဲ့ အနုပညာအပေါ်ထားတဲ့ ခံယူချက်နဲ့ ပတ်သက်ပြီး ခရစ္စတီးနားဒီက 'အဓိကကတော့ တစ်မူကွဲဖို့ ထက် နိုင်ငံတကာမှာ အောင်မြင်နေတဲ့ အနုပညာရှင်တွေရဲ့ လမ်းကြောင်းအတိုင်းလေးပဲ လုပ်ချင်တာပေါ့၊ ဘာဖြစ်လို့လဲဆို သူတို့ ဒီနှစ်ပေါင်းများစွာ ဒီ industry ကြီးကို အောင်မြင်အောင် ထူထောင်ထားတယ်ဆိုကတည်းက သူတို့လမ်းကြောင်းမှန်တယ်ဆိုတာ လုံးဝကျိန်းသေပေါ့၊ အဲဒီတော့ သူတို့တွေ လုပ်သလိုပဲ ကိုယ့်ဘက်မှာလဲ သူတို့လောက်အထိ ပံ့ပိုးနိုင်တဲ့ ဘတ်ဂျက်တို့ ဘာတို့ technology တွေ အရမ်းကြီး အဆင်မပြေသေးတဲ့ တိုင်အောင် ကိုယ့်ရဲ့စိတ်ကတော့ သူတို့လိုပဲ ထားနိုင်ရမယ်၊ သူတို့လောက် ပေးဆပ်နိုင်ရမယ်၊ သူတို့လောက် အနုပညာကို ချစ်ရမယ်ပေါ့၊ အဲဒီအတွက်ကြောင့် မို့လို့ပဲ သေသေချာချာလေး လုပ်ချင်တယ်၊ ပထမနှစ်ကားရဲ့ အောင်မြင်မှုက ဒါမျိုးလေးဆိုရင် ပရိသတ်ရှိတယ်၊ ပရိသတ်တွေက လက်ခံနိုင်တဲ့ အားရှိတယ်ဆိုတာကို သိတဲ့ အတွက်ကြောင့် မို့လို့ သာပဲ ဒီထက်မက ကြိုးစားမယ်ဆိုရင် အများကြီးဖြစ်ထွန်းလာနိုင်တယ်' လို့ ပြောပါတယ်။



ဇာတ်ကားရိုက်ကူးတဲ့အခါမှာ သရုပ်ဆောင်တွေကို ကမ်းလှမ်းတိုင်းလက်မခံဘဲ ဇာတ်နဲ့အမှန်တကယ်လိုက်ဖက်တဲ့သူကို သာရွေးချယ်ရိုက်ကူးတာကလည်း သူ့ရဲ့ ခံယူချက်လို့လည်း ခရစ္စတီးနားဒီက ဆိုပါတယ်။

**စန္တာဖြူ**

# စိုင်းဆိုင်မောဝ် ဂုဏ်ပြုပွဲတေးသီချင်း ရုပ်သံထုတ်လွှင့်မှု သတိပေးတားမြစ်

**မန္တလေး၊ ဇွန် ၂၆**–မန္တလေးမြို့ မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့တဲ့ တေးသံရှင်စိုင်းဆိုင်မောဝ်အတွက် ဂုဏ်ပြုပွဲ ချယ်ရီတွေဝေလှပစွာ ပွင့်မည့် မန္တလာညရန်ပုံငွေ ဂီတပွဲက တေးသီချင်းတွေကို ခွင့်ပြုချက်မယူဘဲ မထုတ်လွှင့်ဖို့ ရုပ်သံလိုင်းတွေကို တားမြစ်ထားပါတယ်။

တေးသံရှင်စိုင်းဆိုင်မောဝ်(ခ) ဦးစိုင်းညွှန့်မောင် ၁၃/လရန(နိုင်)၀၉၀၀၈၇ ရဲ့ တေးသီချင်းတွေကို သီဆိုခဲ့ကြတဲ့ ချယ်ရီတွေဝေလှပစွာပွင့်မည့် မန္တလာည ရန်ပုံငွေ ဂီတပွဲက တေးသီချင်းတွေကို ရုပ်သံလိုင်းတွေက ခွင့်ပြုချက်မယူဘဲ ထုတ်လွှင့်ပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ဇွန်လ ၂၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၄) မှာ အဆိုတော် စိုင်းဆိုင်မောဝ်ရဲ့ တရားလွှတ်တော်ရှေ့နေ ဦးမြအောင်(အောင်ကြီး)က ကြော်ငြာခဲ့တာဖြစ်ပါတယ်။

'ကိုစိုင်းဆိုင်မောဝ်ကတော့ ဘန်ကောက်မှာပါ၊ ကြော်ငြာချက်ထည့်ထားတာကတော့ သူ့အတွက် ဖျော်ဖြေပွဲ လုပ်ပေးတာကိုတော့ ခွင့်ပြုပါတယ်၊ တီဗီချန်နယ်လိုင်းတွေကတော့ ထုတ်လွှင့်မယ်ဆိုရင်တော့ သူ့ဆီက ခွင့်ပြုချက်တောင်းစေချင်တယ်၊ ခွင့်ပြုချက်ရရင်တော့ ခွင့်ပြုမှာပါ' လို့ ဦးမြအောင်က ပြောပါတယ်။ အဆိုပါ ရန်ပုံငွေဂီတပွဲတော်ကို နမ့်မောဝ်ခမ်းတေးဂီတအဖွဲ့နဲ့ အတူ ရှမ်းပြည်နယ်မှ အဆိုတော် ၂၂ ဦးခန့်က မြန်မာ၊ ရှမ်းနှစ်ဘာသာနဲ့ သီဆိုဖျော်ဖြေခဲ့ကြတာဖြစ်ပါတယ်။

သည်ရန်ပုံငွေဂီတပွဲနဲ့ ပတ်သက်ပြီး မှတ်တမ်းရိုက်ကူးတာ၊ ထုတ်လွှင့်ပြသတာတွေ အတွက် ရုပ်သံမှတ်တမ်းတွေကို တေးသံရှင်စိုင်းဆိုင်မောဝ်ခွင့်ပြုချက် မရှိပါက မည်သည့် TV Channel ရုပ်သံလိုင်းတွေမှာ ထုတ်လွှင့်ပြသခြင်းမပြုဖို့ သတိပေးတားမြစ်ထားတာကြောင့် ထုတ်လွှင့်ပါက ဥပဒေအရအရေးယူသွားမယ်လို့ သိရပါတယ်။

**စန္တာဖြူ**

## ၂၀၁၈ ကမ္ဘာ့ဖလား

# ၁၆ သင်း ရှုံးထွက်အဆင့်မှာ အပြင်းထန်ဆုံး ပြိုင်ဆိုင်မှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ကြမယ်

ဇွန် ၂၇ – ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ သည်တစ်ပတ် စနေနေ့ကစပြီး ရှုံးထွက်အဆင့်တွေကို စတင်တော့မှာပါ။ ရှုံးထွက်အဆင့်ဖြစ်တာနဲ့အညီလုံးဝအမှားခံလို့မရတော့ဘဲ အကြိတ်အနယ်အရှိဆုံး ပြိုင်ဆိုင်မှုတွေကိုပိုပြီး မြင်တွေ့လာရတော့မှာ ဖြစ်ပါတယ်။ လောလောဆယ်အထိ အုပ်စု A နဲ့အုပ်စု B ရဲ့နောက်ဆုံးရလဒ်တွေကို သိရှိထားပြီး ရှုံးထွက်အဆင့် ၄ ပွဲလည်း ဘယ်အသင်းတွေနဲ့ဆိုတာ သိရှိရပြီးပါပြီ။

သည် လေးပွဲစလုံး ပွဲကောင်းတွေဖြစ်ပြီး သည်ထဲမှာမှ ဗိုလ်စွဲဖို့ ရေပန်းစားတဲ့ အသင်းနှစ်သင်းဖြစ်တဲ့ ပြင်သစ်နဲ့ အာဂျင်တီးနားတို့ တွေ့ဆုံပွဲကတော့ပိုပြီးစိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာကောင်းမှာ သေချာပါတယ်။

**၁၆ သင်း ရှုံးထွက်အဆင့်လေးပွဲ**

ဇွန် ၃၀ စနေနေ့ ည ၈း၃၀
**ပြင်သစ် VS အာဂျင်တီးနား**
ဇူလိုင် ၁ တနင်္ဂနွေနေ့ မနက် ၀၀း၃၀
**ဥရုဂွေး VS ပေါ်တူဂီ**
ဇူလိုင် ၁ တနင်္ဂနွေနေ့ ည ၈း၃၀
**စပိန် VS ရုရှား**
ဇူလိုင် ၂ တနင်္လာနေ့ မနက် ၀၀း၃၀
**ခရိုအေးရှား VS ဒိန်းမတ်**

## ဘယ်လိုရလဒ်တွေ ထွက်လာနိုင်မလဲ

**ပြင်သစ် VS အာဂျင်တီးနား**

နှစ်သင်းစလုံးက ပြိုင်ပွဲမစခင်ကတည်းက ချန်ပီယံရေပန်းစားအသင်းတွေပါ။ ဒါပေမဲ့ ပြိုင်ပွဲစတင်ပြီးတဲ့ အဆင့်အထိ ရောက်လာချိန်မှာတော့ သူတို့ရဲ့ခြေစွမ်းတွေကြောင့် ချန်ပီယံဆုအတွက် သံသယဝင်စရာတွေ ဖြစ်လာပါတယ်။ ပြင်သစ်ထက် အာဂျင်တီးနားက ပိုပြီး သံသယဝင်ခံရပြီး အုပ်စုတွင်းမှာ အတော်ကြီးကို ခြေပျက်ခဲ့တာပါ။ သည်အဆင့်ကို ရောက်လာတာတောင်အာဂျင်တီးနားဟာ ရဂိုး သုံးဂိုး၊ ပေးဂိုးငါးဂိုးနဲ့ကျားကုတ်ကျားခဲ ရောက်လာတာပါ။ ရဂိုး သုံးဂိုး၊ ပေးဂိုးတစ်ဂိုးဆိုတဲ့ ပြင်သစ်ရဲ့ အုပ်စုတွင်းရလဒ် နဲ့ ယှဉ်ကြည့်နိုင်ပါတယ်။ ဒါတောင် ပြင်သစ်က အုပ်စုနောက်ဆုံးပွဲမှာ အဓိကကစားသမား အားလုံးနီးပါးကို ချန်လှပ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအတိုင်းဆိုရင်တော့ ပြင်သစ်က အသာစီးဘက်မှာ ရှိနိုင်ပါတယ်။

သည်နှစ်သင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ နှစ်ကြိမ်ဆုံဖူးပြီးနှစ်ကြိမ်စလုံးအာဂျင်တီးနားကပဲ အနိုင်ရထားတယ်။ ဒါက ဟိုးအစောပိုင်းနှစ်တွေကပါ။ ဒါပေမဲ့ သည်ဘက်နှစ်ပိုင်း ခြေစမ်းပွဲတွေမှာလည်း အာဂျင်တီးနားကပဲနှစ်ပွဲကစား နှစ်ပွဲလုံး အနိုင်ယူထားတယ်။

ကစားသမားစုဖွဲ့မှုအရ ကြည့်ရင် သည်နှစ်သင်းသိပ်မကွာပါဘူး။ အာဂျင်တီးနားမှာမက်ဆီလိုပါရမီရှင်တွေရှိသလို ပြင်သစ်မှာလည်း ပေါ့ဘာလို ကွင်းလယ်ဗိုလ်ချုပ်တွေ ရှိပါတယ်။ တိုက်စစ်ပိုင်းမှာ သိပ်မကွာခြားပေမဲ့ကွင်းလယ်မှာ ပြင်သစ်က စီးထားနိုင်စွမ်းပိုရှိပြီး ခံစစ်နဲ့ ဂိုးသမားပိုင်းမှာလည်း ပြင်သစ်က ပိုတည်ငြိမ် ပိုမာကျောပိုအလုပ်ဖြစ်ပါတယ်။ ဒါကြောင့် အသင်းလိုက်ခြုံကြည့်ရင်ပြင်သစ်က အထက်စီးက ရှိနေမှာပါ။

ရှုံးထွက်ပွဲဖြစ်လို့ ဂိုးတွေ လှိုင်လှိုင်မြင်ရဖို့တော့ ခက်ပါတယ်။ အချိန်ပိုပင်နယ်တီတွေ အထိ ရောက်သွားနိုင်ပါတယ်။ ပြင်သစ်ပဲ ကွာတားတက်သွားဖို့များပါတယ်။

**ဥရုဂွေး VS ပေါ်တူဂီ**

သည်ပွဲကလည်း နောက်ထပ် ရေပန်းစားအသင်းတွေရဲ့ပွဲပါ။ ဥရုဂွေးက တောင်အမေရိကအသင်း ပီပီမာကျောပြီး ဘောလုံးမာယာကြွယ်ပါတယ်။ အုပ်စုတွင်းမှာ အစောပိုင်းနှစ်ပွဲခြေစွမ်းမကောင်းခဲ့ပေမဲ့အိမ်ရှင် ရုရှားကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ပွဲမှာတော့ အားရစရာကောင်းခဲ့ပါတယ်။ ပေါ်တူဂီကတော့ ဥရုဂွေးနဲ့ ပြောင်းပြန်ပါ။ အစောပိုင်း နှစ်ပွဲမှာ ပေါ်တူဂီခြေစွမ်းကောင်းခဲ့ပြီးနောက်ဆုံးပွဲ အီရန်နဲ့ သရေကျတဲ့ပွဲမှာတော့ ပေါ်တူဂီ ခြေစွမ်း အတော်ရှန်းကန်ခဲ့ရပါတယ်။ ဒါကြောင့် တည်ငြိမ်မှု သိပ်မရှိတဲ့ နှစ်သင်းရဲ့တွေ့ဆုံမှုလို့ ဆိုနိုင်တယ်။

တိုက်စစ်မှာ စီရော်နယ်ဒိုဦးဆောင်တဲ့ ပေါ်တူဂီတိုက်စစ်နဲ့ ဆွာရက်ဇ်နဲ့ကာဗာနီတို့ရဲ့ ဥရုဂွေး တိုက်စစ်ကမျှပါတယ်။ ကွင်းလယ်မှာတော့ပေါ်တူဂီကသာသယောင်ရှိပြီး ခံစစ်မှာ ဥရုဂွေးကပိုမာကျောပြီးပိုကောင်းပါတယ်။

ဂိုးသမားတွေကတော့ နှစ်သင်းစလုံးမှာ ဝါရင့်ဂိုးသမားတွေဖြစ်ပြီး တကယ်လည်း ထူးချွန်ကြတယ်။

ဒါဟာသည်နှစ်သင်းအတွက် ပထမဆုံးတွေ့ဆုံမှုပါ။ ပထမဆုံးတွေ့ဆုံပွဲဖြစ်လို့စိတ်လှုပ်ရှားစရာတွေပြည့်နေမှာပါ။

ရီးယဲလ်ရဲ့စီရော်နယ်ဒိုနဲ့ ဘာစီလိုနာရဲ့ ဆွာရက်ဇ်တို့ရဲ့ ထိပ်တိုက်တွေ့မှုလည်း ဖြစ်ပါတယ်။

ဂိုးနည်းနိုင်တဲ့ပွဲဖြစ်ပြီးပေါ်တူဂီ ကွာတားအထိရောက်ရှိသွားမယ်ထင်ပါတယ်။

**စပိန် VS ရုရှား**

ချန်ပီယံတစ်ပြေးတဲ့ စပိန်နဲ့ အိမ်ရှင် ရုရှားတို့ထိပ်တိုက်ရင်ဆိုင်ရတာပါ။

စပိန်ကလည်း ချန်ပီယံ ရေပန်းစားတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းက အားရစရာမဟုတ်သေးပါဘူး။ ရုရှားကအိမ်ရှင်အရှိန်အဝါနဲ့ အုပ်စုအဖွင့်နှစ်ပွဲကို အကောင်းဆုံး ကစားပြနိုင်ခဲ့ပေမဲ့ နောက်ဆုံးပွဲမှာတော့ဥရုဂွေးကိုဂိုးပြတ်အရေးနိမ့်ခဲ့ပါတယ်။ ဒါကလည်း တစ်ယောက်အထုတ်ခံရလို့ရယ် အဓိက ကစားသမားအကုန်ထုတ်မသုံးခဲ့လို့ရယ်ကြောင့်ဖြစ်နိုင်ပေမဲ့ တကယ်တမ်း ခြေစွမ်းပိုင်းကလည်း အသင်းကြီးတစ်သင်း ပုံစံမပေါက်ပါဘူး။ ဒါကြောင့် စပိန်ကို ခက်ခက်ခဲခဲ တုံ့ပြန်ရမှာ သေချာပါတယ်။

ကစားသမားအင်အားပိုင်းမှာလည်းစပိန်ကပဲ အသာစီးရမှာပါ။ တိုက်စစ်ပိုင်းမှာ စပိန်က ဒီယေဂိုကော်စတာကိုသာ အားထားရပေမဲ့ရုရှားတိုက်စစ်မှူးတွေနဲ့ကျတော့အရည်အသွေးသာပါတယ်။ ကွင်းလယ်ပိုင်းမှာစပိန်ကသိသိသာ သာထူးချွန်ထွက်နေပါတယ်။ နောက်တန်းမှာလည်း စပိန် ခံစစ်ပဲ သာမှာပါ။ ရုရှားနောက်တန်းက ဆမိုလင်ကော့ဗ် အနီကတ်ကြောင့်ပါဝင်မှာမဟုတ်ပါဘူး။

ဂိုးသမားအပိုင်းမှာတော့သိပ်မကွာဘူးလို့ ဆိုနိုင်တယ်။ စပိန်ဂိုးသမား ဒီဂီယာ အမှားများနေတာက ရုရှားအသင်းခေါင်းဆောင်ဂိုးသမား အကင်ဖိနဲ့ လက်စွမ်းကွာဟမှု ကျဉ်းမြောင်းသွားစေပါတယ်။

ရုရှားမှာ အားသာနိုင်တာက အိမ်ရှင်ပရိသတ်ပါပဲ။ ဒါတောင် ဝါရင့်စပိန်အသင်းရဲ့တည်ငြိမ်မှုကို ဖျက်ဆီးဖို့တော့မလွယ်ကူပါဘူး။ သည်နှစ်သင်း ကမ္ဘာ့ဖလားမှာ ပထမဆုံးတွေ့ဆုံမှုဖြစ်ပြီး တခြားဥရောပဖလားနဲ့ ခြေစမ်းပွဲတွေမှာတော့အကြိမ်ကြိမ် တွေ့ဆုံဖူးပါတယ်။ အကြိမ်တိုင်းရုရှားတစ်ပွဲမှ အသာမရခဲ့ဖူးပါဘူး။

ဒါကြောင့် ရိုးရိုးရှင်းရှင်းနဲ့ စပိန် အသင်း ကွာတားတက်ပါလိမ့်မယ်။

**ခရိုအေးရှား VS ဒိန်းမတ်**

သည်နှစ်သင်းကတော့ လယ်ဗယ်တူနှစ်သင်းလို့ ဆိုနိုင်တယ်။ သည်လိုကမ္ဘာ့ဖလားမှာ မဆုံဖူးပေမဲ့ ဥရောပမှာ ငါးကြိမ်ဆုံဖူးပြီး နှစ်ပွဲစီနိုင် တစ်ပွဲသရေကျထားတယ်။ လက်ရှိအုပ်စုအဆင့် ကျော်ဖြတ်မှုအခြေအနေအရတော့အာဂျင်တီးနားကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ ခရိုအေးရှားကပိုပြီးခြေစွမ်းတည်ငြိမ်ထက်မြက်ပါတယ်။ ဒိန်းမတ်ကဘာပဲ ပြောပြော ခရိုအေးရှားလောက် အုပ်စုမကျော်ခဲ့ပါဘူး။ ခြေစွမ်းပိုင်းက သိပ်ပြီးတည်ငြိမ်မှုမရှိဘူး။

တိုက်စစ်မှာ ခရိုအေးရှားရော ဒိန်းမတ်ပါ အားကောင်းမောင်းသန်တိုက်စစ်မှူးတွေ မရှိပါဘူး။ ကွင်းလယ်မှာတော့ မိုဒရစ် ဦးဆောင်တဲ့ခရိုအေးရှားကွင်းလယ်က အဲရစ်ဆင်ဦးဆောင်တဲ့ဒိန်းမတ်ကွင်းလယ်ထက် ပိုပြီး လှုပ်ရှားနိုင်သလို ဖန်တီးမှုနဲ့ တိုက်စစ်ဆင်မှု အားပိုကောင်းပါတယ်။

ခံစစ်မှာတော့ နှစ်သင်းလုံး သုံးပွဲကစား တစ်ဂိုးတည်းပေးထားရလို့ သိပ်မကွာပါဘူး။ ဂိုးသမားပိုင်းမှာ ကာလီနစ်နဲ့ ရှမိုက်ကယ်လည်း သိပ်မကွာခြားပါဘူး။

သည်ပွဲမှာ အဓိကအဆုံးအဖြတ်ပေးမှာက ကွင်းလယ်အား ဖြစ်ဖို့များပါတယ်။ ခရိုအေးရှားရဲ့ ကွင်းလယ်အားနဲ့ဒိန်းမတ်ကို အလွယ် တကူကျော်ဖြတ်နိုင်မယ်ထင်ပါတယ်။

4cus



‘တိုက်စစ်မှာ စီရော်နယ်ဒို ဦးဆောင်တဲ့ ပေါ်တူဂီတိုက်စစ်နဲ့ ဆွာရက်ဇ်နဲ့ ကာဗာနီတို့ရဲ့ ဥရုဂွေး တိုက်စစ်က မျှပါတယ်’

www.free4reader.com





အရင်တုန်းက ဒီနေရာက လုံးဝမီးရှို့ခံထားရတာပါ၊ အခုတော့ သူတို့လက်ထဲမှာ မြစိမ်းရောင်တောက်နေပြီ' လို့ သစ်တောမန်နေဂျာ ပီရိယက်ဇ်မာနန်က အရင်တုန်းက ဓာတ်ပုံကိုပြရင်း ပြောပါတယ်။

# ပါကစ္စတန်မှာ သစ်ပင်သန်းပေါင်းရာနဲ့ချီ စိုက်ပျိုးနေ

ဇွန် ၂၆ – အရင်တုန်းက တောင်ကတုံးဖြစ်နေတဲ့ ဟီရိုရှားဒေသမှာ အခုတော့ မျက်စိတစ်ဆုံး သစ်တောတွေဖုံးလွှမ်းနေပါပြီ။ ပါကစ္စတန်အနောက်မြောက်ပိုင်းမှာသစ်တောပြုန်းတီးမှုကိုတိုက်ဖျက်ဖို့အတွက် သစ်ပင်သန်းပေါင်းရာနဲ့ချီပြီး စိုက်ပျိုးနေပါတယ်။

၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်မှာ အလုပ်သမား ၁၆,၀၀၀ ခန့်ဟာ ဟီရိုရှားဒေသအတွင်း အကြီးမြန်တဲ့ ယူကလစ်ပင် ၉၀၀,၀၀၀ကျော်ကို စိုက်ပျိုးခဲ့ကြပါတယ်။ သည်လိုကြီးမားတဲ့လုပ်ငန်းဟာ ခိုင်ဘာပက်တွန်ခွာပြည်နယ်အတွင်း ကြိုးပမ်းမှုရဲ့ တစ်စိတ်တစ်ဒေသသာ ရှိပါသေးတယ်။

'အရင်တုန်းက ဒီနေရာက လုံး၀ မီးရှို့ခံထားရတာပါ၊ အခုတော့ သူတို့လက်ထဲမှာ မြစိမ်းရောင် တောက်နေပြီ' လို့သစ်တောမန်နေဂျာ ပီရိယက်ဇ်မာနန်က အရင်တုန်းက ဓာတ်ပုံကိုပြရင်း ပြောပါတယ်။ အဲသည်အချိန်က တောင်ကတုံးဒေသမှာ မြက်ရိုင်းပင်တွေသာ ကျိုးတို့ကျဲတဲ ပေါက်နေပါတယ်။

သစ်ပင်သစ်တွေဟာ ဒေသရဲ့ ရှုခင်းအလှကိုအားဖြည့်ပေးတယ်၊ ရေတိုက်စားမှုကို ကာကွယ်ပေးတယ်၊ ရာသီဥတု ပြောင်းလဲမှုကို လျော့ပါးသက်သာစေတယ်၊ ရေကြီးနိုင်ခြေကို လျှော့ချပေးတယ်၊ ရေငွေ့ပြန်မှုအခွင့်အလမ်းကို မြင့်မားစေတယ်လို့ ဟီရိုရှားဒေသပြန်လည်စိမ်းလန်းရေးကိုကြီးကြပ်တဲ့ မာနန်က ပြောပါတယ်။

ဒေသခံတွေဟာ သစ်ပင်တွေကို စီးပွားရေးမြှင့်တင်ပေးမှုလို့လည်း မြင်လာကြတဲ့အတွက် လျှပ်စစ်မီးရှားပါးတဲ့ဒေသမှာ သစ်ပင်တွေခုတ်ပြီး ထင်းအဖြစ်သုံးမယ့် အန္တရာယ်ကိုလည်း ရှောင်ရှားနိုင်မယ်လို့ တာဝန်ရှိသူတွေက မျှော်လင့်နေပါတယ်။

'အခုကျွန်တော်တို့ရဲ့တောင်ကုန်းတွေ အသုံးဝင်လာပြီ၊ ကျွန်တော်တို့ရဲ့လယ်ကွင်းတွေအသုံးဝင်လာပြီ' လို့ ယာဥ်မောင်းအဂျစ်ဘီယာရှားက ပြောပါတယ်၊

'အဲဒါကျွန်တော်တို့အတွက် ကြီးမားတဲ့ အကျိုးကျေးဇူးပါပဲ'

မြောက်ဘက်ပိုင်းက ခိုင်ဘာပက်ရှ်တွန်ခွာပြည်နယ် ဆွက်ဒေသမှာကုန်းမြင့်တောင်တန်းအများစုကို ပါကစ္စတန်တာလီဘန်တွေက ၂၀၀၆ ကနေ ၂၀၀၉ ခုနှစ်အတွင်း ပြောင်သလင်းခါအောင် လုပ်ခဲ့ပါတယ်။

အခုတော့သည်ဒေသတွေမှာ ထင်းရှူးပင်ပျိုလေးတွေ ဖုံးလွှမ်းနေပါပြီ။ 'အပင်ပေါက်တစ်ပင်ကို တက်မနင်းမိဘဲ လမ်းလျှောက်လို့မရဘူး' လို့ တခြားသစ်တောဌာနဝန်ထမ်း တစ်ဦးဖြစ်တဲ့ ယူဆူဖာခန်းကပြုံးရင်း ပြောပါတယ်။

ဟီရိုရှားနဲ့ဆွက်စိုက်ခင်းတွေဟာ 'သစ်ပင်သန်း ၁၀၀၀ ဆူနာမီလှိုင်း' အစီအစဉ်ထဲမှာပါဝင်ပြီး ခိုင်ဘာပက်ရှ်တွန်ခွာ တစ်လျှောက် မျိုးကွဲပေါင်း ၄၂ မျိုးပါဝင်တဲ့ သစ်ပင်ပေါင်းသန်း၃၀၀ ကို စိုက်ပျိုးဖို့ အစိုးရက ရည်မှန်းပါတယ်။

နောက်ထပ်သစ်ပင်သန်း၁၅၀ ကိုမြေရှင်တွေကိုပေးထားပြီးတင်းကျပ်တဲ့ သစ်တောပြန်လည်စိမ်းလန်းရေးအစီအစဉ်တွေအရ သစ်ပင်သန်း ၇၃၀ ပြန်လည်စိုက်ပျိုးဖို့ ခွင့်ပြုထားတာကြောင့် စုစုပေါင်း သစ်ပင်အသစ် ၁.၂ဘီလျံရှိမှာဖြစ်ကြောင်း အစီအစဉ်ရဲ့စီမံအဖွဲ့က ဆိုပါတယ်။

ပရောဂျက်ကိုသီးခြားစစ်ဆေးမှု လုပ်ခဲ့တဲ့ ပါကစ္စတန်ရဲ့ ကမ္ဘာ့သဘာဝတောရိုင်းရန်ပုံငွေအဖွဲ့မန်နေဂျာကမ်ရန်ဟူစိန်က သူတို့တွေ့ရတဲ့ကိန်းဂဏန်းက အနည်းငယ်လျော့ပေမဲ့ ရည်မှန်းထားတဲ့ သစ်ပင် ၁.၀၆ ဘီလျံစံချိန်ထက်မြင့်မားကြောင်း ပြောပါတယ်။

'သစ်ပင်သန်း ၁၀၀၀ ဆိုတဲ့ ကိန်းဂဏန်းက မှန်ကန်ကြောင်း ကျွန်တော်တို့ ရာနှုန်းပြည့်ယုံကြည်မှုရှိပါတယ်' လို့သူက အေအက်ဖ်ပီ ကို ပြောပြီး လုပ်ငန်းရဲ့ ပွင့်လင်းမြင်သာမှုကို ထောက်ပြပါတယ်။

'အားလုံးအွန်လိုင်းမှာရှိတယ်၊ လူတိုင်းက ဒီအချက်အလက်ကို ကြည့်လို့ရတယ်'

အစီအစဉ်ကို ဆွစ်အခြေစိုက် နိုင်ငံတကာသဘာ၀ထိန်းသိမ်းရေးသမဂ္ဂ (IUCN)ခေါင်းဆောင်က ချီးကျူးခဲ့ပြီး ဒါဟာတကယ့်ကို သဘာ၀ပတ်ဝန်းကျင် ထိန်းသိမ်းရေး အောင်မြင်မှု ဓာတ်လမ်းတစ်ပုဒ်ဖြစ်တယ်လို့ ပြောပါတယ်။

အစောပိုင်းက လက်တွေ့နဲ့ မညီတဲ့ရည်ရွယ်ချက်တွေ ထားရှိကြောင်း ဝေဖန်သူတွေက ဝေဖန်ခဲ့ကြပေမဲ့ ဒါဟာ နိုင်ငံအတွင်းတခြားနေရာတွေမှာ ကြိုဆိုစရာအပြောင်းအလဲ ဖြစ်ပါတယ်။

> ' ခုတော့ သည်ဒေသတွေမှာ ထင်းရှူးပင်ပျိုလေးတွေ ဖုံးလွှမ်းနေပါပြီ အပင်ပေါက်တစ်ပင်ကို တက်မနင်းမိဘဲ လမ်းလျှောက်လို့မရဘူး '

**စုပြည့်စုံ**

[ref: AFP, Jun 26, 2018.]

# အီရန်ဆန်ရှင်ရဲ့ဆိုးကျိုးတွေကို ရှောင်လွှဲဖို့ ဂျပန်နဲ့ တောင်ကိုရီးယား အမေရိကန်နဲ့ ဆွေးနွေး

ဇွန် ၂၇– အီရန်ကို နိုင်ငံတကာ ဈေးကွက်ကနေ ဖယ်ထုတ်လိုတဲ့ ရည်ရွယ်ချက်နဲ့ အမေရိကန်အစိုးရက ထပ်မံချမှတ်ခဲ့တဲ့ ဆန်ရှင်တွေ ဆိုးကျိုးကို ရှောင်လွှဲနိုင်ဖို့အတွက် အီရန်ရေနံကို အဓိက ဝယ်ယူနေသူ ဂျပန်နဲ့တောင်ကိုရီးယားတို့က အမေရိကန်နဲ့ ဆွေးနွေးနေကြပါတယ်။

အီရန်ကို ဖိအားပေးတဲ့ အနေနဲ့ အီရန်ကနေ ရေနံမဝယ်ဖို့ နိုဝင်ဘာလမှာ အမေရိကန်က မဟာမိတ်နိုင်ငံအားလုံးကို တောင်းဆိုခဲ့သလို ဘဏ္ဍာငွေမထောက်ပံ့ဖို့လည်း ဖိအားပေးပြောကြားခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနအကြီးတန်းအရာရှိတစ်ဦးက အင်္ဂါနေ့မှာ ပြောကြားခဲ့ပါတယ်။

ဆန်ရှင်ချခါနီး ၂၀၁၅ နှစ်ကုန်ကာလတစ်ဝိုက်မှာ အီရန်ကနေ ရေနံတွေကို အကန့်အသတ်နဲ့ဝယ်ခွင့်ရရှိခဲ့ပေမဲ့ နောက်ပိုင်းမှာ ဝါရှင်တန်က ပိုမိုတင်းကျပ်ခဲ့ပါတယ်။

'အီရန်ဆန်ရှင် ကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့ ဂျပန်တို့ ဆွေးနွေးနေကြပါပြီ၊ ဒါပေမဲ့ အသေးစိတ်တော့ မပြောပြနိုင်သေးဘူး' လို့ ဆူဂါက ပြောကြားခဲ့ပါတယ်။

'အမေရိကန်က ချမှတ်ထားတဲ့ ဆန်ရှင်ရဲ့ နောက်ဆက်တွဲအကျိုးဆက်ကို အနီးကပ်စောင့်ကြည့်နေပြီး ဂျပန်ကုမ္ပဏီတွေအတွက် ဆိုးကျိုးမဖြစ်အောင် အမေရိကန်အပါအဝင် နိုင်ငံတွေအားလုံးနဲ့ ညှိနှိုင်းတိုင်ပင်သွားမယ်' လို့ သူက ထပ်လောင်းပြောဆိုခဲ့ပါတယ်။

အမေရိကန်ဆန်ရှင်ကနေ ကင်းလွတ်ခွင့်ရဖို့ အမေရိကန်နဲ့ ဆွေးနွေးနေကြောင်းတောင်ကိုရီးယားအရာရှိတစ်ယောက်က ပြောကြားခဲ့ပါတယ်။



အီရန်ဟာ တတိယမြောက် ရေနံအတင်ပို့ဆုံးတိုင်းပြည်ဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယားနှစ်နိုင်ငံအပါအဝင် တရုတ်နဲ့ အိန္ဒိယတို့က အဓိကဝယ်လက်တွေ ဖြစ်ပါတယ်။

၂၀၁၆ အစောပိုင်းက အီရန်အပေါ် ချမှတ်ထားတဲ့ ဆန်ရှင်တွေကို ရုပ်သိမ်းခဲ့ပေမဲ့ ဂျပန်နဲ့ တောင်ကိုရီးယားက အမြင့်ဆုံး တစ်ရက်လျှင် ရေနံစည် ၇၀၀,၀၀၀ နှုန်းဝယ်ယူခဲ့ပြီးနောက် ၂၀၁၆ နှစ်ကုန်မှာ စည် ၂၀၀,၀၀၀ နှုန်းသာ ဝယ်ယူခဲ့တယ်လို့ သွန်မဆင်ရိုက်တာ အစ်ကွန်စစ်တမ်းမှာပြသထားပါတယ်။

**နှင်းသန့်**

[ref: Reuters, Jun 27, 2018.]

www.free4reader.com






ဒါဟာ ဒူတာတီရဲ့ မဆင်မခြင်အပြောအဆိုတွေကြောင့် မကျေနပ်မှုတွေ ထွက်ပေါ်စေတဲ့အထဲ နောက်ဆုံးဖြစ်ရပ် ဖြစ်ပါတယ်။

# ဘုရားသခင်ကို မိုက်မဲသူလို့ ခေါ်ဆိုတဲ့ ဒူတာတီကို ဒေါသထွက်နေကြ

ဇွန် ၂၇-ဖိလစ်ပိုင်သမ္မတ ဒူတာတီက ဘုရားသခင်ကို မိုက်မဲသူလို့ အင်္ဂါနေ့က ခေါ်ဆိုခဲ့တဲ့အတွက် ကက်သလစ်ဘာသာဝင်တွေ အဓိကနေထိုင်တဲ့နိုင်ငံမှာ ဒေါသူပုန်ထမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါဟာ ဒူတာတီရဲ့မဆင်မခြင်အပြောအဆိုတွေကြောင့် မကျေနပ်မှုတွေ ထွက်ပေါ်စေတဲ့အထဲ နောက်ဆုံးဖြစ်ရပ်ဖြစ်ပါတယ်။

မိန့်ခွန်းပြောနေစဉ်အတွင်းမှာ ဒူတာတီက သမ္မာကျမ်းစာထဲက ဇာတ်လမ်းကို ရည်ရွယ်ကာ ဘာလို့ ဘုရားသခင်က အာဒံနဲ့ ဧဝကို ဖန်တီးခဲ့ပြီး သူတို့ကို ဖြားယောင်းတတ်အောင် လုပ်ခဲ့သလဲ ဆိုတာကို မေးခွန်းထုတ်ခဲ့ပါတယ်။

သည်အစပြုခဲ့တဲ့အပြစ်ကို ခရစ်ယာန်ဘာသာရေးလေ့လာသူ ပညာရှင်တွေက ရှင်းပြဖို့အတွက် ထောင်စုနှစ် နှစ်ခုကြာအောင် ရုန်းကန်နေခဲ့ရပါတယ်။ ဒူတာတီက သည်ဘာသာရေးပြဿနာကို အစဖော်လိုက်ချိန်မှာ မနှစ်မြို့ဖွယ် စကားလုံးတွေကို ရွေးချယ်သုံးခဲ့ပါတယ်။

'ဒီလိုမိုက်မဲတဲ့ဘုရားသခင်က ဘယ်သူလဲ' လို့ ဖိလစ်ပိုင်ခေါင်းဆောင်က သောကြာနေ့က ပြောခဲ့ပါတယ်။

'ခင်ဗျားက ပြီးပြည့်စုံတဲ့ အရာတစ်ခုကို ဖန်တီးခဲ့ပြီးမှ ဒါ ဖြားယောင်းတဲ့လုပ်ရပ်တစ်ခုပဲလို့ ခင်ဗျားတွေးပြန်တယ်၊ ခင်ဗျားရဲ့ လုပ်ရည်ကိုင်ရည်ကိုဖျက်ဆီးပစ်တယ်'

လူဦးရေ သန်း ၁၀၀ ကျော်မှာ ၈၀ ရာခိုင်နှုန်းလောက်က ကိုးကွယ်ယုံကြည်တယ်လို့သတ်မှတ်ထားတဲ့ ဖိလစ်ပိုင်မှာရှိတဲ့ ကက်သလစ်ဘုရားကျောင်းရဲ့ ခေါင်းဆောင်တွေက သည်ထုတ်ပြန်ချက်ကို ရှုတ်ချခဲ့ပါတယ်။

'တကယ်လို့ သူက ကက်သလစ်ယုံကြည်မှုကို လေးစားမှုမရှိဘူးဆိုရင် သူကဘယ်လိုလုပ်ဖိလစ်ပိုင်နိုင်ငံသားအားလုံး အတွက် သမ္မတတစ်ဦးဖြစ်နိုင်မှာလဲ' လို့ ဘုန်းတော်ကြီး ပါဘလိုဗာဂီလီယိုဒေးဗစ်က ဖေ့စ်ဘုတ်ခ်ပေါ်မှာ ရေးခဲ့ပါတယ်။

တနင်္လာနေ့က မိန့်ခွန်းတစ်ခုမှာ သူ့ရဲ့မှတ်ချက်ကို ဒူတာတီက တုံ့ပြန်ခဲ့ပြီး အင်္ဂါနေ့မှာ သူ့ရဲ့ပြောရေးဆိုခွင့်ရှိသူက သမ္မတအနေနဲ့ သူ့ရဲ့မှတ်ချက်နဲ့ပတ်သက်ပြီးဘာသာရေးအုပ်စုတွေနဲ့ 'ဆွေးနွေးပွဲ' အတွက် လူသုံးဦးကော်မတီကို ဖွဲ့စည်းခဲ့တယ်လို့ကြေညာခဲ့ပါတယ်။

'ဒီကိစ္စရပ်က အစိုးရနဲ့ ဘုရားကျောင်းကြားက စိတ်ဝမ်းကွဲမှုကို ဘယ်လိုလျှော့ချမလဲဆိုတာဖြစ်တယ်' လို့ ဟယ်ရီရော့က သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ပရိသတ်တွေကို တွေ့ဆုံပွဲကျင်းပဖို့ စီစဉ်နေချိန်မှာ ဘုရားကျောင်းအတွင်းမှာ ဘုန်းတော်ကြီးတစ်ဦး ပစ်သတ်ခံရခြင်း အပါအဝင် ဒီဇင်ဘာလကတည်းက ဘုန်းတော်ကြီးသုံးဦး သတ်ဖြတ်ခံခဲ့ရပါတယ်။

> ‘ ဒူတာတီက သမ္မာကျမ်းစာထဲက ဇာတ်လမ်းကိုရည်ရွယ်ကာ ဘာလို့ဘုရားသခင်က အာဒံနဲ့ ဧဝကို ဖန်တီးခဲ့ပြီး သူတို့ကိုဖြားယောင်း တတ်အောင် လုပ်ခဲ့သလဲ ဆိုတာကို မေးခွန်းထုတ်ခဲ့ပါတယ် ’

ဘုရားကျောင်းက ဆန့်ကျင်နေတဲ့ အဆိုပြုမှုတစ်ခုဖြစ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတွေအပေါ် သူတို့ရဲ့ ကိုယ်ပိုင်ကာကွယ်ရေးအတွက် လက်နက်ကိုင်ဆောင်ခွင့်ပေးရေးအပေါ် ငြင်းခုံနေမှုကို သည်သတ်ဖြတ်မှုတွေက ပျံ့နှံ့စေခဲ့ပါတယ်။

သူ အာဏာ စတင်ရယူလာတဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက အုတ်အုတ်ကျက်ကျက်ဖြစ်နေတဲ့ ဒူတာတီရဲ့ ဘုရားသခင်အပေါ် မှတ်ချက်တွေက ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ အင်စတီကျူးရှင်းတွေကို ဆိုးဆိုးရွားရွား စော်ကားမှုတွေ တသီတတန်းကြီး ရှိလာခဲ့ပါတယ်။

**မေသက်**

[ref: AFP. Jun 26, 2018.]

# နာဂျစ်နဲ့ဆက်စပ်တဲ့ အိမ်တွေမှာ တွေ့ရတဲ့ ငွေသားနဲ့ ပစ္စည်းတန်ဖိုး ရင်းဂစ် ၁.၁ ဘီလျံရှိ

ဇွန် ၂၇ - မလေးရှားဝန်ကြီးချုပ်ဟောင်းနာဂျစ်ရာဇက်နဲ့ ဆက်နွှယ်နေတဲ့အိမ်တွေကနေ ရင်းဂစ် ၁.၁ ဘီလျံ (ဒေါ်လာ ၂၇၀သန်း) တန်ဖိုးရှိတဲ့ငွေသားနဲ့ ဖိမ်ခံပစ္စည်းတွေကို သိမ်းဆည်းရမိခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့က ပြောပါတယ်။

စီးပွားရေးဆိုင်ရာ ပြစ်မှုများ စုံစမ်းစစ်ဆေးရေးဌာန (CCID) အကြီးအကဲ အမ်မာဆင်းက မေလတုန်းက နာဂျစ်နဲ့ ဆက်နွှယ်နေတဲ့ အိမ်ခြောက်ခုကနေ သိမ်းဆည်းရမိတဲ့ ပစ္စည်းအားလုံးရဲ့ တန်ဖိုးဟာ ရင်းဂစ် ၉၀၀သန်းနဲ့ ၁.၁ ဘီလျံကြားမှာ ရှိတယ်လို့ ပြောပါတယ်။

အဲသည်အထဲမှာ ငွေသားက ရင်းဂစ် ၁၁၆သန်း၊ ရတနာပစ္စည်းက ပစ္စည်းတန်ဖိုး ရင်းဂစ် ၄၄၀ သန်း တန်ဖိုး ရှိတယ်လို့ ဆင်းက ဆက် ပြော ပါ တယ်။ ရ တ နာ ပစ္စည်းကို ကာလပေါက်ဈေးနဲ့ တွက်ရင် ရင်းဂစ် ၆၆၀သန်းကနေ ၈၈၀သန်းအထိ တန်ပါတယ်။



အဲဒီလိုတွေ့ရတာက နာဂျစ်ရဲ့ လန်ဂက်ဒူတာနေအိမ်၊ သူ့သား၊ သမီးရဲ့ နေအိမ်တွေနဲ့ သေတ္တာတွေ၊ အိတ်တွေ တွေ့ရတဲ့ အိမ်အလွတ်တွေမှာဖြစ်ကြောင်း ဆင်းက ဆိုပါတယ်။

ရတနာပစ္စည်းစုစုပေါင်း ၁၂,၀၀၀ကို သိမ်းဆည်းရမိခဲ့ပါတယ်။

သိမ်းဆည်းရမိတဲ့ ရတနာတွေက လည်ဆွဲ ၁၄၀၀ကုံး၊ လက်စွပ် ၂၂၀၀ကွင်း၊ နားဆွဲအစုံ ၂၈၀၀ ခု၊ လက်ကောက် ၂၁၀၀ ကွင်း၊ ရင်ထိုး ၁၆၀၀ ခု၊ သရဖူ ၁၄ ခုနဲ့ ဈေးအကြီးဆုံးက ရင်းဂစ် ၆.၄ သန်းတန် ရွှေလည်ဆွဲတစ်ကုံးတို့ ဖြစ်ပါတယ်။

သိမ်းဆည်းရမိတဲ့ နာရီပေါင်း ၄၂၃လုံးက ရိုးလက်စ်နဲ့ ချိုပက်တို့လို တံဆိပ်ပေါင်း ၁၀၀ကျော်ကဖြစ်ပြီး တန်ဖိုး ရင်းဂစ် ၇၈ သန်းခန့်ရှိပါတယ်။ ဒါ့အပြင် ရင်းဂစ် ၃၇၄,၀၀၀တန်ဖိုးရှိတဲ့ နေကာမျက်မှန်ပေါင်း ၂၃၄ လက်ကိုလည်းသိမ်းဆည်းရမိခဲ့ပါတယ်။

**စုပြည့်စုံ**

[ref: CNA, Jun 27, 2018.]

# ထိုင်းရွေးကောက်ပွဲကို မေလအထိ ဆိုင်းထားနိုင်ခြေရှိ

ဇွန် ၂၆ - ဖေဖော်ဝါရီလမှာကျင်းပပေးမယ်လို့ ပြောထားခဲ့တဲ့ ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲကို မေ၅ရက်မှာ ကျင်းပပေးမယ်လို့ ဒုဝန်ကြီးချုပ်က တနင်္လာနေ့မှာပြောကြားခဲ့ပါတယ်။

၂၀၁၄ မေလက ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝတ်ထရာကို ဖြုတ်ချပြီး စစ်အာဏာသိမ်းပြီးကတည်းက ထိုင်းစစ်အစိုးရဟာ ငြိမ်းချမ်းရေးနဲ့ ဥပဒေစိုးမိုးရေးကို အကြောင်းပြပြီး နိုင်ငံရေးလှုပ်ရှားမှုတွေကို တားမြစ်ထားပါတယ်။

၂၀၁၉ ဖေဖော်ဝါရီမှာ ကျင်းပပေးမယ်ဆိုတဲ့ နောက်ဆုံးကြေညာချက်ကို ထပ်မံရက်ရွှေ့ဆိုင်းခဲ့ပြန်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနဲ့ လွှတ်တော်အဆင့်ဆင့် လုပ်ငန်းတွေကြောင့် ရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၄ကနေ မေ၅ရက်ကြားကျင်းပပေးမယ်လို့ ဒုဝန်ကြီးချုပ် ဝိသာနုခရာနမ်က ပြောကြားခဲ့ပါတယ်။

ရွေးကောက်ပွဲမှာပါဝင်ရန် ပြင်ဆင်နိုင်ဖို့အတွက် နိုင်ငံရေးမလုပ်ရတားမြစ်ချက်ကို စက်တင်ဘာလကနေ ဒီဇင်ဘာအထိ ပြန်လည်ရုတ်သိမ်းပေးမှာ ဖြစ်ပေမဲ့ ငါးယောက်ထက် ပိုမစုဝေးခွင့်နဲ့ နိုင်ငံရေးကမ်းပိန်းမလုပ်ခွင့် တားမြစ်ချက်ကတော့ ဆက်ရှိနေဦးမှာ ဖြစ်ပါတယ်။

'ခွင့်ပြုချက် တောင်းစရာမလိုဘဲ ပါတီအစည်းအဝေးတွေ ကျင်းပပြီး ပါတီစည်းမျဉ်းချမှတ်ခွင့်၊ ကိုယ်စားလှယ် ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့်ရှိတယ်' လို့ သူကပြောပါတယ်။

တနင်္လာနေ့မှာ ကျင်းပတဲ့ တွေ့ဆုံပွဲအစည်းအဝေးကို အစိုးရအရာရှိတွေနဲ့ တွေ့ဆုံဖို့အတွက် ပါတီ ၇၃ပါတီမှ ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။

၂၀၁၄မေလကတည်းက အာဏာသိမ်းခဲ့တဲ့ စစ်တပ်အနေနဲ့ တားမြစ်မှုတွေကို အပြည့်အဝ ရုပ်သိမ်းပေးသင့်တယ်လို့ ပျူထိုင်းပါတီမှ ဝတ်တန်နာမူ အန်ဆွတ်က ပြောကြားခဲ့ပြီး ကိုယ်စားလှယ်မလွှတ်ခဲ့ကြောင်းပြောကြားခဲ့ပါတယ်။ နိုင်ငံရေး မလုပ်ရလို့တားမြစ်ထားပေမဲ့ နိုင်ငံတစ်ဝန်းလုံးမှာဆန္ဒပြပွဲငယ်တွေ ဖြစ်ပွားလျက် ရှိပါတယ်။

ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာက ဘုရင် မဟာဗဇီရာလောင်ကွန်းနန်းတက်ပွဲ မလုပ်သေးခင်အချိန်ထိ ရွေးကောက်ပွဲကျင်းပဦးမှာမဟုတ်သေးဘူးလို့ ပြီးခဲ့တဲ့ အပတ်က ပြောကြားခဲ့ပါတယ်။

စစ်အစိုးရကနောက်ထပ်ရက်ရွှေ့ဆိုင်းတာကို သူမအံ့သြကြောင်း ဒီမိုကရက်တစ်တက်ကြွလှုပ်ရှားသူ ရန်စီမန်ရှန်းမ်က ရိုက်တာကိုပြောကြားခဲ့ပါတယ်။ **နှင်းသန့်**

[ref: Agencies, Jun 25, 2018.]

www.free4reader.com



# တရုတ်မှာ အမေရိကန်ဘရန်းတွေ ရှုန်းကန်နေကြရ



ဒေါ်လာဘီလျံရာပေါင်းများစွာ မြှုပ်နှံလုပ်ကိုင်နေတဲ့ အမေရိကန်ကုမ္ပဏီတွေဖြစ်တဲ့ အက်ပဲလ်၊ စတားဘတ်စ်တို့ဟာ တရုတ်မှာ ခြိမ်းခြောက်ခံနေရပါတယ်။

ဇွန် ၂၇- တရုတ်ပြည်တွင်းကုမ္ပဏီတွေက အစိုးရရဲ့အားပေးကူညီမှုနဲ့ ပိုမိုရင်းနှီးမြှုပ်နှံလာတာကြောင့် တရုတ်နိုင်ငံရှိအမေရိကန်ကုမ္ပဏီတွေဟာ ခြိမ်းခြောက်မှုဒဏ်ကို ပိုမိုရင်ဆိုင်နေရပါတယ်။

ဒေါ်လာ ဘီလျံရာပေါင်းများစွာ မြှုပ်နှံလုပ်ကိုင်နေတဲ့ အမေရိကန်ကုမ္ပဏီတွေဖြစ်တဲ့ အက်ပဲလ်၊ စတားဘတ်စ်တို့ဟာ တရုတ်မှာ ခြိမ်းခြောက်ခံနေရပါတယ်။

တရုတ်ပြည်တွင်းကုမ္ပဏီတွေက ၂၀၁၃ မှာ ဈေးကွက်ရဲ့ သုံးပုံနှစ်ပုံသာရှိခဲ့ပေမဲ့ လက်ရှိအချိန်မှာ တရုတ်ရဲ့ ယွမ် ၆၃၉ ဘီလျံဈေးကွက်ရဲ့ လေးပုံသုံးပုံကို ကြီးစိုးနေပြီလို့ ဘိန်းအင်န်ကတ်တာရဲ့ အချက်အလက်အရ သိရပါတယ်။

အမေရိကန် ကုမ္ပဏီတွေဖြစ်တဲ့ ပမ်ပါစ်၊ ကိုးလ်ဂိတ်သွားတိုက်ဆေးနဲ့ ဂျွန်ဆန်ကလေးနို့မှုန့်တွေရဲ့ ဈေးကွက်ဟာ ငါးနှစ်အတွင်း ၁၀ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

သည်အချိန်အတွင်းမှာ ပြည်တွင်း အလှကုန် ကုမ္ပဏီတွေက တစ်ရှိန်ထိုးတိုးတက်လာပါတယ်။

'တရုတ်ဈေးကွက်မှာ ဦးထောင်ချင်တယ်ဆိုရင် ပုံမှန်ပြိုင်ဘက်တွေကို အနိုင်ရဖို့လိုသလို တစ်ရှိန်ထိုး တိုးတက်လာတဲ့ပြည်တွင်းကုမ္ပဏီတွေကိုပါ အနိုင်ရဖို့လိုတယ်'လို့ ရှန်ဂိုအခြေစိုက် ဘိန်းအင်န်ကော်ပိုရေးရှင်းမှ အကြံပေး ဘရွှန်နိုလန်းစ်က ပြောကြားခဲ့ပါတယ်။

အမေရိကန် ဘရန်းတွေဟာ တရုတ်မှာ အဆင့်အတန်းတစ်ခုအဖြစ် နေရာယူထားလျက်ရှိပေမဲ့ အဆင့်မြှင့်တင်ထားတဲ့ ပြည်တွင်းဖြစ်တံဆိပ်တွေက ခြိမ်းခြောက်လျက်ရှိပါတယ်။

နာမည်ကျော် အမေရိကန်ကုမ္ပဏီအနေနဲ့ တရုတ်ရောင်းအားကို ထိုးဖောက်နိုင်စွမ်းမရှိပါဘူး။

ကုန်သွယ်ရေးစစ်ပွဲဟာ နှစ်နိုင်ငံကြားကုန်သွယ်ရေးမညီမျှမှု၊ နည်းပညာဆိုင်ရာ ပြဿနာတွေကြောင့် ဘေဂျင်းနဲ့ ဝါရှင်တန်အကြားတင်းမာမှုကြောင့် ဖြစ်ပွားခဲ့ရပါတယ်။

ဒါပေမဲ့ သည်ခြိမ်းခြောက်မှုဟာ တရုတ်စီးပွားရေးလုပ်ငန်းရှင်အတွက် အကျိုးဖြစ်စေပါတယ်။

သည်ဒဏ်ကို အမေရိကန် ကုမ္ပဏီတွေသာမဟုတ်ဘူး။ ဥရောပကလည်း ခံနေရတယ်လို့ ဥရောပက ဖွင့်ဟပြောကြားခဲ့ပါတယ်။

အချို့ကုမ္ပဏီတွေက လမ်းကြောင်းပြောင်းသွားခဲ့ပါတယ်။ အိုရီယိုဘီစကစ်ကတော့ ဈေးကွက်မှာ အနိုင်အမာ ရပ်တည်နေနိုင်ခဲ့ပေမဲ့ ကိုကာကိုလာနဲ့ ပက်စီတို့ ၂၀၁၂ နဲ့ ၂၀၁၆ ကြား ဈေးကွက်ပျက်ခဲ့ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အချိုရည်နဲ့ ရေသန့်တွေအဖြစ် မနှစ်က ပြန်ပေါ်လာခဲ့ပါတယ်။

အသားအရေထိန်းသိမ်းရေး အလှကုန်တွေ၊ ခေါင်းလျှော်ရည်တွေ၊ ကလေးနို့မှုန့်တွေစတဲ့ စားသောက်ကုန် ၂၁ မျိုး ပြည်တွင်းကုမ္ပဏီရောင်းအား ၇.၇ရာခိုင်နှုန်းအထိ တက်ခဲ့ပြီး ပြည်ပက ၀.၄ရာခိုင်နှုန်းသာ တက်ခဲ့ပါတယ်။

တရုတ်တံဆိပ်တွေဟာ နည်းပညာပိုင်းမှာရော ပြည်ပတံဆိပ်တွေကို ယှဉ်ပြိုင်ဖို့အဆင်သင့်ရှိနေပါပြီ။ ကမ္ဘာ့အကြီးဆုံး ပြည်တွင်းကားတံဆိပ်တွေဟာ ပြည်ပတံဆိပ်တွေဖြစ်တဲ့ ဖို့ဒ်မော်တော်ကားကုမ္ပဏီ၊ ဂျင်နရယ်နဲ့ လျှပ်စစ်ကားကုမ္ပဏီတယ်ဆလာကိုတောင် ကျော်ဖြတ်ဖို့ မူဝါဒက ထောက်ပံ့ပေးလျက်ရှိပါတယ်။

'တရုတ်ဈေးကွက်မှာ ဦးထောင်ချင်တယ်ဆိုရင် ပုံမှန်ပြိုင်ဘက်တွေကို အနိုင်ရဖို့ လိုသလို တစ်ရှိန်ထိုး တိုးတက်လာတဲ့ ပြည်တွင်းကုမ္ပဏီတွေကိုပါ အနိုင်ရဖို့ လိုတယ်'

ဒါ့အပြင် အခြားနည်းပညာပိုင်းကိစ္စတွေဖြစ်တဲ့ ဆေးပစ္စည်းနဲ့ ဆေးဝါးတွေမှာလည်း ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ တွန်းအားပေးလျက်ရှိပါတယ်။

ရေရှည်မှာ သည်ပြဿနာတွေကို တရုတ်နဲ့ အမေရိကန် ပူးပေါင်းဖြေရှင်းဖို့ လိုတယ်လို့ ခရက်ဟိန်းမှ တရုတ်မန်နေဂျင်းဒါရိုက်တာ ဇီဒီယာစ်ကရိုက်တာကို ပြောကြားခဲ့ပါတယ်။ **နှင်းသန့်**

[ref: Reuters, Jun 27, 2018.]

# သွင်းကုန်ခွန်ကြောင့် အမေရိကန်က လုပ်ငန်းအချို့ကို ဟာလေဒေးဗစ်ဆန် ရွှေ့ပြောင်းမည်

ဇွန် ၂၆ - ပြီးခဲ့တဲ့အပတ်က ဥရောပရဲ့တန်ပြန်သွင်းကုန်ခွန်ချမှတ်မှုကို ရှောင်ရှားနိုင်ဖို့အတွက် ဟာလေဒေးဗစ်ဆန်ဟာ သူ့ရဲ့နာမည်ကျော် မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုအချို့ကို နိုင်ငံရပ်ခြားကို ပြောင်းရွှေ့ဖို့ စီစဉ်နေပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ချမှတ်လိုက်လို့ ကုန်ကျစရိတ်မြင့်မားသွားတဲ့စတီးတွေရဲ့ ရိုက်ခတ်မှုကြောင့် ၁၁၇ နှစ်သက်တမ်းရှိ ကုမ္ပဏီက ကြေညာချက်ကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ထရမ့်က ဟာလေဒေးဗစ်ဆန်ရဲ့အစီအစဉ်အပေါ် စိတ်ပျက်မိကြောင်း တနလ်ာနေ့က ဖော်ပြခဲ့ပါတယ်။

'ကုမ္ပဏီအားလုံးထဲမှာ ဟာလေဒေးဗစ်ဆန်က ပထမဆုံး အလံဖြူပြတဲ့သူဖြစ်နေတာ အံ့ဩမိတယ်'လို့ ထရမ့်က တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

'ကျွန်တော်က သူတို့အတွက် ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ပြီး နောက်ဆုံးတော့သူတို့ကဥရောပကို ရောင်းချဖို့အတွက် သွင်းကုန် ခွန် ကို မပေးဘူး၊ ဒီကိစ္စက ကုန်သွယ်ရေးမှာ ဆိုးရွားစွာ ကျွန်တော်တို့ကို ထိခိုက်စေတယ်၊ ဒေါ်လာ ၁၅၁ ဘီလျံတောင် ရှိတယ်'



ဥရောပသမဂ္ဂက သောကြာနေ့က အမေရိကန်မော်တော်ဆိုင်ကယ်တွေကို အခွန် ခြောက်ရာခိုင်နှုန်းကနေ ၃၁ ရာခိုင်နှုန်းအထိ သတ်မှတ်ခဲ့ပြီး နောက်မှာ ဟာလေဒေးဗစ်ဆန်က သူ့မှာ ရွေးချယ်စရာမရှိတော့ဘူးလို့ ပြောခဲ့ပါတယ်။ **မေသက်**

[ref: AFP, Jun 26, 2018.]

# ဟာလေဒေးဗစ်ဆန် ဥရောပမှာ ပြောင်းရွှေ့ထုတ်လုပ်ဖို့ စီစဉ်နေလို့ ထရမ့်ခြိမ်းခြောက်

ဇွန် ၂၇- အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကန် ကုန်ထုတ်လုပ်ရေးရဲ့ စံနမူနာပြစရာလို့ အရင်က သူချီးကျူးဖူးတဲ့ ဟာလေဒေးဗစ်ဆန်ဟာ ဥရောပမှာ စက်ရုံပြောင်းဖွင့်မယ်ဆိုရင် အခွန်အများကြီး ဆောင်ရနိုင်ပြီး လူထုရဲ့ ဝေဖန်မှုကို အကြီးအကျယ် ခံရလိမ့်မယ်လို့ အင်္ဂါနေ့က ခြိမ်းခြောက်ခဲ့ပါတယ်။

'ဟာလေဒေးဗစ်ဆန်ကို တခြားနိုင်ငံတစ်ခုမှာ လုံးဝမတည်ဆောက်သင့်ဘူး။ သူတို့ရဲ့ ဝန်ထမ်းတွေနဲ့ ဖောက်သည်တွေက သူတို့ကို အလွန်ဒေါသထွက်နေကြပြီ'လို့ ထရမ့်က သက်သေအထောက်အထား တစ်စုံတစ်ရာမပြဘဲ တွစ်တာမှာ ရေးပါတယ်။ 'သူတို့ရွှေ့မယ်ဆိုရင် စောင့်ကြည့်နေပါ၊ အဲဒါကျဆုံးခြင်းရဲ့ အစဖြစ်လိမ့်မယ်၊ သူတို့လက်မြှောက်ရမယ်၊ အရှုံးပေးရလိမ့်မယ်၊ အရှိန်အဝါပျောက်ဆုံးသွားပြီး အရင်က မကြုံဖူးလောက်တဲ့ အခွန်တွေ ဆောင်ရလိမ့်မယ်'လို့ ထရမ့်က ဆိုပါတယ်။



ထရမ့်က ဘယ်လို အခွန်တွေကို ရည်ညွှန်းတယ်ဆိုတာ သေချာစွာမသိရသလို ဘာကြောင့် သည်ကုမ္ပဏီက အခွန်ပေးရမယ်ဆိုတာလည်း သေချာစွာ မသိရပါဘူး။ အကြောင်းရင်းက ကုမ္ပဏီဟာ အမေရိကန် စားသုံးသူတွေအတွက် အမေရိကန်မှာ ထုတ်လုပ်ရေးဆက်လုပ်မှာမို့လို့ ဖြစ်ပါတယ်။ အိမ်ဖြူတော်က ထရမ့်ရဲ့ တွိနဲ့ ပတ်သက်ပြီး မေးမြန်းမှုကို မဖြေကြားခဲ့ပါဘူး။

ဟာလေဒေးဗစ်ဆန်ရဲ့ ရှယ်ယာဟာ တနလ်ာနေ့က ခြောက်ရာခိုင်နှုန်းနီးပါး ကျဆင်းသွားပြီး နောက် ဒေါ်လာ ၄၁.၃၂၊ ၀.၆ ရာခိုင်နှုန်းနဲ့ ပိတ်သိမ်းပါတယ်။ **စုပြည့်စုံ**

[ref: Reuters, Jun 26, 2018.]

www.free4reader.com



# သားရေ ထွက်လာပါတော့၊ အမေ ဒီမှာ စောင့်နေတယ်

## ပျောက်ဆုံးနေတဲ့ ထိုင်းကျောင်းသားတွေကို ဘက်ပေါင်းစုံက ဘယ်လိုရှာဖွေနေကြသလဲ



ကျယ်ပြန့်တဲ့ကျောက်ဂူဟာ ကီလိုမီတာအများအပြား ရှည်လျားပြီး အခန်းကျယ်ကျယ်တွေနဲ့ လူသွားနိုင်တဲ့လမ်းကျဉ်းကျဉ်းတွေ ပြည့်နှက်နေပါတယ်။

ဇွန် ၂၆ – ကျယ်ပြန့်တဲ့ လိုဏ်ဂူထဲမှာ သုံးညတိုင်တိုင် ပိတ်မိနေတဲ့ ဆယ်ကျော်သက်အရွယ် ဘောလုံးသမား ၁၂ ဦးနဲ့ နည်းပြတစ်ဦးတို့ကို ရှာဖွေဖို့အတွက် ထိုင်းတာဝန်ရှိသူတွေဟာ အဝေးထိန်း ရေအောက်ရှာဖွေရေးယာဉ်တစ်ခုနဲ့ အပူချိန်အချက်ပြစက်တွေတပ်ဆင်ထားတဲ့ လေပေါ်ဝဲဒရုန်းနှစ်ခုကို အသုံးပြုပြီးရှာဖွေနေကြဆဲ ဖြစ်ပါတယ်။

ရေအောက်ရှာဖွေရေးယာဉ်ဟာ ရေငုပ်သမားတွေ အထဲမဝင်ခင် လိုဏ်ဂူရဲ့အခြေအနေနဲ့ အနက်တို့နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပေးနိုင်လိမ့်မယ်လို့ ထိုင်းလေတပ် သဘာဝဘေးကာကွယ်ရေးဌာနနဲ့ ရေပြင်နဲ့ပင်လယ်ပြင် အင်ဂျင်နီယာဌာန ပူးတွဲအဖွဲ့ခေါင်းဆောင် ဆာဝမ်တစ်ဆရီကစ်ဆူဝမ်က ပြောပါတယ်။

သည်ယာဉ်ကို အရင်တုန်းက ပင်လယ်ပြင် သဘာဝရင်းမြစ်တွေကို စစ်တမ်းကောက်ယူဖို့သာ သုံးခဲ့ဖူးပြီး ကယ်ဆယ်ရေးလုပ်ငန်းမှာ တစ်ခါမှ မသုံးဖူးကြောင်း ပင်လယ်ပြင် အင်ဂျင်နီယာလုပ်ငန်း ကျွမ်းကျင်သူက ဆိုပါတယ်။

အပူချိန် အချက်ပြစက်တွေ တပ်ဆင်ထားတဲ့ လေပေါ်ဝဲ ဒရုန်းတွေကတော့ ဂူအပြင်က ဧရိယာတွေကို စောင့်ကြည့်ပြီး ကယ်ဆယ်ရေးလုပ်ငန်းကို ကူညီမှာ ဖြစ်ပါတယ်။

ကယ်ဆယ်ရေးအဖွဲ့ဟာပျောက်ဆုံးသူ ၁၃ ဦးကို ရှာဖွေဖို့အတွက် အချိန်လုပြီး အလုပ်လုပ်နေကြတယ်လို့ မယ်ဆိုင်ခရိုင်ဥက္ကဋ္ဌ ဆမ်ဆွတ် ခါနာခမ်းက ပြောပါတယ်။ ရေတပ် အထူးတပ်ဖွဲ့က အဓိကကယ်ဆယ်သူတွေဖြစ်ပြီး နယ်စပ်ကင်း ရဲတပ်ဖွဲ့နဲ့ အမျိုးသား ဥယျာဉ် စစ်တမ်းကောက်ယူရေး အဖွဲ့ရဲ့ တခြားအဖွဲ့ငယ်က ဂူထဲကို တခြားလမ်းက ဝင်ရောက်နိုင်မယ့် အပေါက်တွေကို ခြေကျင်ရှာဖွေနေကြတယ်လို့ သူက ဆိုပါတယ်။ လိုအပ်ရင် ဒေသခံ အာဏာပိုင်တွေက တောင်ကိုဖောက်ခွဲမှုလုပ်မယ်လို့ ဒုဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး ပရာဝစ်ဝေါင်ဆူဝမ်က ပြောပါတယ်။

သဘာဝဘေးကာကွယ်ရေးနဲ့ လျော့ပါးသက်သာရေးရုံး ဒါရိုက်တာ ပိုင်သွန် နက်သေးက ဆွီဒင်က ရေငုပ်သမားတွေဟာ ဒေသခံထိုင်းရေငုပ်သမားတွေနဲ့ အတူကယ် ဆယ်ရေးလုပ်ငန်းထဲ ပါဝင်ပြီး ပျောက်ဆုံးနေသူတွေကို ရှာဖွေနေတယ်လို့ ဆိုပါတယ်။

အင်္ဂါနေ့မနက်ပိုင်းက မိုးရွာပြီးနောက် ကျောက်ဂူထဲက ရေပမာဏဟာ ခုနစ်မီတာနီးပါးမြင့်တက်လာပါတယ်။ ရေမြုပ်နေတဲ့ ဂူထဲက ရေတွေကို စုပ်ထုတ်ဖို့အတွက် ရေစုပ်ပန့်တွေ ထပ်မံတပ်ဆင်မှာဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန အထွေထွေ အုပ်ချုပ်ရေးမှူး သွန်ပလူ ကွန်ချန်းက ပြောပါတယ်။

ဒေသတွင်း လျှပ်စစ်ပညာရှင်တွေဟာ အင်္ဂါနေ့က မနက် ၁း၀၀ နာရီအထိ အလုပ်လုပ်ပြီး ဂူထဲကို မီတာ ၉၀၀ အထိလျှပ်စစ်မီးသွယ်တန်းပေးဖို့ လုပ်ဆောင်ခဲ့ကြောင်း ချင်းမိုင်အခြေစိုက် ပြည်နယ်လျှပ်စစ်ဒေသဆိုင်ရာရုံး (၁) အုပ်ချုပ်ရေးမှူး သီရာပွန်ဘူရီရက်က ပြောပါတယ်။ သည်နေ့မှာတော့ လျှပ်စစ်မီးဟာ သုံးကီလိုမီတာအထိ ရောက်ရှိမှာဖြစ်ကြောင်း ထိုင်းမီဒီယာတွေမှာ ဖော်ပြပါတယ်။

ရေငုပ်သမားတွေဟာ တနင်္လာနေ့က ဂူမျက်နှာကြက်နီးပါးအထိ ရေမြုပ်ခဲ့တဲ့ ကျောက်ဂူအခန်းတစ်ခန်းကို အတွင်းထဲအထိ ရောက်အောင် ထပ်မံ ဝင်ရောက်မယ်လို့ ရေတပ် ဒုတိယဗိုလ်မှူးကြီး နက်ပွန်ဝက်ဟွမ်ဆိုင်က ပြောပါတယ်။

ကျယ်ပြန့်တဲ့ ကျောက်ဂူဟာ ကီလိုမီတာအများအပြား ရှည်လျားပြီး အခန်းကျယ်ကျယ်တွေနဲ့ လူသွားနိုင်တဲ့ လမ်းကျဉ်းကျဉ်းတွေ ပြည့်နှက်နေပါတယ်။ ဒါပေမဲ့ ကောင်လေးတွေဟာ ရေဘေးက လွတ်နိုင်တဲ့ ဘေးကင်းတဲ့ နေရာတစ်ခုခုကို ရှာတွေ့ထားမယ်လို့ တာဝန်ရှိသူတွေက မျှော်လင့်ကြောင်း ပြောပါတယ်။

> “ဒုတိယ ဗိုလ်မှူးကြီး နာပွန်ဝက်က ‘ကျောင်းသားတွေက အထဲကို ထပ်ဝင်သွားတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်’ လို့ ဆိုပါတယ်”

အသက် ၁၁ နှစ်မှ ၁၆ နှစ်ကြား ကောင်လေးတွေနဲ့ အသက် ၂၅ နှစ်အရွယ် နည်းပြဟာ စနေနေ့ညနေပိုင်းက ချင်းရိုင်ပြည်နယ် သမ်လျှန်နန်းနွန်ဂူထဲကို ဝင်ရောက်သွားတယ်လို့ ယုံကြည်ရပါတယ်။ မိခင်တစ်ယောက်က အဲသည်နေ့မှာ ဘောလုံးလေ့ကျင့်ခန်းဆင်းတဲ့ သူ့သား ပြန်ရောက်မလာကြောင်း တိုင်ကြားပြီးနောက် ရှာဖွေရေးလုပ်ငန်းကို စတင်ခဲ့ပါတယ်။

ညဘက်မှာ မိုးရွာသွန်းနေချိန် ဂူအပြင်ဘက်က မိဘတွေဟာ ရွက်ဖျင်တဲထဲမှာ စောင့်ဆိုင်းနေကြပါတယ်။ အနီးအနားမှာ ဆေးအဖွဲ့ကို ထားရှိပြီး အဝင်ဝမှာ ကလေးတွေ ချန်ထားခဲ့တဲ့ စက်ဘီးတွေ၊ ကျောပိုးအိတ်တွေနဲ့ ဘောလုံးကန်ဖိနပ်တွေကို ပုံစံမပျက် ထားရှိပါတယ်။

ဂူထဲက အခန်းတစ်ခုမှာ သူတို့ထားခဲ့တဲ့ တခြားဖိနပ်တွေနဲ့ အိတ်တွေကို တွေ့ရကြောင်း တနင်္လာနေ့ညပိုင်းက ဒုတိယဗိုလ်မှူးကြီး နာပွန်ဝက်က ပြောပြီး ‘ကျောင်းသားတွေက အထဲကို ထပ်ဝင်သွားတယ် လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်’ လို့ ဆိုပါတယ်။

အင်္ဂါနေ့မနက်ပိုင်းမှာ မိဘဆွေမျိုးတွေနဲ့ အခြားသူတွေဟာ ပျောက်ဆုံးနေသူတွေကို ကိုးကွယ်ရာ ပူဇော်ပသမှုတွေ လုပ်ခဲ့ကြပါတယ်။ သူတို့ဟာ ဖုံတွေ၊ မောင်းတွေကို တီးနေကြချိန် ဆွေမျိုးနှစ်ယောက်က ဂူထဲက ပျောက်ဆုံးဝိညာဉ်တွေကိုဖမ်းယူတဲ့ သင်္ကေတအဖြစ် ငါးဖမ်းပိုက်ကွန်ကို

စာမျက်နှာ ၃၉ သို့



# ပျောက်ဆုံးကလေးတွေကို လေးရက်မြောက်နေ့ အဖြစ် ထိုင်းကယ်ဆယ်ရေး အဖွဲ့တွေ ရေနုတ်ထဲ ကြိုးစားရှာဖွေနေ

ဇွန် ၂၇ – ထိုင်းစစ်သားတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ ရေတပ်အထူးတပ်ဖွဲ့က ရေငုပ်သမားတွေဟာ ကျောက်ဂူထဲမှာ ပိတ်မိနေတဲ့ လူငယ်ဘောလုံးသမားတစ်ဖွဲ့ကို ရှာဖွေဖို့ တစ်ညလုံး ကြိုးပမ်းအားထုတ်နေကြပြီး ရှာဖွေရေးဟာ ဗုဒ္ဓဟူးနေ့မှာ လေးရက်မြောက်ကို ရောက်ရှိလာခဲ့ပါတယ်။

ကယ်ဆယ်ရေးလုပ်သားတွေဟာ တစ်ညလုံး မိုးသည်းထန်စွာ ရွာသွန်းနေပြီး သမ်လျှန်ဂူထဲမှာ ရေတက်လာတာကို အလှည့်ကျ ရေစုပ်ထုတ်နေကြပါတယ်။

‘ပြီးခဲ့တဲ့ညက ကျောက်ဂူထဲက ရေတွေကိုအတတ်နိုင်ဆုံး စုပ်ထုတ်နိုင်အောင် ကျွန်တော်တို့ မရပ်မနားအလုပ်လုပ်ခဲ့ကြတယ်’ လို့ ချင်းရိုင်ပြည်နယ် အမှတ် ၃၇ စစ်ဌာနချုပ်အကြီးအကဲ ဗိုလ်မှူးဘွန်ချာဒူရီယာပန်က ရိုက်တာသတင်းဌာနကို ပြောပါတယ်။

အသက် ၁၁ နှစ်မှ ၁၆ နှစ်ကြား ကလေးတွေနဲ့ သူတို့ရဲ့ အသက် ၂၅ နှစ်အရွယ် နည်းပြဟာ ဘောလုံးလေ့ကျင့်ခန်းဆင်းပြီးနောက် စနေနေ့က ပျောက်ဆုံးခဲ့ပါတယ်။ သူတို့အပြန်အလှန်ပေးပို့ခဲ့တဲ့ မက်ဆေ့ချ်တွေအရ သူတို့ဟာ ကျောက်ဂူထဲကို လေ့လာရေးသွား

www.free4reader.com





ကယ်ဆယ်ရေးအဖွဲ့ဟာ ပျောက်ဆုံးသူ ၁၃ ဦးကို ရှာဖွေဖို့အတွက် အချိန်နဲ့လုပြီး အလုပ်လုပ်နေကြတယ်။

စာ ၃၈ မှ အဆက်

ကိုင် ဆောင် ထားကြပါတယ်။ ပွဲစီစဉ်သူ ဂျီရာတက်ကိုဒီးက ဒါဟာ ကလေးတွေရဲ့ မိသားစုတွေကို အထောက် အပံ့ဖြစ်စေဖို့ ရိုးရာနည်းလမ်းတစ်ခုဖြစ်ကြောင်း ပြောပါတယ်။

အရင်နေ့က ပူဇော်ပွဲမှာ ဆွေမျိုးတချို့ဟာ ဂူထဲကိုဝင်လာပြီး သူတို့ရဲ့ အော်ခေါ်သံတွေက နံရံမှာပဲ့တင်ထပ်နေပါတယ်။

'သားရေ...ထွက်လာပါတော့၊ အမေ ဒီမှာ စောင့်နေတယ်'လို့ အမေတစ်ဦးက အော်ခေါ်ခဲ့ပါတယ်။ နောက်တစ်ဦးက စက်ဘီးတွေနားမှာ ဒူးထောက်ထိုင်ချပြီး 'ကျွန်မ ကလေး ဘယ်မှာလဲ'လို့ မေးမြန်းနေပါတယ်။

ပျောက်ဆုံးတဲ့အထဲမှာ ပါဝင်တဲ့ အသက် ၁၃ နှစ်အရွယ် မွန်ကိုးရဲ့ အမေ နန်ဟုံဘွန်ပီယန်က သူဟာ စနေညကတည်းက ဂူပေါက်မှာ စောင့်ဆိုင်းနေကြောင်း ပြောပါတယ်။

'ကျွန်မ လုံးဝ မအိပ်ဘူး၊ သူတို့အားလုံး ဘေးမသီရန်မခ ပြန်ထွက်လာနိုင်မယ်လို့ မျှော်လင့်နေတယ်'လို့ သူက ပြောပါတယ်။

'ကျွန်မသားက သန်မာတဲ့ ကလေးပါ၊ ကျွန်မ မျှော်လင့်နေတုန်းပါပဲ'

အရင်တုန်းက ရေကြီးလို့ တိုးရစ်တွေ ကျောက်ဂူထဲမှာ ပိတ်မိနေရင် ရေကျတဲ့အခါ ကယ်ဆယ်နိုင်ခဲ့ကြောင်း အာဏာပိုင်တွေက ဆိုပါတယ်။

ရေကြီးပေမဲ့ ကျောက်ဂူထဲမှာ ဘေးကင်းဆဲနေရာတွေ ရှိမယ်လို့ တာဝန်ရှိသူတွေက မျှော်လင့်နေကြောင်း ချင်းရိုင် လက်ထောက်အုပ်ချုပ်ရေးမှူး ပက်ဆာကွန်းဘန်ယာလက်က သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောခဲ့ပါတယ်။

**စုပြည့်စုံ**

[erf: Bangkokpost,Jun.26, 2018.]

> "
> **ကျွန်မ လုံးဝ မအိပ်ဘူး၊ သူတို့အားလုံး ဘေးမသီရန်မခ ပြန်ထွက်လာနိုင်မယ်လို့ မျှော်လင့်နေတယ်**
> "



သူတို့က ရောဘတ်ချာလီဟာပါ၊ ဗွန်ဗိုလမ်သန်၊ ရစ်ချတ်ဗီလျံစတန်တန်တို့ ဖြစ်တယ်လို့ သိရပါတယ်။

# ပျောက်ဆုံးထိုင်းကလေးတွေ ကယ်ဆယ်ရေးမှာ ကူညီဖို့ ဗြိတိန်ကျွမ်းကျင်သူတွေ ရောက်လာ

ဇွန် ၂၇-ချင်းရိုင်ပြည်နယ်က ရေတစ်စိတ်တစ်ပိုင်းမြုပ်နေတဲ့ ဂူထဲမှာ ပိတ်မိနေတယ်လို့ ယုံကြည်ရတဲ့ ဆယ်ကျော်သက်ဘောလုံးသမား ၁၂ ဦးနဲ့ လက်ထောက်နည်းပြကို ကယ်ဆယ်ရေးမှာ ကူညီဖို့အတွက် ပြည်ပကျွမ်းကျင်သူသုံးဦးဟာ ဗြိတိန်ကနေ ရောက်ရှိလာပါတယ်။

'သူတို့ချင်းရိုင်ကို ဗုဒ္ဓဟူးနေ့ည ၆း၀၀ နာရီမှာ ရောက်လောက်ပါတယ်'လို့ ချင်းရိုင်အုပ်ချုပ်ရေးမှူး နာရွန်ဆက် အိုဆာတာနာကွန်က ပြောပါတယ်။ ထိုင်းအဲဝေးအင်တာနေရှင်နယ်က ရေအောက်ကယ်ဆယ်မယ့် သူအားလုံး အတွက် အခမဲ့လေယာဉ်လက်မှတ်တွေ ပေးထားပြီးသူတို့ဟာအင်္ဂါနေ့ညက လန်ဒန်ကနေ ထွက်ခွာလာကြပါတယ်။ သူတို့က ရောဘတ်ချာလီဟာပါ၊ ဗွန်ဗိုလမ်သန်၊ ရစ်ချတ်ဗီလျံစတန်တန်တို့ ဖြစ်တယ်လို့သိရပါတယ်။

သူတို့ဟာ ကျောက်ဂူထဲမှာ ရေငုပ်ကျွမ်းကျင်တဲ့အပြင် ကလေးတွေ ပျောက်ဆုံးနေတဲ့သမ်လျန်ဂူကိုလည်း အရင်က လေ့လာဖူးပါတယ်။ 'ကျွန်တော်တို့ကသူတို့နဲ့ အွန်လိုင်းမှာအတိုင်းအတာတစ်ခုအထိ ဆွေးနွေးပြီးပါပြီ'လို့ နာရွန်ဆက်က ပြောပါတယ်။

လက်ရှိမှာ ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၂ ဦးဟာပျောက်ဆုံးနေသူတွေကို ကယ်ဆယ်ဖို့အတွက် နည်းအမျိုးမျိုးသုံးနေကြပါတယ်။

ကျောက်ဂူရဲ့ထိပ်ကနေ ဝင်လို့ရမယ့် အပေါက်တစ်ခုကို ရှာဖွေနေပြီး ပင်မဝင်ပေါက်ကနေ ကယ်ဆယ်ရေးတွေ ဝင်လို့မရတဲ့ နေရာတွေကို ဝင်ရောက်ဖို့ဖြစ်ပါတယ်။

**စုပြည့်စုံ**

[ref: Nation, Jun 27,2018.]



ဖို့ကြိုတင်စီစဉ်ခဲ့ပြီး ခေါက်မီးနဲ့ အစားအစာတွေ ယူသွားခဲ့ကြတယ်လို့ သိရပါတယ်။

ထိုင်းဘုရင့် တပ်မတော်က တပ်ကြပ်ကြီး ခရစ်ဆာဒါဝါနာပွန်က ဂူထဲမှာ ရေအရမ်းများနေတာဟာ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်ပြီး အောက်ဆီဂျင်ပမာဏ နည်းနေတယ်လို့ ဆိုပါတယ်။

'ရေက အကြီးဆုံးစိန်ခေါ်မှုပဲ၊ ရေစုပ်ထုတ်တဲ့ အချိန်နှုန်းတွေ၊ သဲတွေ အများကြီးပါလာတယ်' လို့ ခရစ်ဆာဒါက ရိုက်တာ သတင်းဌာနကို ပြောပါတယ်။

'ကျွန်တော်တို့ အဖွဲ့တွေလဲ လဲနေရတယ်၊ အထဲမှာ လေမလုံလောက်ဘူး'လို့ သူက ဂူထဲကို မဝင်ခင် ပြောပါတယ်။

စနေနေ့က ဘောလုံးလေ့ကျင့်ရေးဆင်းရာကို မလာခဲ့တဲ့ အဖွဲ့ရဲ့နည်းပြချုပ် နော့ပါရက်ကန်တာဝမ်က ကလေးတွေ အသက်ရှင်ဆဲရှိမယ်လို့ သူယုံကြည်ကြောင်းနဲ့ ဂရု(ပ်)ချက်ထဲမှာ တွေ့ရတဲ့ စကားတွေအရ ကောင်လေးတွေဟာ ဂူထဲကိုလက်နှိပ်ဓာတ်မီးနဲ့ အစားအစာတချို့ယူသွားတယ်လို့ တွေ့ရကြောင်း ပြောပါတယ်။

ဒုဝန်ကြီးချုပ် ပရာဝစ်ဝေါင်ဆူဝမ်က နိုင်ငံ့စစ်ဦးစီးချုပ်ဟာ အဆိုပါနေရာကို သွားရောက်မှာဖြစ်တယ်လို့ သတင်းထောက်တွေကို ဗုဒ္ဓဟူးနေ့က ပြောပါတယ်။

'စစ်တပ်ဦးစီးချုပ်ကို ချင်းရိုင်ကိုသွားဖို့ ကျွန်တော်တိုက်တွန်းထားတယ်'လို့ ဒုဝန်ကြီးချုပ်က သတင်းထောက်တွေကို ပြောပါတယ်။

**စုပြည့်စုံ**

[ref: Reuters, Jun 27,2018.]

www.free4reader.com









